# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိ(ဓမ္မပဒ-၁၂၂)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 18 April 2022 ၁၀၇၀၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကား

(မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့)

(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ဖြတ်သန်းခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပြန်ကြည့်မယ်ဆိုရင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလာခဲ့တဲ့ စိန်ခေါ်မှုအခက်အခဲတွေ၊ ပါတီစုံဒီမိုကရေစီ လျှောက်လှမ်းမှုမှာ ရိုးသားတဲ့ ဒီမိုကရေစီအစား ရည်ရွယ်ချက်ရှိရှိ ဖောက်ဖျက်ကျူးလွန်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေး အကျပ်အတည်းများကို ကျော်ဖြတ်ခဲ့ရပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို မိဘပြည်သူတွေနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ ကျော်လွှားနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ကြောင်း မနှစ်က နှစ်သစ်ကူးဆုတောင်းစကားမှာ ထည့်ပြောခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်ဟာ ကျွန်တော်တို့ နိုင်ငံအတွက် ကိုဗစ်-၁၉ ကပ်ရောဂါ


စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက် မင်္ဂလာစကားပြောကြားစဉ်။

> **"ယခုလို ၁၃၈၄ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦး အချိန်ကာလသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေက အားနည်းချက်တွေကို ပြုပြင်၊ အားသာချက် တွေကို ဆင်ခြင်သုံးသပ် မြှင့်တင်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"**

**ယနေ့** *ဖတ်စရာ*

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**


စာမျက်နှာ » ၆၊ ၇

**မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ် တစ်မျိုး အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်**


စာမျက်နှာ » ၁၄


**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၇ ရာခိုင်နှုန်းရှိ**


စာမျက်နှာ » ၂၆

ကြေးမုံ

# ရောဂါကူးစက်မှုကင်းဝေးရေး စည်းကမ်းဥပဒေများလိုက်နာ

ကျန်းမာရေးဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (ကိုဗစ်-၁၉) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန်အတွက် မတ်လ ၁၅ ရက်နေ့က ထုတ်ပြန်ချက်အရ ခြွင်းချက်ပြုဖော်ပြထားသော ကိစ္စရပ်များမှအပ မတ်လ ၁၆ ရက်နေ့မှစ၍ လူဦးရေ ၄၀၀ အထိ စုဝေးခွင့်ပြုကြောင်း ထုတ်ပြန်ခဲ့သည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများအပေါ် သုံးသပ်ချက်များအရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု၊ ပိုးတွေ့နှုန်းနှင့် သေဆုံးမှုနှုန်းတို့ သိသာစွာကျဆင်းလာသဖြင့် အဆိုပါလူစုဝေးခြင်းနှင့်ပတ်သက်၍ ကန့်သတ်ချက်အား ဧပြီလ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်)နေ့မှစတင်၍ ပယ်ဖျက်လိုက်ကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း နေ့စဉ်သိသာစွာ လျော့နည်းကျဆင်းလာသဖြင့် ကန့်သတ်ချက်များအား ဖြေလျှော့ပေးမှုသည် ပြည်သူများအတွက် ဝမ်းမြောက်စရာဖြစ်သည်။

အထူးသဖြင့် အများပြည်သူနှင့်သက်ဆိုင်သော ပွဲလမ်းသဘင်၊ အခမ်းအနား၊ စုဝေးခြင်းများနှင့် အလှူမင်္ဂလာပွဲများ ကျင်းပနိုင်ရန်အတွက် အခွင့်အလမ်းကောင်းများ ရရှိလာခြင်းဖြစ်သည်။ ဤကဲ့သို့ ပုံမှန်အခြေအနေနီးပါး အခြေအနေကောင်းများ ရရှိလာခြင်းသည် ကိုဗစ်-၁၉ ရောဂါ အရှင်းပျောက်ကင်းသွားသောကြောင့်မဟုတ်ဘဲ ရောဂါဖြစ်ပွားမှုနှုန်း သိသာစွာလျော့နည်းကျဆင်းလာသဖြင့် ပြည်သူများ၏ လိုအင်ဆန္ဒနှင့်အခွင့်အရေးများ အပြည့်အဝရရှိစေရန် ခွင့်ပြုပေးခြင်းဖြစ်သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ လုံးဝပျောက်ကွယ်သွားသည်မဟုတ်သေး၍ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်နှင့်စည်းကမ်းများကို ဆက်လက်လိုက်နာရမည်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇမျိုးကွဲသစ်များ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့်မူ အခြားနိုင်ငံများနှင့်မတူဘဲ ရောဂါဖြစ်ပွားနှုန်း သိသာစွာကျဆင်းနေသည်။ အမေရိကန်နိုင်ငံတွင် မကြာသေးမီက အိုမီခရွန်ဗီဇပြောင်းမျိုးသစ် ကလေးငယ်များကြား ကူးစက်ဖြစ်ပွားလာရာ ကလေးငယ် ၁၃ သန်းခန့်အထိ ကူးစက်ခံရသည်။ စင်ကာပူနိုင်ငံတွင် ရောဂါကူးစက်ခံရသူ နေ့စဉ် တစ်ထောင်ကျော်ရှိနေပြီး သေဆုံးသူများလည်းရှိနေသည်။ အိန္ဒိယနိုင်ငံတွင်လည်း နေ့စဉ်ကူးစက်မှုနှုန်း တစ်ထောင်နီးပါးရှိပြီး တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် တစ်ရက်တာအတွင်း ရောဂါကူးစက်ခံရသူ လေးထောင်နီးပါးရှိပြီး သေဆုံးသူမရှိပေ။ တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့်တစ်ရက်အတွင်း ရောဂါကူးစက်ခံရသူ တစ်သိန်းကျော်ရှိသည်။ ဗီယက်နမ်နိုင်ငံတွင်လည်း တစ်ရက်အတွင်း လူနှစ်သောင်းနီးပါး ကူးစက်ခံနေရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု သိသာစွာလျော့ကျလာခြင်းကြောင့် ပြည်သူများ၏ နေထိုင်လုပ်ကိုင်ဆောင်ရွက်မှုများအား ပုံမှန်နီးပါးဖြေလျှော့ပေးလိုက်သော်လည်း ကမ္ဘာပေါ်ရှိနိုင်ငံများနှင့် အိမ်နီးချင်းနှင့်ဝန်းကျင်နိုင်ငံများ၌ ရောဂါကူးစက်ဖြစ်ပွားနှုန်း မြင့်မားနေဆဲဖြစ်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများကို ဆက်လက်လိုက်နာရန် လိုအပ်ပြီး လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်လိုအပ်သလို မိမိတို့လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက်လည်း လူတစ်ဦးချင်းအလိုက် ကျန်းမာရေးဆိုင်ရာ၊ ရောဂါကာကွယ်ရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကင်းဝေးရေးအတွက် ကာကွယ်ဆေးထိုးနှံထားခြင်းသည် အကောင်းဆုံးဖြစ်၍ သတ်မှတ်အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံခြင်းကို မပျက်မကွက်ခံယူရန်လိုအပ်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့်ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သော ပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစေဘဲ အသက် (၁၈) နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် (၁၂) နှစ်မှ အသက် (၁၈) နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများ စသည့် ဦးတည်အုပ်စုများအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ၍ ကာကွယ်ဆေးမထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများတွင် ဆေးထိုးနှံမှုပြုလုပ်ကြရန် တိုက်တွန်းပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ဆယ်ဂဏန်းမျှသာ ရှိလာပြီဖြစ်၍ ရောဂါဖြစ်ပွားနှုန်း သိသာစွာကျဆင်းလာသောကြောင့် အများပြည်သူတို့အပေါ် ကျန်းမာရေးဆိုင်ရာကန့်သတ်မှုများ ဖြေလျှော့ပေးခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါ အရှင်းမပျောက်သေးသည်ကို သတိချပ်၍ ကျန်းမာရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်များအား ဆက်လက်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အကျဉ်းသား၊ အကျဉ်းသူ ၁၅၇၇ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၃၀ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်/စခန်းအသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား/သူ ၁၅၇၇ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **“ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့် ပြုလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၄၂ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် ၃၁ / ၂၀၂၂**

၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
( ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက် )

**ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်/အချုပ်ထောင်အသီးသီးတွင် အကျဉ်းကျခံနေကြရသော နိုင်ငံခြားသား အကျဉ်းသား/သူ ၄၂ ဦးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ **“ နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည် ”** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှတင်သွင်းပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း သုည ဒသမ ၅၇ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

**ဝင်ရောက်ကြည့်ရှုနိုင်**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့်အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်အိအိမွန် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာပြင်** | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဖန်းမော်ဆရာတော်ကြီး၏ ၁၃၈၃-၈၄ နှစ်သစ်ကူး မင်္ဂလာစာတမ်း



နှစ်သစ်ကူးမင်္ဂလာအပြောင်းအကူးကာလ၌ မကောင်းမှုအကုသိုလ်ကံများကြားဝင်၍ ဒုက္ခဝေဒနာအကူးအပြောင်းဖြစ်တတ်သည်။ ထိုအခါမျိုး၌ ဘုရားဂုဏ်တော် ပုတီးစိပ်ခြင်း၊ ဘုရားဂုဏ်တော်များကို ဗုဒ္ဓါနုဿတိဂုဏ်တော်ပွား၍ မေတ္တာပို့ အမျှဝေ ကုသိုလ်များပြုလုပ်၍ သတ္တဝါအားလုံးတို့အား ကုသိုလ်အဖို့ကို အမျှဝေပြီး မေတ္တာပွားကြပါစေကုန်သတည်း။

ဘုရားဂုဏ်တော်တို့ကို ပုတီးစိပ်လျှင် ဘုရားဂုဏ်တော်၏ တန်ခိုးကြောင့် ကိုဗစ်-၁၉ စသည့် ရောဂါဝေဒနာများ မကပ်ရောက်ဘဲ ပျောက်ကင်းသွားကြပါလိမ့်မည်။ ရောဂါဝေဒနာများကင်းရှင်း၍ ကျန်းမာချမ်းသာဝမ်းသာကြပါစေကုန်သတည်း။

**ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ**
**အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ**
**ဖန်းမော်ကျောင်းတိုက်ဆရာတော်၊ မန္တလေးမြို့**



# “အကျိုးရှိအောင် ဆောင်ရွက်ပါ”

၁၃၈၃ ခုနှစ်ဟုဆိုအပ်သော နှစ်ဟောင်းကုန်ပျောက်၍ ၁၃၈၄ ခုနှစ်ဟုဆိုအပ်သော နှစ်သစ်မင်္ဂလာသို့ ရောက်ရှိသည့် အချိန်အခါမှစ၍ မြန်မာနိုင်ငံတော်သူ / နိုင်ငံတော်သားအားလုံး မင်္ဂလာရှိစွာဖြင့် မိမိတို့ နေ့စဉ်ပြုလုပ်နေကြသည့် ကိုယ်ဖြင့်ပြုအပ်သော ကာယကံမှု-ကာယကံအလုပ်၊ နှုတ်ဖြင့်ပြောဆိုအပ်သော ဝစီကံမှု-ဝစီကံအလုပ်၊ စိတ်ဖြင့်ကြံစည်အပ်သော မနောကံမှု-မနောကံအလုပ်တို့ကို ပြုလုပ်ကြရာ၌ မိမိ+သူတစ်ပါးအကျိုးရှိအောင် ပြုလုပ် ဆောင်ရွက်နိုင်ရန် လိုအပ်သဖြင့် ဘုရားရှင်က သားတော်ရာဟုလာအား “မှန်ကိုကြည့်ရှုရန် အသုံးပြုသကဲ့သို့ ကြည့်ရှုဆင်ခြင်၍ ကာယကံအမှု-ကာယကံအလုပ်ကို၊ ဝစီကံအမှု-ဝစီကံအလုပ်ကို၊ မနောကံအမှု-မနောကံအလုပ်ကို ပြုလုပ်ရမည်”ဟု မိန့်ကြားတော်မူအပ်သော ဩဝါဒဒေသနာတော်ကို ရှိသေလေးစား မှတ်သားလိုက်နာကြသောအားဖြင့် နှစ်သစ်မင်္ဂလာအချိန်အခါမှစ၍ မိမိတို့ နေ့စဉ်ပြုလုပ်ဆောင်ရွက်နေကြရသည့် ကာယကံအလုပ်၊ ဝစီကံအလုပ်၊ မနောကံအလုပ်တို့ကို အပြစ်ဒေါသကင်း၍ မိမိအကျိုး၊ သူတစ်ပါးအကျိုး၊ နိုင်ငံအကျိုး၊ သာသနာတော်အကျိုး စသောကောင်းသော အကျိုးကျေးဇူးတရားများဖြစ်ကြစေရန် သတိသမ္ပဇဉ် ဉာဏ်အမြင်ဖြင့် ဆင်ခြင်ပြီး ပြုလုပ်နိုင်ကြလျက် ဘေးကင်းရန်ကွာ ကျန်းမာချမ်းသာစွာဖြင့် လိုရာဆန္ဒအဝဝတို့ ပြည့်ကြပါစေကြောင်း နှစ်သစ်မင်္ဂလာ ဆုတောင်းပတ္ထနာပြုအပ်ပါသတည်း။

**ဘဒ္ဒန္တစန္ဒိမာဘိဝံသ**
**အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**
**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**
**အကျိုးတော်ဆောင်ဆရာတော်**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၏ နှစ်သစ်ကူး မင်္ဂလာစကား

အားလုံးပဲမင်္ဂလာပါ

မြန်မာ့နှစ်သစ်ကူးကာလ....သင်္ကြန်မင်္ဂလာပွဲမှာ မင်္ဂလာရှိပါစေ၊ မင်္ဂလာရှိကြပါစေ။ မင်္ဂလာဆိုတာ ကောင်းကျိုးချမ်းသာတွေ ရရှိတာ ပြည့်စုံတာကို မင်္ဂလာ၊ ဆိုးကျိုးဒုက္ခတွေ ကင်းဝေးတာကို မင်္ဂလာလို့ဆိုပါတယ်။ ကောင်းကျိုးချမ်းသာတွေ ပြည့်စုံရရှိဖို့က ကောင်းတာတွေ လုပ်မှ၊ ပြောမှ၊ ကြံမှ၊ ရရှိပါမယ်။ ဆိုးကျိုးဒုက္ခတွေ ကင်းဝေးဖို့က လည်း မကောင်းတာတွေ မလုပ်မိ၊ မပြောမိ ၊ မကြံမိဖို့က အရေးကြီးပါတယ်။ နှစ်သစ်ကူးပြီဆိုတာက အချိန်ကာလတွေ ကူးပြောင်းတာ၊ အချိန်ကာလ ကူးပြောင်းတာနဲ့ပတ်သက်ပြီးတော့ အချိန်ကာလဆိုတာ စားချင်တဲ့စိတ်နဲ့ စားနေတဲ့အခါ စားတဲ့အချိန်၊ သွားချင်တဲ့စိတ်နဲ့ သွားတဲ့အခါ သွားတဲ့အချိန်တို့ အချိန်ကာလဆိုတာ ကိုယ်ပြုနေတဲ့အလုပ်အမူအရာ ကိုယ့်ရဲ့စိတ်ဓာတ်တွေ အပေါ်မှာ မူတည်တာပါ။ အချိန်တိုင်း အချိန်တိုင်း မင်္ဂလာရှိဖို့ဆိုရင် ကိုယ့်စိတ်ဓာတ်ကို မင်္ဂလာရှိစေရမှာပါ။ ကိုယ့်စိတ်ဓာတ် မင်္ဂလာရှိဖို့ဆိုတာ အနည်းဆုံးအားဖြင့် မေတ္တာတရားရှိရပါမယ်။ အယ်.. အထွတ်အထိပ်နဲ့ပြောရင် အသိဉာဏ်ပညာတရားရှိရပါမယ်။ သတ္တဝါအားလုံးအပေါ် မေတ္တာထားနိုင်ဖို့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတွေပွားနိုင်ဖို့၊ ကြုံလာသမျှတွေအပေါ်မှာ အသိဉာဏ်ပညာနဲ့ ဆုံးဖြတ်နိုင်ဖို့ ဒီမေတ္တာ၊ ပညာတွေရှိနေတဲ့စိတ်ဓာတ် မင်္ဂလာရှိပါတယ်။ အဲဒီ...မေတ္တာ ၊ ပညာဦးဆောင်တဲ့စိတ်ဓာတ်ကောင်းတွေရှိတဲ့ပုဂ္ဂိုလ် မင်္ဂလာရှိပါတယ်။ အဲဒီပုဂ္ဂိုလ် ဆောင်ရွက်သမျှ အလုပ်တွေဟာလည်း မင်္ဂလာရှိပါတယ်။ ကောင်းကျိုးချမ်းသာတွေ ရပြီပေါ့။ ကောင်းတာလုပ်ရင် ကောင်းကျိုးချမ်းသာ မင်္ဂလာတွေရပါတယ်။ မကောင်းတာတွေ ရှောင်ရင် မကောင်းကျိုးဆင်းရဲဒုက္ခတွေက ဝေးပါတယ်။ လူတိုင်း လူတိုင်းဟာ ကိုယ်လုပ်တာကောင်းတယ်လို့ ဒီလိုပဲ မြင်ကြပါတယ်။ ထင်ကြပါတယ်၊ အဲဒီတော့ ကိုယ်လုပ်တာကောင်းလို့ ကိုယ်လုပ်ခဲ့တယ်၊ အကျိုးပေးကရော ကောင်းတာတွေ ရရဲ့လား။ ဆိုးကျိုးတွေ ရနေတယ်ဆိုရင်တော့ ပြန်လည်သုံးသပ် ဆန်းစစ်ဖို့လိုပါတယ်။ ပြောင်းလဲတယ် ပြောင်းလဲတယ် ဆိုတာက အမူအရာတွေ ပြောင်းလဲတာလည်း ပြောင်းလဲတာ၊ အချိန်ကာလတွေပြောင်းလဲတာလည်း ပြောင်းလဲတာ သင်္ကန္တပြောင်းလဲတယ်ဆိုတာ နိစ္စဓူဝ မိမိတို့ အသိဉာဏ်တရားတွေ မရှိရာကနေ ရှိဖို့၊ မေတ္တာတရားတွေ နည်းရာကနေ များလာဖို့ အဲဒီလိုပြောင်းလဲတာမျိုးလည်း သင်္ကန္တပါပဲ။ မြန်မာလိုခင်းတော့ သင်္ကြန်ပါပဲ။ ဒီလိုပြောင်းလဲမှု အကောင်းဘက်ကို ဦးတည်တဲ့ပြောင်းလဲမှုမျိုး ဖြစ်စေချင်ပါတယ်။ ကိုယ်ကိုယ်တိုင် ကောင်းတယ်ထင်ပြီးလုပ်ခဲ့၊ ပြောခဲ့၊ ကြံစည်ခဲ့တာတွေ မနက်၊ နေ့၊ ည ဖြစ်နိုင်ရင် ညစဉ်ညတိုင်း ပြန်ပြီးတော့ မှားလား။ မှန်လား။ ကောင်းလား။ ဆိုးလား ဆိုတာကို ပြန်ဆန်းစစ်စေချင်ပါတယ်။ ဒီလိုပြန်လည်သုံးသပ်ပြီးတော့ ပြန်လည်စိစစ်မှလည်းပဲ ကောင်း၏၊ ဆိုး၏ ခွဲခြားသိမှာပါ။ ကောင်း၏၊ ဆိုး၏ ခွဲခြားသိမှလည်းပဲ ဆိုးတာကိုရှောင် ကောင်းတာကိုဆောင် ပြုလုပ်မှ ကောင်းကျိုးချမ်းသာ မင်္ဂလာဆိုတာဖြစ်တာပါ။ သုံးသပ်ဆင်ခြင်တဲ့အခါမှာ မိမိတို့ ကိုယ်လုပ်နေတဲ့ အလုပ်ကို ကိုယ်ပြန်ကြည့်တဲ့အခါ ဘေးကနေထွက်ပြီး ကြည့်စေချင်ပါတယ်။ တခြားလူတစ်ယောက် တခြားလူဘက်က အမြင်မျိုးနဲ့ ပြန်လည်သုံးသပ်စေချင်ပါတယ်။ သူများတွေ လုပ်နေတာကို ကိုယ်က



ဘေးကနေ သုံးသပ်တော့ ကိုယ်မှန်တယ်ထင်တတ်တယ်။ ကိုယ်လုပ်နေတာကျတော့ ကိုယ်ကိုယ်တိုင် ပြန်ပြီး ဘေးကမသုံးသပ်ဖြစ်ကြဘူး။ ပြန်လည်သုံးသပ်ပေးပါ။ အဲဒီကျတော့ အမြင်နှစ်မျိုး ထွက်လာတယ်။ နောက်တစ်နေရာ တစ်ဦးနေရာက ဝင်ပြီးတော့ ပြန်လည်သုံးသပ်ရင် အမြင်သုံးမျိုးဖြစ်လာတယ်။ အဲဒီကျတော့မှ ကောင်းတယ်၊ မကောင်းဘူး ဆိုတာ ပိုပြီးတော့ ပိုင်းပိုင်းခြားခြား နားလည်လာတယ်။ လုပ်ရတဲ့ အလုပ်ကိုလည်း နည်းသုံးမျိုးမက ပိုပြီးတော့ သိမြင်လာတယ်။ အဲဒီလိုမျိုး ပြန်လည်သုံးသပ်လို့ရှိရင် မကောင်းတာကနေ ကောင်းတဲ့ လမ်းကြောင်းပေါ်ရောက်သွားတယ်။ ကောင်းနေရာကနေ ပိုကောင်းတဲ့လမ်းကြောင်းပေါ် ပိုရောက်သွားတယ်လို့။ အဲဒီ..သင်္ကန္တအပြောင်းအလဲမျိုးကျတော့ ပိုပြီးတော့ ကောင်းမြတ်တဲ့အပြောင်းအလဲမျိုးပါ။ နှစ်ဟောင်းကုန်ဆုံးပြီးတော့ နှစ်သစ်ကူးပြောင်းတယ်ဆိုတဲ့ အချိန်ကာလကြီးမှာ မင်္ဂလာရှိဖို့ရာအတွက် ကိုယ့်အမြင်နဲ့ နောက်တစ်ဦးအမြင်၊ နောက်တစ်ဦးအမြင်ဆိုသလို အသိဉာဏ်ပညာနဲ့ ပြန်မြင်ကြစေချင်ပါတယ်။ ကိုယ်ချင်းစာတတ်တဲ့ မေတ္တာတရားအခြေခံတဲ့ သူတော်ကောင်းစိတ်ဓာတ်တွေနဲ့မြင်ကြစေချင်ပါတယ်။ အဲဒီလိုမြင်ကြည့်မှလည်းပဲ ကိုယ်ဆက်လျှောက်ရမယ့်လမ်းကြောင်း ကိုယ်ကိုယ်တိုင်သိပါတယ်။ အဲဒီလိုသာ မိမိသူတစ်ပါးအားလုံး ပုဂ္ဂိုလ်တွေက ကောင်း၏၊ ဆိုး၏ ခွဲခြားသိနိုင်တဲ့ ပြန်လည်သုံးသပ်တဲ့ ဆင်ခြင်တဲ့ အသိဉာဏ်တွေနဲ့ ပြန်လည်သုံးသပ်ပြီးတော့ လမ်းမှား လမ်းမှန် ခွဲခြားသိပြီးတော့ လမ်းမှန်ကိုလျှောက်မယ်၊ ကောင်းတာတွေကိုပဲ လုပ်မယ်ဆိုရင် မင်္ဂလာပါလို့.. မင်္ဂလာရှိပါစေလို့ ပြောခဲ့တဲ့စကားတွေ အဓိပ္ပာယ်ရှိပြီးတော့ နှစ်သစ်ကူး မင်္ဂလာအခါသမယမှာ အလွန့်အလွန် မင်္ဂလာရှိအောင် ဆောင်ရွက်တဲ့နည်းလမ်းတွေ ရရှိပြီးတော့ တစ်နှစ်ပတ်လုံး၊ တစ်နှစ်ပတ်လုံး၊ တစ်သက်လုံး၊ တစ်သံသရာလုံးကို မင်္ဂလာရှိအောင် ကောင်းကျိုးချမ်းသာတွေ ရရှိပြီးတော့ ဆင်းရဲဒုက္ခတွေ ကင်းဝေးအောင် နေနိုင်ကြပါစေ။ မိမိလည်း နေနိုင်၊ အများလည်း နေနိုင်အောင် ဆောင်ရွက်နိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန်သတည်း....

သာဓု...သာဓု...သာဓု

☆ ရှေ့ဖုံးမှ

ဖြစ်ပွားမှု အဆိုးရွားဆုံးဖြစ်ပွားခဲ့ရပြီး အခက်အခဲပေါင်းများစွာ အတွင်းကနေ ကျော်လွှားနိုင်ခဲ့ပါပြီ။ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပွားမှုနှုန်းမြင့်မားနေဆဲဖြစ်ပြီး ကမ္ဘာမှာ လုံးဝကင်းစင်ပြီလို့ မပြောနိုင်သေးတဲ့အတွက် ကျွန်တော်တို့တစ်တွေ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများ အပြည့်အဝလိုက်နာမှု လိုအပ်ပါကြောင်း ပြောလိုပါတယ်။

ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရဲ့ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့ အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့သတ်မှတ်ပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားနေပါတယ်။

**“ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရဲ့ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့ အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့သတ်မှတ်ပြီး တစ်နိုင်ငံလုံး ငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားနေပါတယ်”**

ကျွန်တော့်ရဲ့ အမျိုးသားရေး ရည်မှန်းချက် ၂ ခု ရှိပါတယ်။

၁။ နိုင်ငံတော်ကြီး သာယာဝပြောရေး

၂။ တိုင်းပြည် စားရေရိက္ခာ ပေါများရေးတို့ ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်း လူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရပါမယ်။

မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များ အသုံးချပြီး တိုင်းသူ ပြည်သားအားလုံးအတွက် စားရေရိက္ခာ မပူမပင် မကြောင့်မကြ ပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲ ဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်သူလူထုရဲ့ စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော် ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝ ယုံကြည်ပါတယ်။

ယခုလို ၁၃၈၄ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေက အားနည်းချက်တွေကို ပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ဒီနှစ်သစ်မှာ ကျွန်တော်တို့နဲ့အတူ ပြည်ထောင်စုအကျိုးကို လက်တွဲ ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

အားလုံး ကျန်းမာရွှင်လန်းကြပါစေခင်ဗျာ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးသိန်းညွန့်၏ နှစ်သစ်ကူးဆုတောင်း



မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်ဟာ မြန်မာအချုပ်အခြာအာဏာနဲ့ နိုင်ငံအလုံးစုံ ပျက်သုဉ်းစေလိုတဲ့ ရန်သူပေါင်းစုံကို ရင်ဆိုင်ပြီး ကြီးမားတဲ့ အခက်အခဲနဲ့ အကျပ်အတည်းတွေကို ကျော်ဖြတ်ခဲ့ရတဲ့ နှစ်ဖြစ်ပါတယ်။

အမေရိကန်နဲ့ အနောက်အုပ်စုရဲ့ စွက်ဖက်မှု၊ ကျူးကျော်မှုနဲ့ ဖောက်ပြန်တဲ့ အယူအဆရိုက်သွင်းမှုကို နိုင်ငံတော်သစ္စာဖောက်အုပ်စုက အသုံးချခံခဲ့တယ်။ သူတို့ဟာ အကြမ်းဖက်သမားတွေ၊ ဓမ္မအန္တရာယ်တွေနဲ့ နိုင်ငံခြားသူလျှိုတွေအဖြစ် ရပ်တည်နေတယ်ဆိုတာ မျက်နှာဖုံးချွတ်ပြနေပါပြီ။

ဘာပဲဖြစ်ဖြစ် ဘယ်သူတွေဟာ နိုင်ငံတော်သစ္စာဖောက်တွေ၊ ဘယ်သူတွေဟာ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတာ ယနေ့တိုက်ပွဲက ပြတ်သားစွာ ခွဲခြားပေးလိုက်ပါပြီ။ ဒါကြောင့် သူတို့ရဲ့ ပြည်တွင်းသစ္စာဖောက်လုပ်ကြံမှုတွေနဲ့ ငွေကြေး၊ လက်နက် စတဲ့ အားပေးအထောက်အကူပြုမှုတွေကို ရိုက်ချိုးပစ်ရပါမယ်။

သူတို့ မုချရှုံးနိမ့်ပြီး မြန်မာတွေ မုချအောင်ပွဲခံမယ်၊ ဘာကြောင့်လဲဆိုရင် ယနေ့ အမျိုးသားအင်အားစုတွေဟာ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ရဲ့ ခေါင်းဆောင်မှုအောက်မှာ ခိုင်မာစွာရပ်တည်နေကြပါပြီ။ ယခုလာမယ့်နှစ်သစ်ကူး မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်ဟာ နိုင်ငံတော်သစ္စာဖောက်တွေကြောင့် ပေါ်ပေါက်လာခဲ့တဲ့ အညစ်အကြေးတွေကို စွန့်ပစ်နိုင်ကြပါမယ်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ မြန်မာ့တပ်မတော်နဲ့ မြန်မာ့အချုပ်အခြာအာဏာကို တန်ဖိုးထားတဲ့ မြန်မာတွေမှန်ကန်ကြောင်းကို သမိုင်းက သက်သေခံပါမယ်လို့ပြောကြားရင်း နှစ်သစ်အတွက် ကျွန်တော် ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးခင်မောင်ဆွေ၏ နှစ်သစ်ကူးဆုတောင်း

**မိဘပြည်သူအပေါင်းတို့ခင်ဗျား**

အခုအချိန်ဟာ မြန်မာတို့ရဲ့ နှစ်သစ်မင်္ဂလာအချိန်အခါ ဖြစ်ပါတယ်။ ဒီနှစ်သစ်မင်္ဂလာအချိန်အခါမှာ မြန်မာပြည်သူအပေါင်း ရွှင်လန်းချမ်းမြေ့ကြစေကြောင်း ဆုတောင်းမေတ္တာပို့သပါတယ်။

အခုအခါ ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ နိုင်ငံရေးဝိမုတ္တိခေတ်လို့ပြောရမယ့် နိုင်ငံရေးခေတ်ဆိုးကြီးကို ဖြတ်သန်းနေရဆဲပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနိုင်ငံရေးခေတ်ဆိုးကြီးကို အပြီးတိုင် ဖြတ်ကျော်နိုင်ဖို့ အချိန်တန်ပါပြီလို့ ကျွန်တော် ပြောကြားလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်ကြီး ပြိုကွဲမယ့်လုပ်ရပ်တွေ၊ နိုင်ငံတော်ကြီး မငြိမ်မသက်ဖြစ်အောင် ကြံဆောင်တဲ့ လုပ်ရပ်တွေ၊ နိုင်ငံ့အာဏာကို မတရားရယူဖို့ ပြုမူတဲ့လုပ်ရပ်တွေကို ဆန့်ကျင်ဖယ်ရှားရပါမယ်။ ဒါတွေကို ပြည်သူအားနဲ့ ကျော်လွှားမှသာ ရရှိနိုင်မယ်ဆိုတာ ဘယ်လိုမှ ငြင်းကွယ်လို့မရပါဘူး။

**မိဘပြည်သူများခင်ဗျား**

ဒါကြောင့် ပြည်သူအချင်းချင်းအကြားမှာ သော်လည်းကောင်း၊ တိုင်းရင်းသားတွေအကြားမှာသော်လည်းကောင်း အမျိုးသားညီညွတ်ရေးကိုထူထောင်ဖို့ အထူးပဲလိုအပ်နေတဲ့ အချိန်အခါကြီးဖြစ်တယ်လို့ ကျွန်တော်ပြောကြားချင်ပါတယ်။



မြန်မာနိုင်ငံတော်ကြီးပြိုကွဲအောင် သွေးကွဲအောင် သပ်လျှိုနေတဲ့ ပြည်ပ ပယောဂတွေကို ဖယ်ရှားနိုင်ဖို့၊ တိုင်းချစ်ပြည်ချစ် နိုင်ငံချစ်စိတ်တွေမွေးမြူကြဖို့ အလေးအနက် ကျွန်တော်တိုက်တွန်းပြောကြားချင်ပါတယ်။

**မိဘပြည်သူများခင်ဗျား**

ရှေ့အဖို့မှာ ဘာသာ၊ သာသနာကိုစော်ကားမယ့် အန္တရာယ်တွေ၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေကိုထိပါးမယ့် အန္တရာယ်တွေ၊ နိုင်ငံကို တစ်စစီကြေမွအောင် ဖျက်ဆီးမယ့် အန္တရာယ်တွေကိုတော့ အမြစ်ကမကျန် စုပေါင်းတွန်းလှန်ကြပါမှ မြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့နိုင်ပါလိမ့်မယ်။ ဒါကြောင့် ပြည်သူများရဲ့အားကို အများကြီးလိုတယ်လို့ ကျွန်တော်တို့ပြောလိုတာ ဖြစ်ပါတယ်။

တကယ်တော့ မြန်မာပြည်သူတွေဟာ အလွန်အင်မတန်မှ ငြိမ်းချမ်းစွာ နေလိုကြပါတယ်။ မှန်ကန်တဲ့ နိုင်ငံရေးထွက်ပေါက်ဖြစ်တဲ့ ရွေးကောက်ပွဲကို ဖြတ်သန်းပြီးတော့ ပြည်သူများလိုလားနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုသစ်ကြီးကို ငြိမ်းချမ်းရေးနဲ့အတူ တည်ဆောက်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဆုတောင်းလိုက်ပါတယ်။ ပြည်သူအပေါင်း ကျန်းမာချမ်းသာကြပါစေ။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် မေ ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

**မြန်မာ့ပင်လယ်ပြင်**

နေပြည်တော် မေ ၁၇

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် (၅၈) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲသို့ တက်ရောက်

**စစ်တွေ ဧပြီ ၁၇**

(၅၈) ကြိမ်မြောက် စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်-မြန်မာ သက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ဝါဝါထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ စစ်တွေတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်တွေမြို့ပေါ်မှ သက်ကြီးအဘိုးအဘွားများ၊ ဌာနဆိုင်ရာများ၊ စစ်တွေမြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲ ကော်မတီဝင်များ၊ ယိမ်းအကအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ရခိုင်ရိုးရာမင်္ဂလာစည်တော်တီး၍ ဖွင့်လှစ်ပြီး မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီစာရင်းစစ်မှူး ဦးစံညွန့်က မင်္ဂလာဩဘာရတုဖြင့် ရွတ်ဆိုပူဇော်ကာ မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစံသာမောင်က သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်က နှစ်သစ်ကူး နှုတ်ခွန်းဆက်စကားပြောကြားပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက သက်ကြီးပူဇော်ပွဲနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းအမှူးပြုသော ဧည့်ပရိသတ်များက သက်ကြီးအဘိုးအဘွားများအား လက်အုပ်ချီမိုးဦးချပူဇော်ကန်တော့ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က သက်ကြီးအဘိုးအဘွားများကို မင်္ဂလာရေစင်ဖြင့် ပက်ဖျန်းပူဇော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းကြကာ မြို့လုံးကျွတ် သက်ကြီးပူဇော်ပွဲကော်မတီနှင့် အလှူရှင်၊ စေတနာရှင်များက အဘိုးအဘွားများအား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။ ယင်းနောက် ကန်တော့ခံအဘိုးအဘွားများကိုယ်စား အဘိုးဦးစောစိန်က ဆုတောင်းမေတ္တာပို့စကားပြောကြားပြီး မြို့လုံးကျွတ်သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီ၊ ယဉ်ကျေးမှုကော်မတီမှ "အာရက္ခတဘောင်" ယိမ်းအကဖြင့် ဂါရဝပြု ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းတို့က သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီနှင့် ယိမ်းအကအဖွဲ့ဝင် လူငယ်များသို့ အလှူငွေနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

သက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီမှ ခန်းမအတွင်းသို့ လာရောက်အပူဇော်ခံအဘိုးအဘွား ၇၀ ကို ပူဇော်ကန်တော့ကြပြီး ရပ်ကွက်အသီးသီးနှင့် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများကိုလည်း လှည့်လည်ပူဇော်ကန်တော့သွားမည်ဖြစ်သည်။ စစ်တွေမြို့တွင် ရခိုင်ရိုးရာသက်ကြီးပူဇော်ပွဲကျင်းပရေးကော်မတီက အသက် ၈၀ နှင့်အထက် အဘိုးအဘွားများနှင့် အသက်တစ်ရာအထက် အဘိုးအဘွားခုနစ်ဦး အပါအဝင် စုစုပေါင်း ၁၁၁၀ ကိုပူဇော်ကန်တော့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တိုင်းစစ်ဌာနချုပ်များ၌ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်၊ ဇီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲများ ပြုလုပ်



**နေပြည်တော် ဧပြီ ၁၇**

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်သော ယနေ့တွင် နှစ်ဦးပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဇီဝိတဒါနငါးလွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီး၌ ပြုလုပ်ကြသည်။

**ဆက်ကပ်လောင်းလှူ**

အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ တိုင်းစစ်ဌာနချုပ်များနှင့် တပ်ရင်း/တပ်ဖွဲ့အသီးသီးတို့ရှိ ဓမ္မာရုံများနှင့် သတ်မှတ်နေရာများ၌ သံဃာတော်များက ရွတ်ပွားပူဇော်ချီးမြှင့်တော်မူကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သီလခံယူဆောက်တည်၍ ပရိတ်တရားတော်များကို နာယူကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လောင်းလှူကြသည်။

ထို့ပြင် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ဇီဝိတဒါနစုပေါင်းငါးလွှတ်ခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ အလှူငွေများ၊ စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်းခြင်း(ဝဲပုံ)နှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲနှင့် သက်ကြီးရွယ်အိုများအား ပူဇော်ကန်တော့ပွဲကျင်းပ

**ပုသိမ် ဧပြီ ၁၇**

သတ္တဝါများဘေးအန္တရာယ်ကင်းရှင်းပြီး အသက်ရှည်စွာနေနိုင်ကြစေရန်နှင့် ရှေးအစဉ်အဆက် ပြုလုပ်လာသည့် ကောင်းမြတ်သည့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ ၁၃၈၄ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမရှေ့(ငဝန်မြစ်ကမ်း)၌ ဇီဝိတဒါနဘေးမဲ့ငါးလွှတ်ပွဲအခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး ဒေါ်ကြည်ကြည်ထွန်း၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက ငဝန်မြစ်အတွင်း ငါးများကို ဘေးမဲ့လွှတ် ကုသိုလ်ပြုခဲ့ကြသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ စက်တော်ရာဘိုးဘွားရိပ်သာတွင် ပြုလုပ်သည့် သက်ကြီးရွယ်အိုဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားတက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ပြီး အဘိုးအဘွားများအား ကန်တော့ခံ ဘိုးဘွားများအတွက် ကန်တော့ပစ္စည်းများ လှူဒါန်းခဲ့ရာ ဘိုးဘွားများကိုယ်စား အဘွားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအတွက် ကန်တော့ပစ္စည်းများ နေရာအရောက် လှူဒါန်းပေးခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၆၃ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီး (၇၅)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ ကောင်းကျိုးကို ထူးချွန်ပြောင်မြောက်စွာ တာဝန်ထမ်းဆောင်နိုင်မှုများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် –

**သုဓမ္မသင်္ဂဟဘွဲ့များ**

**အဂ္ဂမဟာသီရိသုဓမ္မဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဦးနု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂ ။ | ဦးစန်းယု | နိုင်ငံတော်သမ္မတ |
| ၃ ။ | ဗိုလ်ချုပ်မှူးကြီးစောမောင် | နိုင်ငံတော်ဝန်ကြီးချုပ် |

**သတိုးသီရိသုဓမ္မဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဦးမြင့်ဆွေ | ယာယီသမ္မတ |
| ၂ ။ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | နိုင်ငံတော်ဝန်ကြီးချုပ် |

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ**

**အဂ္ဂမဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဦးနု | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂ ။ | ဦးနေဝင်း | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၃ ။ | ဦးစန်းယု | နိုင်ငံတော်သမ္မတ |
| ၄ ။ | ဗိုလ်ချုပ်မှူးကြီးစောမောင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၅ ။ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ | နိုင်ငံတော်ဝန်ကြီးချုပ် |

**သတိုးမဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဦးစိန်ဝင်း | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂ ။ | ဦးမောင်မောင်ခ | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၃ ။ | ဦးမြင့်ဆွေ | ယာယီသမ္မတ |
| ၄ ။ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၅ ။ | ဗိုလ်ချုပ်ကြီး သူရကျော်ထင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် |

**မဟာသရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဦးဗဆွေ | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၂ ။ | သူရဦးထွန်းတင် | နိုင်ငံတော်ဝန်ကြီးချုပ် |
| ၃ ။ | ဒုတိယဗိုလ်ချုပ်ကြီး အေးကို (ငြိမ်း) | ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) |
| ၄ ။ | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းရီ (ငြိမ်း) | ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း) |

**သရေစည်သူဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဦးစိန်လွင် | နိုင်ငံတော်သမ္မတ |
| ၂ ။ | ဒေါက်တာမောင်မောင် | နိုင်ငံတော်သမ္မတ |
| ၃ ။ | ဗိုလ်မှူးချုပ် သန်းတင် (ငြိမ်း) | ဒုတိယဝန်ကြီးချုပ် |
| ၄ ။ | ဗိုလ်မှူးချုပ် တင့်ဆွေ (ငြိမ်း) | ဝန်ကြီး |
| ၅ ။ | ဒုတိယဗိုလ်ချုပ်ကြီး အောင်ရဲကျော် (ငြိမ်း) | ဝန်ကြီး |
| ၆ ။ | ဒုတိယဗိုလ်ချုပ်ကြီး ချစ်ဆွေ (ငြိမ်း) | ဝန်ကြီး |
| ၇ ။ | ဒုတိယဗိုလ်ချုပ်ကြီး ဘုန်းမြင့် (ငြိမ်း) | ဝန်ကြီး |
| ၈ ။ | ဒုတိယဗိုလ်ချုပ်ကြီး စိန်အောင် (ငြိမ်း) | ဝန်ကြီး |
| ၉ ။ | ဒုတိယဗိုလ်ချုပ်ကြီး မြင့်အောင် (ငြိမ်း) | ဝန်ကြီး |
| ၁၀။ | ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် (ငြိမ်း) | ဝန်ကြီး |
| ၁၁။ | ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ (ငြိမ်း) | ဝန်ကြီး |

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဗိုလ်ချုပ် ချစ်လှိုင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၂ ။ | ဗိုလ်ချုပ် မောင်မောင်ဝင်း (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၃ ။ | ဗိုလ်ချုပ် သူရစောဖြူ (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၄ ။ | ဗိုလ်ချုပ် ကိုကြီး (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၅ ။ | ဗိုလ်ချုပ် မြင့်ဆွေ (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၆ ။ | ဗိုလ်ချုပ် လွင်ဦး (ငြိမ်း) | စစ်ဦးစီးအရာရှိချုပ် (လေ) |
| ၇ ။ | ဗိုလ်မှူးချုပ် သောင်းတင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၈ ။ | ဗိုလ်မှူးချုပ် သောင်းဒန် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |
| ၉ ။ | ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဘို (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (ရေ) |
| ၁၀။ | ဒုတိယဗိုလ်မှူးကြီး သူရအက်စ်ဂျေခင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ် (လေ) |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**ဇေယျကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁ ။ | ဗိုလ်ချုပ် ထွန်းတင် (ငြိမ်း) | စစ်ရေးချုပ် |
| ၂ ။ | ဗိုလ်ချုပ် ဂျီထောင်ဇာခိုင် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၃ ။ | ဗိုလ်ချုပ် အောင်ခင် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၄ ။ | ဗိုလ်ချုပ် လှဦး (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| ၅ ။ | ဗိုလ်ချုပ် ဖေမြိုင် (ငြိမ်း) | စစ်ရေးချုပ် |
| ၆ ။ | ဗိုလ်ချုပ် မင်းဂေါင် (ငြိမ်း) | စစ်ရေးချုပ် |
| ၇ ။ | ဗိုလ်ချုပ် ခင်မောင်ကျော် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| ၈ ။ | ဗိုလ်ချုပ် မြင့်လွင် (ငြိမ်း) | ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) |
| ၉ ။ | ဗိုလ်ချုပ် သန်းဦး (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၁၀။ | ဗိုလ်ချုပ် ညွန့်တင် (ငြိမ်း) | အနောက်တောင်တိုင်းစစ်ဌာနချုပ် |
| ၁၁ ။ | ဗိုလ်ချုပ် အောင်ကြည် (ငြိမ်း) | လေ့ကျင့်ရေးအရာရှိချုပ်ရုံး |
| ၁၂ ။ | ဗိုလ်မှူးချုပ် မောင်မောင် (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၁၃ ။ | ဗိုလ်မှူးချုပ် မြင့်မောင် (ငြိမ်း) | စစ်ရေးချုပ် |
| ၁၄ ။ | ဗိုလ်မှူးချုပ် စံကြည် (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၁၅ ။ | ဗိုလ်မှူးချုပ် ဘသော် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၁၆ ။ | ဗိုလ်မှူးချုပ် အောင်သင်း (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၁၇ ။ | ဗိုလ်မှူးချုပ် လှထွန်း (ငြိမ်း) | စစ်ထောက်ချုပ် |
| ၁၈ ။ | ဗိုလ်မှူးချုပ် အယ်လ်ကွန်ဖန် (ငြိမ်း) | မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၁၉ ။ | ဗိုလ်မှူးချုပ် ဝမ်းတင် (ငြိမ်း) | တောင်ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၀ ။ | ဗိုလ်မှူးချုပ် အေးစန် (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၁ ။ | ဗိုလ်မှူးချုပ် စိုးမြင့် (ငြိမ်း) | စစ်ရာထူးခန့်ချုပ် |
| ၂၂ ။ | ဗိုလ်မှူးချုပ် ဘသိန်း (ငြိမ်း) | စစ်ဆေးရေးအရာရှိချုပ် |
| ၂၃ ။ | ဗိုလ်မှူးချုပ် သန်းညွန့် (ငြိမ်း) | စစ်ရာထူးခန့်ချုပ် |
| ၂၄ ။ | ဗိုလ်မှူးချုပ် စိန်ရ (ငြိမ်း) | လေ့ကျင့်ရေးအရာရှိချုပ်ရုံး |
| ၂၅ ။ | ဗိုလ်မှူးချုပ် မျိုးအောင် (ငြိမ်း) | စစ်ထောက်ချုပ် |
| ၂၆ ။ | ဗိုလ်မှူးချုပ် စိန်ဝင်း (ငြိမ်း) | စစ်ဥပဒေချုပ် |
| ၂၇ ။ | ဗိုလ်မှူးချုပ် တင်ထွဋ်(ငြိမ်း) | စစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် |
| ၂၈ ။ | ဗိုလ်မှူးချုပ် ထွန်းရွှေ (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၂၉ ။ | ဗိုလ်မှူးချုပ် တင်အေး (ငြိမ်း) | စစ်ဆေးရေးအရာရှိချုပ် |
| ၃၀ ။ | ဗိုလ်မှူးကြီး သူရအောင်ဖေ (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၃၁ ။ | ဗိုလ်မှူးကြီး မောင်ကျော် (ငြိမ်း) | အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် |
| ၃၂ ။ | ဗိုလ်မှူးကြီး လှဘုန်း (ငြိမ်း) | ရန်ကုန်တိုင်းစစ်ဌာနချုပ် |
| ၃၃ ။ | ဗိုလ်မှူးကြီး ခင်အုန်း (ငြိမ်း) | အရှေ့တောင်တိုင်းစစ်ဌာနချုပ် |
| ၃၄ ။ | ဗိုလ်မှူးကြီး မျိုးအောင်(ငြိမ်း) | ရန်ကုန်တိုင်းစစ်ဌာနချုပ် |
| ၃၅ ။ | ဗိုလ်မှူးကြီး မင်းနောင်(ငြိမ်း) | အရှေ့မြောက်တိုင်းစစ်ဌာနချုပ် |
| ၃၆ ။ | ဗိုလ်မှူးကြီး ရန်နောင်စိုး (ငြိမ်း) | အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁ ။ | စောဟန်တာသာမွေး | ကရင်တော်လှန်ရေးကောင်စီ ဗဟိုအာဏာပိုင်အဖွဲ့ |
| ၂ ။ | ဦးစခုန်တိန့်ယိန်း | ကချင်အဖွဲ့ (New Democratic Army(Kachin) – NDAK) (ကချင်ပြည်နယ်အထူးဒေသ – ၁) |
| ၃ ။ | ဦးအောင်ခမ်းထီ | ပအိုဝ်အဖွဲ့ (Pa–O National Organization – PNO) (ရှမ်းပြည်တောင်ပိုင်းအထူးဒေသ – ၆) |
| ၄ ။ | ဦးအိုက်မုန်း | ပလောင်အဖွဲ့ (Palaung State Liberation Army – PSLA) (ရှမ်းပြည်မြောက်ပိုင်းအထူးဒေသ – ၇) |
| ၅ ။ | ဦးကေဘာရယ်ပျံ | ကယန်းအဖွဲ့ (Kayan National Guard–KNG) (ကယားပြည်နယ်အထူးဒေသ – ၁) |
| ၆ ။ | Dr.Saboi Jum | တည်ထောင်သူ၊ ငြိမ်းချမ်းရေးဖောင်ဒေးရှင်း အတွင်းရေးမှူး၊ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် |
| ၇ ။ | ဦးစန္ဒာ | ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ကလလတ)(ကယားပြည်နယ်အထူးဒေသ – ၂) |
| ၈ ။ | ဦးနိုင်ရွှေကျင် | မွန်ပြည်သစ်ပါတီ(New Mon State Party–NMSP) |
| ၉ ။ | မြိုင်ကြီးငူဆရာတော် ဦးသုဇန | (Democratic Kayin Buddhist Association – DKBA) |
| ၁၀ ။ | ဦးစောသမူဟဲ | KNU တပ်မဟာ(၆)၊ တပ်ရင်း (၁၆)၊ (ဟောင်သရော အထူးအဖွဲ့) |
| ၁၁ ။ | စောဖယ်ရီမိုး | KNU တပ်မဟာ(၂) သံတောင်အထူးဒေသအဖွဲ့ |
| ၁၂ ။ | ဖဒိုအောင်ဆန်း | KNU ဖဒိုအောင်ဆန်းအဖွဲ့ |
| ၁၃ ။ | ဦးလဆန်အောင်ဝါ | KIO (ခွဲထွက်) ဦးလဆန်အောင်ဝါအဖွဲ့ |
| ၁၄ ။ | ဗိုလ်ချုပ်ဌေးမောင်(ခ) စောဌေးမောင် | KNU/ KNLA ငြိမ်းချမ်းရေးကောင်စီ |
| ၁၅ ။ | စောမူတူးစေးဖိုး | ကရင်အမျိုးသားအစည်းအရုံး(KNU) |
| ၁၆ ။ | ဦးယွက်ဆစ် | RCSS/SSA–S |
| ၁၇ ။ | ဦးခွန်ဥက္ကာ | ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO) |
| ၁၈ ။ | ဦးခိုင်စိုးနိုင်အောင် | ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP) |
| ၁၉ ။ | နိုင်ထောမွန် | မွန်ပြည်သစ်ပါတီ(NMSP) |
| ၂၀ ။ | ကြာခွန်ဆာ | လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) |

စာမျက်နှာ ၇ သို့ ☆

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၄)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနား ကျင်းပ



နေပြည်တော် မေ ၁၇

(၁၄)ကြိမ်မြောက် နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စိုးဦး၊ ဂေါပကအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများ၊ ဧည့်သည်တော်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြည်ညိုကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်မြတ်ကြီးထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ မဟာထေရ်မြတ်ကြီးအမှူးပြုသော ဆရာတော်၊ သံဃာတော်များက ကမ္ဘာသူ ကမ္ဘာသားများနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများ ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်ကင်းရှင်းစေရန် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရဟတ်ယာဉ်ဖြင့် လှည့်လည်၍ နှစ်သစ်ဦးမင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ပရိတ်ရေများဖျန်းပက်ကာ မေတ္တာပို့သကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားပုထိုး၊ စေတီများ၌ ကုသိုလ်ကောင်းမှု ပြုလုပ်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် မေ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားပုထိုး၊ စေတီများ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကားလျက်ရှိရာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်စေတီတော်၊ ကျောက်တော်ကြီးဘုရား၊ စွယ်တော်ဘုရားတို့အပါအဝင် တန်ခိုးကြီး ဘုရားစေတီများ၊ မန္တလေးမြို့ရှိ မဟာမုနိဘုရားကြီး၊ ပြင်ဦးလွင်မြို့ရှိ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီး၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေနှင့် ငပလီကမ်းခြေတို့အပါအဝင် အပန်းဖြေနေရာများ၌လည်း လာရောက်အပန်းဖြေ အနားယူနေသော ပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

☆ စာမျက်နှာ ၆ မှ

| | |
|---|---|
| ၂၁ ။ ဦးလှမောင်ရွှေ | လုပ်ငန်းကော်မတီအဖွဲ့ဝင်၊ အကြံပေးအဖွဲ့ဝင်ဟောင်း၊ ငြိမ်းချမ်းရေးကော်မရှင် |
| ၂၂ ။ ဦးပြည့်စုံ | ဒုတိယဥက္ကဋ္ဌ-၂၊ JMC-U |
| ၂၃ ။ ဦးမောင်မောင်ငြိမ်း | အဖွဲ့ဝင်၊ JMC-U |
| ၂၄ ။ စိုင်းမျိုးသန့် | အဖွဲ့ဝင်၊ JMC-U |
| ၂၅ ။ သိက္ခာတော်ရဆရာတော် စောမက်သယူးအေး | အဖွဲ့ဝင်၊ JMC-U |

**အလင်္ကာကျော်စွာဘွဲ့**

| | |
|---|---|
| ၁ ။ နန်းတော်ရှေ့ဆရာတင် | တေးရေးပညာရှင် |
| ၂ ။ ရွှေတိုင်ညွှန့် | တေးရေးပညာရှင် |
| ၃ ။ ဦးရွှေနန်းတင် | ဇာတ်သဘင်ပညာရှင် |
| ၄ ။ တွံတေးသိန်းတန် | အဆိုပညာရှင် |
| ၅ ။ စန္ဒရား ချစ်ဆွေ | ဂီတပညာရှင် |
| ၆ ။ စန္ဒရား လှထွတ် | ဂီတပညာရှင် |
| ၇ ။ သုမောင် | အဆိုပညာရှင် |
| ၈ ။ ဦးစိန်ဗိုလ်တင့် | ဆိုင်းပညာရှင် |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**လူမှုထူးချွန်တံဆိပ် (ပထမဆင့်)**

| | |
|---|---|
| ၁ ။ ဦးမြတ်လေး | အနုပညာရှင် |

**လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | |
|---|---|
| ၁ ။ ဒေါ်စိုးမြတ်သူဇာ | အနုပညာရှင် |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**

**အနုပညာထူးချွန်တံဆိပ် (ပထမဆင့်)**

| | |
|---|---|
| ၁ ။ စောင်း ဦးခင်မြင့် | အတီးပညာရှင် |
| ၂ ။ ကိုအံ့ကြီး | အဆိုပညာရှင် |
| ၃ ။ ဦးဘသိန်း(မန္တလေး) | တေးရေးပညာရှင် |
| ၄ ။ ဦးသိန်းဆောင် | အဆိုပညာရှင် |
| ၅ ။ စန္ဒရား ငွေစိုး | အတီးပညာရှင် |
| ၆ ။ ဦးကေတုဝင်းထွဋ် | အဆိုပညာရှင် |
| ၇ ။ ဦးသန်းမြတ်စိုး | အဆိုပညာရှင် |
| ၈ ။ ဦးထွန်းရွှေ | အဆိုပညာရှင် |
| ၉ ။ ဦးလွင်မြင့် | တေးရေးပညာရှင် |
| ၁၀ ။ ချိုတေးဆက် (ကိုအောင်ကိုး) | တေးရေးပညာရှင် |
| ၁၁ ။ စန္ဒရား ဦးစိန်သောင်း | အတီးပညာရှင် |
| ၁၂ ။ ဦးအောင်ကိန်း | အတီးပညာရှင် |
| ၁၃ ။ ဦးအုန်းမောင် | အတီးပညာရှင် |
| ၁၄ ။ ဒေါ်ရွှေကူနန်းနွဲ့နွဲ့ | ဂီတပညာရှင် |
| ၁၅ ။ ဒေါ်ခင်မေ | ဂီတပညာရှင် |
| ၁၆ ။ တက္ကသိုလ်လွဲ့လွဲ့(ခ) ဒေါ်လွဲ့လွဲ့ဝင်း | အဆိုပညာရှင် |
| ၁၇ ။ ဦးစိန်မွတ်တား | ဆိုင်းပညာရှင် |
| ၁၈ ။ မြန်မာပြည်ကျောက်စိမ်း | ဆိုင်းပညာရှင် |
| ၁၉ ။ သီရိမောင်မောင် | ဆိုင်းပညာရှင် |
| ၂၀ ။ မွန်ပြည်နယ်ကိုကိုနိုင် | ဆိုင်းပညာရှင် |
| ၂၁ ။ တက္ကသိုလ်ခင်မြလွင် | ဆိုင်းပညာရှင် |

**အနုပညာထူးချွန်တံဆိပ် (ဒုတိယဆင့်)**

| | |
|---|---|
| ၁ ။ ဦးအံ့ကျော် | အနုပညာရှင် |
| ၂ ။ ဦးမြတ်သစ် | အနုပညာရှင် |
| ၃ ။ ဦးဇော်လွင် | အနုပညာရှင် |
| ၄ ။ ဦးဇော်ဝမ်း | အနုပညာရှင် |
| ၅ ။ ဦးစိုးတင့်လွင် | ဆိုင်းပညာရှင် |
| ၆ ။ ဦးခင်မောင်ဝင်း | အကပညာရှင် |
| ၇ ။ ဒေါက်တာရည်နွယ် | ဂီတပညာရှင် |
| ၈ ။ ဦးခင်လှ | အတီးပညာရှင် |
| ၉ ။ ဦးမျိုးညွန့် | အတီးပညာရှင် |
| ၁၀။ ဦးစောဝင်း | အတီးပညာရှင် |
| ၁၁။ ဦးစံရင် | အတီးပညာရှင် |

**အနုပညာထူးချွန်တံဆိပ် (တတိယဆင့်)**

| | |
|---|---|
| ၁ ။ ဒေါ်စိန်ငွေး | အဆိုပညာရှင် |
| ၂ ။ ဒေါ်မူမူခင် | အဆိုပညာရှင် |
| ၃ ။ ဦးလှငွေ | အတီးပညာရှင် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကျင်းပ



နေပြည်တော် ဧပြီ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးရှိ ငုရွှေဝါခန်းမ၌ ကျင်းပသည်။

### တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇနိန္ဒနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေး ဩဝါဒါစရိယဆရာတော် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိတို့ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ဒုတိယဝန်ကြီး ဦးအေးထွန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဧည့်ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများကို နာယူကြသည်။

ထို့နောက် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒနှင့် နေပြည်တော်ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိတို့ အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဇေယျုံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီးတို့ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်တော်တွင် ငါးများအား ဇီဝတဒါနဘေးမဲ့လွှတ်ပေးစဉ်။



ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်တော်တွင် ငါးများအား ဇီဝတဒါနဘေးမဲ့လွှတ်ပေးစဉ်။

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံး (၁)၊ (၂) ဇီဝိတဒါနငါးလွှတ်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၁၇

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့ မြန်မာနှစ်သစ်ကူးအခါသမယနေ့၌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၂)ရှိ ဝန်ထမ်းများ၏ ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာကန်တော်တွင် ကျင်းပသည်။

### တက်ရောက်

ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ပြီး ငါးကောင်ရေ ၁၉၀၀ ကို ဇီဝိတဒါနဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်
အိပ်နေချိန်တွင်
လျှပ်စစ်မီးများ
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို
နေ့စဉ် ချွေတာ
သင့်ပါသည်

# မော်လမြိုင်မြို့၌ ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပ

မော်လမြိုင် ဧပြီ ၁၇

၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်မင်္ဂလာအချိန်အခါတွင် မြန်မာတစ်နိုင်ငံလုံး၌ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြရာ မွန်ပြည်နယ် မော်လမြိုင်မြို့၌ နှစ်သစ်ကူး ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဆိပ်ကမ်းသာဗောတံတား၌ ပြုလုပ်သည်။

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ဆိပ်ကမ်းသာဗောတံတားမှ သံလွင်မြစ်ရေပြင်အတွင်းသို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀ ကို ဇီဝိတဒါနအဖြစ် တပျော်တပါး ကုသိုလ်ပြုလွှတ်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကိုဗစ် – ၁၉ ရောဂါကြောင့် ရုပ်ရှင်ပြသမှု ရပ်နားခဲ့ရသောရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသ

**ရန်ကုန် ဧပြီ ၁၇**

ကိုဗစ် – ၁၉ ရောဂါကြောင့် ရုပ်ရှင်ပြသမှုရပ်နားခဲ့ရသော ရုပ်ရှင်ရုံများအား မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် ယနေ့တွင် ပြန်လည်ဖွင့်လှစ်ပြသရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံ၌ ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားအား ရုပ်ရှင်ချစ်မြတ်နိုးသူပြည်သူများနှင့် အတူကြည့်ရှုအားပေးသည်။





သမ္မတရုပ်ရှင်ရုံ၌ ပြန်လည်ဖွင့်လှစ်ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ စည်သူ ဦးကြည်စိုးထွန်းနှင့် ရုပ်ရှင်အနုပညာရှင်များ၊ ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် ဂီတအနုပညာရှင်များ၊ ရုပ်ရှင်ချစ်မြတ်နိုးသူ ပြည်သူများ အတူတကွ ကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ နံနက်ပိုင်းတွင် သမ္မတရုပ်ရှင်ရုံ ၌ ရုပ်ရှင် / ဂီတ နယ်ပယ်အသီးသီးမှ ထုတ်လုပ်သူများ၊ အနုပညာရှင်များနှင့် တွေ့ဆုံစဉ် ယခုကဲ့သို့ မြန်မာနှစ်ဆန်း ၁ ရက်နေ့ နှစ်သစ်ကူးအခါသမယတွင် နှစ်နှစ်ခန့် ရပ်နားထားခဲ့ရသော ရုပ်ရှင်ရုံများကို ပြန်လည်ဖွင့်လှစ်ပြသနိုင်သည့်အတွက် လွန်စွာ မင်္ဂလာရှိသည်ဟု ဆိုရမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရုံများကို ရပ်နားခဲ့ရသည့်အတွက် ရုပ်ရှင်အနုပညာ ဖန်တီးထုတ်လုပ်မှုအပိုင်း၊ ပြသမှုအပိုင်းထိခိုက်ခဲ့ရာ ရုပ်ရှင်လောကသားများသာမက ၎င်းတို့နှင့် ဆက်စပ်ပတ်သက်သူများအားလုံး၏ လူမှုစီးပွားကိစ္စများတွင် အထိုက်အလျောက် ထိခိုက်နစ်နာမှုများ ရှိခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရုပ်ရှင်လောကသားအချို့ စားဝတ်နေရေး ထိခိုက်ခဲ့ရပြီး ၎င်းတို့၏ လူမှုစီးပွားဘဝများနှင့် အနုပညာ ဖန်တီးထုတ်လုပ်မှုများတွင် အတိုင်းအတာတစ်ခုထိ ထိခိုက်နစ်နာခဲ့ရသည့်အတွက် မိမိအနေဖြင့်လွန်စွာ စိတ်မကောင်းဖြစ်မိပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်က ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် အနုပညာရှင်များ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကူညီဆောင်ရွက်ပေးရန် မကြာခဏလမ်းညွှန်ထားပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ဇာတ်ကားများရိုက်ကူးထုတ်လုပ်မှုအပိုင်းတွင်သာမက ပြသမှုအပိုင်းများတွင် ရုပ်ရှင်လောကသားများ၏ တင်ပြချက်များနှင့် အခက်အခဲများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရုပ်ရှင်ရုံများဖွင့်လှစ်ပြသခြင်းမရှိသည့် ရုပ်ရှင်ရုံပိုင်ရှင်များကိုလည်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြသနိုင်ရေးကြိုးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။


နိုင်ငံတော်အစိုးရက ကိုဗစ်–၁၉ ရောဂါကြောင့် ထိခိုက်ခံစားခဲ့ရသည့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ နယ်ပယ်အသီးသီးက လုပ်ငန်းရှင်များနှင့် အနုပညာရှင်များကို ပြန်လည်ကုစားဆောင်ရွက်နိုင်ရေးအတွက် ချေးငွေများ ထုတ်ပေး၍ ကူညီဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယနေ့အချိန်တွင် မသမာသူအဖျက်သမားများက ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသမှုများကို နည်းအမျိုးမျိုးဖြင့် ခြိမ်းခြောက်ဟန့်တားကာ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို ကြားသိရသည့်အတွက် လွန်စွာစိတ်မကောင်းဖြစ်မိပါကြောင်း၊ အနုပညာရှင်များသည်လည်း လူသားများဖြစ်သည့်အတွက် ၎င်းတို့၏ မိသားစုစားဝတ်နေရေးအတွက် အနုပညာလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်ခွင့်ပေးကြရမည်ဖြစ်ပါကြောင်း၊ အနုပညာလုပ်ငန်းများအား ရိုးသားစွာလုပ်ကိုင်ဆောင်ရွက်နေသူများသည် နိုင်ငံရေးနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိသည့်အတွက် ၎င်းတို့အား ပြစ်တင် ဝေဖန် တိုက်ခိုက်မှုများပြုနေခြင်းများကို မပြုလုပ်သင့်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုလို နှစ်သစ်ကူးအခါသမယတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်အသက်ဝင် နိုးထလာစေကြောင်းနှင့် အနုပညာရှင်များနှင့် ပြည်သူများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝစေရေး ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် Skystar Hotel ၌ ရုပ်ရှင်အနုပညာရှင်များ၊ ဂီတအနုပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များအား ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသခြင်း အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မြန်မာနှစ်ဆန်း ၁ ရက်နေ့ (ဧပြီ ၁၇ ရက်)တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံ ၄၈ ရုံအား ပြန်လည်ဖွင့်လှစ်ပြသလျက်ရှိရာ မြန်မာဇာတ်ကားများနှင့် နိုင်ငံခြားဇာတ်ကားများကို ရုံတင်ပြသလျက်ရှိပြီး ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်ရုံများ၏ လုံခြုံရေးဆိုင်ရာများ၊ လျှပ်စစ်မီးရရှိရေးများအပါအဝင် အခြားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက် ဇာဝေရာလမ်းရှိ ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက်အတွင်း တည်ထားကိုးကွယ်ထားသည့် ဇိနမာရ်အောင်စေတီတော်၌ တင်လှူပူဇော်မည့် ရွှေထီးတော်တင်လှူပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုပြီး ဓမ္မဝိဟာရ ပထမကျော်စာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝရဝံသာဘိဝံသထံ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် အလှူငွေများကို လည်းကောင်း၊ ဇိနမာရ်အောင် စေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်ကို လည်းကောင်း ဆက်ကပ်ပူဇော်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**



# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဧပြီ ၁၇**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ မင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်ဆန်း ၁ ရက် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်ဗဟိုသင်တန်းကျောင်း ရာသီသီးနှံစိုက်ခင်းငါးကန်တွင် ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ငါးသားပေါက်ကောင်ရေ ၅၀၀၀ ကို နေပြည်တော် ဗဟိုသင်တန်းကျောင်း၊ ရာသီသီးနှံစိုက်ခင်း ငါးကန်အတွင်းသို့ ဇီဝိတဒါန၊ အဘယဒါန၊ အာယုဒါန ကုသိုလ်မင်္ဂလာများပြု၍ ငါးများကို တပျော်တပါး စုပေါင်း ဘေးမဲ့လွှတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ကြို ၊ ဘွဲ့လွန်သင်တန်းများ မေလ ၁၂ ရက် ဖွင့်လှစ်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**ကြေညာချက်**

**ဘွဲ့ကြို ၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး တက်ရောက်ခွင့်ရရှိသူများ ပထမနှစ် (Semester I)၊ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် တက်ရောက်ဆဲ ပထမနှစ်သင်တန်း (Semester II) နှင့် ၂၀၂၂ ပညာသင်နှစ် ဘွဲ့ကြိုနှင့် ဘွဲ့လွန်သင်တန်းများအားလုံးကို ၁၂ – ၅ – ၂၀၂၂ ရက်၊ (ကြာသပတေးနေ့)မှစ၍ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း ကြေညာလိုက်သည်။ ၂၀၂၂ ပညာသင်နှစ်၊ ပထမနှစ်ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူများ စာရင်းကို www.yau.edu.mm/category/news တွင် ကြေညာထားမည်ဖြစ်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

## ရေချိုတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့၌ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကောင်းမှုကုသိုလ်ပြုလုပ်သူများဖြင့် စည်ကား

နေပြည်တော် မေ ၁၇

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ကုန်ဆုံး၍ ၁၃၈၄ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ နေ့ထူးနေ့မြတ် အချိန်အခါသမယဖြစ်သည်နှင့်အညီ နှစ်ဟောင်းမှ အညစ်အကြေးများကို သင်္ကြန်ကာလအတွင်း အတာရေဖြင့် ဆေးကြောသန့်စင်ပြီး စိတ်၏အညစ်အကြေးများကို ကုသိုလ်ဒါနပြုခြင်းဖြင့် ဆေးကြောသန့်စင်၍ နှစ်သစ်ကို မင်္ဂလာရှိစွာဖြင့် အစပြုလေ့ရှိကြသည်။

**ကုသိုလ်ဒါနပြုလုပ်ကြ**

ထို့ကြောင့် ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ သက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေသန့်ရှင်းမှုများ ပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဇီဝိတဒါန ဘေးမဲ့လွှတ်ခြင်းတို့ဖြင့် ကုသိုလ်ဒါနပြုလုပ်ကြသည်။

နေပြည်တော် ကောင်စီနယ်မြေအတွင်း၌လည်း မြန်မာနှစ်သစ်ကူး နှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ဘုရားစေတီ၊ ကျောင်းကန်များ၌ ဥပုသ်



သီတင်း သီလဆောက်တည်ကြသူများ၊ ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သည့် အန္တရာယ်ကင်း ပရိတ်တရားတော်များ နာကြားကြသူများ၊ ဇီဝိတဒါနဘေးမဲ့လွှတ်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားခဲ့သည်။

နေပြည်တော် ကောင်စီနယ်မြေရှိ ထင်ရှားသော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ မဟာသကျရံသီ ရုပ်ရှင်တော်မြတ်ကြီး၊ လေ့ခွင်းတောင်တန်ခိုးကြီးဘုရား၊ ဘုရားကိုးဆူစေတီ၊ လောကမာရဇိန်စေတီ၊ ရန်အောင်မြင် ရွှေလက်လှဘုရား၊ သတ္တသတ္တာဟ သံဝေဇနီယလေးဌာန၊ ဖောင်တော်ချက်မစေတီ စသည့် ဘုရားစေတီများတွင် ဥပုသ်သီလခံယူဆောက်တည်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိပြီး ဇီဝိတဒါနအဖြစ် ငါးနှင့် ငှက်များကို ဘေးမဲ့လွှတ်ကြခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသည်။

**အလှူပစ္စည်းများထောက်ပံ့**

အလားတူ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များကလည်း သက်ကြီးဘိုးဘွားများကို တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြု အလှူပစ္စည်းများထောက်ပံ့ခြင်း စသည့် ကုသိုလ်ဒါနများကိုလည်း ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများ၊ ရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများ၊ ဓမ္မာရုံများတွင်လည်း ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ ပရိတ်တရားတော်များနှင့် အနန္တရာယိက ကမ္မဝါစာများ နာကြားကြပြီး ကုသိုလ်ကောင်းမှုအစုစုတို့အတွက် အမျှပေးဝေကြရာ နေပြည်တော်ကောင်စီနယ်မြေတစ်ခွင်၌ တရား၊ ဓမ္မသံများဖြင့် ဖုံးလွှမ်းခဲ့ကြောင်း သိရသည်။

**သတင်း - မျိုးဆက်သစ်**
**ဓာတ်ပုံ - ကိုကိုကျော်**

# မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံများ

**၂၀၂၂ ခုနှစ် မေ ၁၇ ရက်သည် မြန်မာနှစ်ဆန်း ၁ ရက်နေ့ဖြစ်ကာ နှစ်ဟောင်းတစ်နှစ်တာကုန်ဆုံးပြီး နှစ်သစ်အချိန်အခါကို ဖြတ်သန်းကြတော့မည်ဖြစ်ရာ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ ဘာသာသာသနာနှင့် မြန်မာပြည်တွင် မှီတင်းနေထိုင်ကြသည့် ပြည်သူအပေါင်း အေးချမ်းသာယာလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လက်တွဲညီညီ ဟန်ချက်ညီစွာဖြင့် တစ်ဦးနှင့်တစ်ဦး မေတ္တာတရားလက်ကိုင်ထားကာ ကိုယ်စိတ်အေးချမ်း ဘေးရန်ကွာ၍ ရောဂါအပေါင်းကင်းစင်ပပျောက် ချမ်းသာကြပါစေကြောင်း အနုပညာနယ်ပယ် အလွှာအသီးသီး၏ မြန်မာ့နှစ်သစ်ကူး ဆုတောင်းစကားသံတို့ကို ဖော်ပြလိုက်ပါသည်-**



ဦးကြည်စိုးထွန်း



ပန်းချီစိုးမိုး



ဦးလွင်မြင့်

**ဦးကြည်စိုးထွန်း**
**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ**

မြန်မာနှစ်ဆန်း ၁ ရက်နေ့မှာ မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာကြပါစေ။ ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာအောင် အကောင်းမြင်တတ်ဖို့လိုပါတယ်။ မြန်မာနိုင်ငံသားတွေ ကပ်သုံးပါးကျော်လွှားပြီး အေးချမ်းသာယာပါစေကြောင်း ရုပ်ရှင်လောကသားတွေနဲ့အတူ ရင်အတွင်းမှ လှိုက်လှိုက်လှဲလှဲ ဆန္ဒပြု ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ပန်းချီစိုးမိုး(ရုပ်ရှင်ဒါရိုက်တာ)**

မြန်မာ့နှစ်သစ်ကူးသင်္ကြန်ရဲ့ သဘာဝဟာ ဧပြီလဖြစ်တဲ့အတွက် ရာသီဥတုပူတယ်။ ဒါကြောင့် သင်္ကြန်ရေသွန်းလောင်းတဲ့အခါမှာ ခန္ဓာကိုယ်အေးချမ်းပြီး စိတ်လည်းအေးချမ်းသွားတယ်။ ပြီးတော့ နှစ်ဟောင်းက အညစ်အကြေးတွေဟာ နှစ်သစ်ရောက်ချိန် သင်္ကြန်ရေနဲ့ပက်ဖျန်းတာကြောင့် အညစ်အကြေးတွေလည်း ကုန်စင်သွားတယ်။ နှစ်သစ်မင်္ဂလာအချိန်အခါကစပြီး လူသားအားလုံးဟာ ဘဝရပ်တည်မှု၊ သင်ကြားနေတဲ့ပညာ၊ မိမိလုပ်ကိုင်နေတဲ့လုပ်ငန်းများ လုပ်ဆောင်တဲ့အခါ တိုတောင်းတဲ့လူ့ဘဝကြီးမှာ အကောင်းပကတိစိတ်နဲ့ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ကြပါလို့ ဆန္ဒပြုပါတယ်။

လူ့ဘဝဟာ အင်မတန်သက်တမ်းတိုပါတယ်။ တိုတဲ့သက်တမ်းကာလမှာ အချိန်ရှိစဉ် ဘာသာတရား၊ အောင်မြင်မှုနဲ့မိမိဘဝရပ်တည်မှုအတွက် ကြိုးစားဖို့ အချိန်နည်းနေကြပါပြီ။ ဒါကြောင့် တရားရေအေးဆည်းကပ်မှုနဲ့ နှစ်သစ်မင်္ဂလာအချိန်အခါကစပြီး ကြိုးစားအားထုတ်မှုနဲ့အတူ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းပို့သပါတယ်။

**ဦးလွင်မြင့်(မြန်မာနိုင်ငံဂီတအစည်းအရုံးဥက္ကဋ္ဌ)**

နှစ်သစ်ကူးအခါသမယမှာ မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး တိုင်းရင်းသားအားလုံးအတွက် မင်္ဂလာရှိတဲ့ နှစ်သစ်ဖြစ်ပါတယ်။ နှစ်ဟောင်းမှ နှစ်သစ်ကို ကူးပြောင်းတဲ့အခါမှာ မင်္ဂလာတရားနဲ့အညီ မင်္ဂလာရှိစွာ ဖြတ်သန်းလိုကြမှာပါ။ မြန်မာနိုင်ငံဂီတအစည်းအရုံးအနေနဲ့ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေဖြစ်တဲ့ ပြည်သူတွေ စိတ်ချမ်းမြေ့ရင် အနုပညာရှင်တွေလည်း ပိုပြီးစိတ်ချမ်းမြေ့စေပါတယ်။ ဒါကြောင့် ပြည်သူပြည်သားအပေါင်း မြန်မာ့နှစ်သစ်ကူးမှာ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပျော်ရွှင်ချမ်းမြေ့သော နှစ်သစ်ဖြစ်ပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်။

**ဦးအောင်တင်ဝင်း**
**မြန်မာနိုင်ငံသဘင်အစည်းအရုံး နာယက**

နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူတွေနဲ့ သဘင်သမားတွေအပါအဝင် အားလုံး ကျန်းမာချမ်းသာ ဝမ်းသာရွှင်လန်းကြပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းသာယာရှိကြပါစေ။ ကိုယ်ကျန်းမာ စိတ်ချမ်းသာလျက် ဘယာကင်းပ လိုတိုင်းရပြီး သုခချမ်းသာ အဖြာဖြာနဲ့ ပြည့်စုံကြပါစေလို့ မေတ္တာပို့ပါတယ်။

**ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ**

မြန်မာပြည်သူအပေါင်း ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည်စုံကြပါစေ။ နှစ်ဟောင်းမှာ ကျွန်တော်တို့တစ်တွေဟာ ပြုခဲ့ကြ၊ လုပ်ဆောင်ခဲ့ကြတဲ့ ကိစ္စတွေကို ပြန်လည်သုံးသပ်ပြီး ကျွန်တော်တို့ရဲ့ လုပ်ဆောင်မှုတွေ၊ ကျွန်တော်တို့ရဲ့ ပြုမူမှုတွေဟာ အများအတွက်၊ မိမိအတွက်၊ ရပ်ရွာအတွက်၊ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းတယ်လို့ဆိုရင် ဒီလိုအကျိုးဖြစ်ထွန်းတဲ့ကိစ္စတွေကို ဆက်လက်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

ပုထုဇဉ်လူသားတွေပီပီ အမှားအယွင်းတွေ၊ ချို့တဲ့မှုတွေ၊ ချို့ယွင်းမှုတွေ ရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့တစ်တွေ ကြုံတွေ့ဖြတ်ကျော်ခဲ့ရတဲ့ အခက်အခဲတွေ၊ အမှားအယွင်းတွေကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး အဲဒီလိုအမှားအယွင်းမျိုး ထပ်မံမဖြစ်ပေါ်ဖို့အတွက် မိမိကိုယ်ကိုမိမိ စောင့်ထိန်းဆင်ခြင်ပြီး ကျွန်တော်တို့နိုင်ငံကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံကနေ စည်ပင်ဖွံ့ဖြိုး ငြိမ်းချမ်းသာယာအောင်နဲ့ ထာဝရငြိမ်းချမ်းမှုရှိအောင် တိုင်းရင်းသားတွေအားလုံး စည်းလုံးညီညွတ်မှုနဲ့ နိုင်ငံတော်အကြီးအကဲတွေ ဦးစီးဦးဆောင် ဆောင်ရွက်ပေးနေတဲ့ကာလမှာ ကျွန်တော်တို့ပြည်သူတွေကလည်း တစ်တပ်တစ်အားပါဝင်မယ်။ ပြီးတော့ ကျွန်တော်တို့နဲ့ ထိုက်တန်လျော်ညီစွာ စွမ်းဆောင်ပေးနိုင်တဲ့ကိစ္စရပ်တွေမှာ တက်တက်ကြွကြွပါဝင်လုပ်ဆောင်ပေးဖို့အတွက် နှစ်သစ်ကူးကာလမှာ အားလုံး မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည်စုံအောင် ဆောင်ရွက်နိုင်ကြစေဖို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။

**ဒေါ်ပုလဲ(ရုပ်ရှင်သရုပ်ဆောင်)**

မြန်မာ့နှစ်သစ်မင်္ဂလာ အချိန်အခါကစပြီး အားလုံး ရွှင်လန်းချမ်းမြေ့ပါစေ။ ဦးညွန့်ဝင်းရဲ့ ရွှင်လန်းချမ်းမြေ့ပါစေသီချင်းထဲကအတိုင်း နိုင်ငံသူ နိုင်ငံသားအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ။ အနုပညာရှင်ဆရာသမားတွေနဲ့ အလှူရှင်၊ ထမင်းရှင်တွေဖြစ်တဲ့ ပြည်သူအပေါင်း စိတ်နှလုံးအေးချမ်းပြီး စီးပွားလာဘ်လာဘတွေ တိုးတက်ဝေဖြာကြပါစေလို့ ဆုမွန်ကောင်း ပို့သပါတယ်။



ဦးအောင်တင်ဝင်း



ဦးအုန်းမောင်



ဒေါ်ပုလဲ

**တွေ့ဆုံမေးမြန်း - ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများဖြင့် စည်ကား

ရန်ကုန် မေ ၁၇

**မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် နှစ်ဟောင်းကုန်လွန်၍ ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့ အခါသမယတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားများ၌ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိသည်။**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲနှင့် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

## ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက ဧည့်ခံတန်ဆောင်း၌ မြတ်စွာဘုရားရှင်အား ဆွမ်းတော်ကြီးနှင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီးမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရင်ပြင်တော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နှစ်သစ်အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူခြင်း အခမ်းအနားကို ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဦးစီးပဓာနနာယက တိပိဋကဓရ တိပိဋကဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ (ယောဆရာတော်) ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးညွန့်သင်းက အဖွင့်မင်္ဂလာစကား ပြောကြားထားသည်။

ယင်းနောက် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ပါဠိပါရဂူ ရွှေပြည်သာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

မြန်မာနှစ်ဆန်း တစ်ရက်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာ ပြည်သူများအား ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မဟာဝိဇယစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်အတွင်းရှိ အပွရာဇိတပလ္လင်ပေါ်၌ သီတင်းသုံး စံပယ်လျက်ရှိသည့် မုဉ္စလိန္ဒာ နဂါးမျိုးနွယ် နဂါးကိုးကောင်တို့က ဆင်းတုတော်အား အသွယ်သွယ်ရစ်ပတ်ကာ ခန္ဓာကိုယ်များကို သင်္ကန်းသဖွယ် ကပ်လှူပူဇော်ထားအပ်သော နာဂစိဝရာ ပဋ္ဌပဋ္ဌိမာ မြတ်စွာဘုရား ဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာ နေမင်းကြီးသည် မိမိအလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ တစ်လတွင် တစ်ရက် ၁၃၈၄ ခုနှစ် မြန်မာ့နှစ်ဆန်း ၁ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် တစ်ကြိမ်၊ ညနေ ၃ နာရီ ၂၅ မိနစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ပူဇော်မှုကို ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

အလားတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၌ ယနေ့ နံနက်ပိုင်းမှစတင်၍ ဘုရားဖူးလာပြည်သူများ စည်ကားလျက်ရှိပြီး ဘုရားဖူးလာပြည်သူများအား စေတနာရှင် အလှူရှင်များက စတုဒိသာများဖြင့် ကျွေးမွေးလှူဒါန်းကြသည်။

ထို့ပြင် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စေတီတော်မြတ်ကြီး၏ ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ စေတီတော်မြတ်ကြီးအား ဩဝါဒါစရိယဆရာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ(မြေပုံ) ဆရာတော်ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့ဝင် ဦးသိန်းဦးက အခမ်းအနား ကျင်းပရခြင်းအကြောင်း ပြောကြားပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သီရိမင်္ဂလာ ကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ(မြေပုံ) ဆရာတော်ထံမှ ရေစက်ချအနုမောဒနာ တရားနာကြားပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

အလားတူ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (၂၁) ကြိမ်မြောက် မျက်နှာသစ်တော်ရေဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မင်းဓမ္မကုန်းတော်၌ ကျင်းပသည်။

အခမ်းအနားကို ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ငါးပါးသီလဆောက်တည်ခြင်း၊ သဗ္ဗဇေယျ မင်္ဂလာအောင်ဂါထာဖြင့် ပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ခြင်းတို့ ပြုလုပ်ကြသည်။

ထို့နောက် စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့ပြင် ဝရဒါဠှာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၄)ကြိမ်မြောက် နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် စေတီတော်လိုဏ်ဂူအတွင်း၌ ကျင်းပရာ ဂေါပကအဖွဲ့နှင့် ဧည့်ပရိသတ်များက စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ကန်ဦးဇေတဝန်စာသင်တိုက်၏ ပဓာန နာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒာ သာမိဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်များက ပရိတ်တရားတော်များ ချီးမြှင့်ကာ ရေစက်သွန်းချအမျှပေးဝေသည်။

ထို့နောက် အလှူရှင်များက စတုဒိသာများဖြင့် ဘုရားဖူးလာ ပြည်သူများအား ကျွေးမွေးလှူဒါန်းကြသည်။

## ကျွေးမွေးလှူဒါန်း

အလားတူ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးနှင့် ဆုတောင်းပြည့် မယ်လမုစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ နှစ်သစ်မင်္ဂလာအခါတော်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ငါးပါးသီလဆောက်တည်ခြင်း၊ သဗ္ဗဇေယျမင်္ဂလာအောင်ဂါထာဖြင့် ပူဇော်ခြင်း၊ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ခြင်း၊ ဆုတောင်းခြင်းတို့ ပြုလုပ်ကြပြီး စေတနာရှင် အလှူရှင်များက စတုဒိသာများ ကျွေးမွေးလှူဒါန်းကြသည်။

ယနေ့ နှစ်ဆန်း ၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ရပ်ကွက်များတွင် လမ်းအလိုက် ဆရာတော်၊ သံဃာတော်များ ပင့်ဖိတ်၍ နှစ်သစ်မင်္ဂလာ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ပြုလုပ်ကြသည်ကို တွေ့ရသည်။ ထို့ပြင် မြန်မာ့နှစ်ဆန်း ၁ ရက်နေ့ ဖြစ်သည့်အားလျော်စွာ ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်း၊ အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ကြပြီး ခေါင်းလျှော်ပေးခြင်း၊ ခြေသည်းလက်သည်းညှပ်ပေးခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းစသည့် ကုသိုလ်ကောင်းမှု အလှူဒါနအစုစုတို့ ကျင်းပကြသည်ကို ရန်ကုန်တိုင်းဒေသကြီးသာမက မြန်မာပြည်အနှံ့ ကြည်နူးဖွယ်ရာတွေ့မြင်ရသည်မှာ မြန်မာတို့၏ဘိုးဘွားများလက်ထက်က စတင်ခဲ့သည့် ကောင်းမြတ်သော ရိုးရာယဉ်ကျေးမှုအစဉ်အလာ လက်ဆင့်ကမ်းအမွေအနှစ်ပုံရိပ်ကောင်းများပင် ဖြစ်ပေသည်။ **သတင်း- ကိုကိုဇော်၊ ကျော်ကျော်**

**ဓာတ်ပုံ- လင်းလတ်ကြယ်**



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့မြင်ရစဉ်။



မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဆုတောင်းပြည့်မယ်လမုစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့မြင်ရစဉ်။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာအခမ်းအနား ကျင်းပ



နေပြည်တော် မေ ၁၇

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ၁၃၈၄ ခုနှစ် မြန်မာ့နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော်နာ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**နာယူကြည်ညို**

ရှေးဦးစွာ ပျဉ်းမနားမြို့ မြို့မစမ်းမြိုင်ကျောင်းတိုက်သစ် ဆရာတော် ဦးဇိနောဒယထံမှ ငါးပါးသီလခံယူပြီး ဆရာတော်၊ သံဃာတော်များက အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် အနန္တရာယိကကမ္မဝါစာများကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာ ဒုတိယဝန်ကြီး၊ ဇနီးနှင့် မိသားစုနှင့် ဧည့်ပရိသတ်များက နာယူကြည်ညိုကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ဇနီးနှင့် မိသားစုနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကောင်းမှုကုသိုလ်အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်းနှင့် သာဓုအနုမောဒနာခေါ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၏ နှစ်သစ်ကူးမင်္ဂလာဆုတောင်းစကားများ



ဦးစိန်သန်း



ဦးဇော်ဇော်နိုင်



ဦးအောင်ဇော်ဝင်း



ဒေါ်ခင်ခင်မေ

**ဦးစိန်သန်း(ဗုဒ္ဓဘာသာ) (ဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

ယနေ့ဟာ မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ် ကုန်ဆုံးပြီး ၁၃၈၄ ခုနှစ်ကို ရောက်ရှိလာတဲ့ မြန်မာနှစ်ဆန်း ၁ ရက် နှစ်သစ်ကူးအခါသမယနေ့ ဖြစ်ပါတယ်...

ယနေ့ နှစ်ဆန်း(၁)ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းကြီးက မြန်မာပြည်တွင်းနေထိုင်ကြသူများအားလုံးနဲ့ ကမ္ဘာသူ/ ကမ္ဘာသားများအားလုံး ကျန်းမာရွှင်လန်းပြီး အေးချမ်းသာယာသော လူ့ဘောင်ဘဝကြီးကို ပိုင်ဆိုင်နိုင်ကြပါစေလို့ ဦးစွာဆုတောင်းအပ်ပါတယ်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ကြီးကလည်း ရှေ့လုပ်ငန်းစဉ်(၃)ရပ်ကို ချမှတ်ထားပါတယ်... အဲဒီလုပ်ငန်းစဉ်များကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှာ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနဲ့ နတ်ကိုးကွယ်မှုဆိုပြီး ဘာသာအယူအဆတွေ မတူကွဲပြားသော်လည်း ကိုးကွယ်ယုံကြည်သူ ပြည်သူများဟာ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးနဲ့ အယူဝါဒကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ရရှိနိုင်စေဖို့၊ မတူညီသော ဘာသာရေးနဲ့ အယူဝါဒကိုးကွယ်သူများအကြား ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်နဲ့အတူ တန်းတူညီစွာ ဆက်ဆံကြဖို့နဲ့ ကြီးနိုင်ငယ်ညှဉ်းနှိပ်စက်ခြင်းကင်းပြီး မိမိတို့ ကိုးကွယ်တဲ့ ဘာသာရေးနဲ့ အယူဝါဒတို့ရဲ့ အဆုံးအမကို ခံယူပြီး အေးငြိမ်းချမ်းသာသော လူ့ဘောင်အသိုင်းအဝိုင်းကို ထူထောင်တည်ဆောက်နိုင်ဖို့၊ ဘာသာမတူ၊ လူမျိုးမတူ၊ ကိုးကွယ်ယုံကြည်မှု မတူညီကြသော်လည်း အမိမြန်မာနိုင်ငံတော်အတွင်း အတူတကွမှီတင်းနေထိုင်ကြသူများဖြစ်တဲ့အတွက် မေတ္တာတရားရှေ့ထားကာ အဖွဲ့အစည်းအချင်းချင်း၊ လူမျိုးအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် အမိနိုင်ငံတော်အကျိုး၊ အမိနိုင်ငံတော်၏ အရေးကို ချစ်ကြည်ရင်းနှီးစွာဖြင့် ရှေးရှုပူးပေါင်းဆောင်ရွက်သွားဖို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ရဲ့ ၂၀၂၂ ခုနှစ် မေ ၃ ရက်မှာ ကျင်းပပြုလုပ်တဲ့(၄/၂၀၂၁-၂၀၂၂) အလုပ်အမှုဆောင်အစည်းအဝေးက ရှေ့လုပ်ငန်းစဉ် တစ်ရပ်အဖြစ် အတည်ပြုဆုံးဖြတ်ထားပါတယ်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းကြီးအနေနဲ့ မြန်မာပြည်ကြီးအတွင်း နေထိုင်ကြသူများအားလုံး အေးချမ်းသာယာပါစေကြောင်း ထပ်ဆင့်ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ...

**ဦးဇော်ဇော်နိုင် (ဟိန္ဒူဘာသာ) (ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

ဒီနှစ်သစ်မှာ အားလုံး စိတ်သစ်လူသစ်နဲ့ အားလုံးအေးချမ်းပြီး စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အဆင်ပြေကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ တစ်ခုကတော့ နှစ်ဟောင်းမှာ စိတ်မချမ်းသာစရာတွေ ကြားသိရတယ်။ ကျွန်တော်တို့ ဟိန္ဒူဗုဒ္ဓဘာသာအနေနဲ့ တစ်ခုလောက်တော့ မိဘပြည်သူများကို မေတ္တာရပ်ခံပြီး တင်ပြစရာရှိပါတယ်။ ဒါကတော့ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ကမ္ဘာလုံး ဒုက္ခရောက်ခဲ့ကြပြီး လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ကြရတယ်။ အဲဒီအတွက်ကြောင့် တစ်ကမ္ဘာလုံးကလည်း စိတ်မကောင်းဖြစ်ကြရတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေကလည်း စိတ်မကောင်းဖြစ်ကြရပါတယ်။ ဒါတွေက ဘာနဲ့ သက်ဆိုင်သလဲလို့ ခံယူထားလည်းဆိုရင် မေတ္တာတရား... မေတ္တာတရားထားဖို့လိုပါတယ်။ မေတ္တာတရားတွေထားရင် အဆင်ပြေမှာပါ။ သတ္တဝါတွေပေါ်မှာလည်း မေတ္တာတရားထားဖို့ လိုပါတယ်။ မြန်မာပြည်ဟာ တစ်ကမ္ဘာလုံးမှာ ချမ်းသာတာ တစ်ခုရှိပါတယ်။ အဲဒီဟာကတော့ မေတ္တာတရားပါ။ ဆရာ၊ မိဘတွေကို အလွန်ရိုသေတဲ့ လူမျိုးဟာ ကမ္ဘာပေါ်မှာ မြန်မာပြည်က နံပါတ်(၁)ပါ။ ပြီးခဲ့တဲ့နှစ်က စိတ်မချမ်းသာစရာတွေ တွေ့ရတယ်။ မေတ္တာတရားတွေ ခေါင်းပါးလာတယ်။ ဆရာကို ဆရာမှန်းမသိ၊ ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းမသိ၊ မိဘတွေကိုလည်း ပြောချင်တိုင်းပြော ဆိုချင်တိုင်းဆို၊ ဒါတွေကို နှစ်သစ်မှာ သင်္ကြန်ရေပက်ဖျန်းသလို ဆေးကြောလိုက်ပါ။ ဆေးကြောပြီးတော့ ဒီနှစ်သစ်မှာ မေတ္တာတရားထားလိုက်ပါ။ အစစအရာရာ အောင်မြင်ပါလိမ့်မယ်။ အခုချိန်က စပြီးတော့ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ပါစေ၊ ပြည်သူနဲ့ အစိုးရ လက်တွဲပြီးတော့ နိုင်ငံတော်သစ်ကြီးကို ချီတက်ကြပါစို့လို့ နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဦးအောင်ဇော်ဝင်း (အစ္စလာမ်ဘာသာ) (ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့)(ဗဟို)**

အားလုံးမင်္ဂလာပါခင်ဗျာ

၁၃၈၄ ခုနှစ် မြန်မာ့နှစ်သစ် အခါသမယမှာ မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားများအားလုံး စိတ်ချမ်းသာပြီးတော့ ကိုယ်ကျန်းမာပါစေကြောင်း ကျွန်တော်တို့ အစ္စလာမ်ဘာသာဝင် လူထုအနေနဲ့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်ကြီးဆိုရင်လည်းပဲ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ၊ တိုင်းရင်းသားပေါင်းစုံ နေထိုင်ကြတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်ပါတယ်။ စည်းလုံးချစ်ခင်ပြီးတော့ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်နေကြပါတယ်လို့ ပြောလို့ရပါတယ်။ ဘာသာမတူ လူမျိုးမတူပေမယ့် ချစ်ခင်လေးစားမှုကတော့ အပြန်လှန်ရှိကြပါတယ်။ ဒီအင်အားနဲ့ ကျွန်တော်တို့ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းပြီးတော့ လုပ်ဆောင်ကြပါစို့။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်လို့ ကျွန်တော်တို့ အစ္စလာမ်လူထုက ယုံကြည်ထားပါတယ်။ အင်အားသည် နိုင်ငံတော်အတွက် အရေးကြီးပါတယ်။ ပြည်သူ့အင်အားသည် နိုင်ငံ့အင်အားပဲ။ ကျွန်တော်တို့ ပြည်သူပြည်သားတွေအားလုံး စည်းလုံးချစ်ခင်စွာနဲ့ နိုင်ငံတော်နဲ့ ပူးပေါင်းပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ကြပါစို့လို့ ကျွန်တော်အထူးပဲ မေတ္တာရပ်ခံပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ ဖြစ်နေတဲ့ ကိုဗစ်- ၁၉ ရောဂါဟာ ကမ္ဘာတစ်ခုလုံးကို တုန်လှုပ်စေခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကိုဗစ်-၁၉ ရောဂါနဲ့ ပတ်သက်လို့ ကြီးကြီးမားမား ရိုက်ခတ်မှုတွေရှိခဲ့ပါတယ်။ ဒီ ကိုဗစ်-၁၉ ရောဂါ ကင်းဝေးပြီးတော့ နိုင်ငံသူနိုင်ငံသားများအားလုံး ကျန်းမာပါစေကြောင်း နှစ်သစ်ကူး ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

**ဒေါ်ခင်ခင်မေ (ခရစ်ယာန်ဘာသာ) (တွဲဖက်အတွင်းရေးမှူး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟို)**

မင်္ဂလာပါရှင့်

မြန်မာနိုင်ငံမှာ လူမျိုးပေါင်း ၁၃၅ မျိုး ရှိတဲ့အပြင် ဘာသာအယူဝါဒများစွာကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုထားတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီအတွက်လည်း ဘုရားသခင်ကို ချီးမွမ်းပါတယ်။ မြန်မာနိုင်ငံရဲ့ ယခုအချိန်မှာ အလိုအပ်ဆုံးဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရေပက်မဝင်အောင်တည်ဆောက်နိုင်ဖို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေနဲ့ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်သစ်ကူးအခါသမယမှာ အညစ်အကြေးများ၊ မကောင်းမှုများအားလုံးကို ဆေးကြောသန့်စင်ပြီး ကောင်းမွန်တဲ့ တိုင်းသစ်၊ ပြည်သစ်၊ လူသစ်၊ စိတ်သစ်နဲ့ လူ့ဘောင်သစ်ကို တည်ဆောက်နိုင်ဖို့အတွက် အချင်းချင်း မေတ္တာတရားနဲ့ ဘာသာပေါင်းစုံအားလုံး ချစ်ကြည်ညီညွတ်စွာ အတူလက်တွဲ တည်ဆောက်နိုင်ဖို့အတွက် တိုက်တွန်းလိုပါတယ်။ တစ်ဆက်တည်းမှာပဲ လာမယ့် အနာဂတ်ကာလမှာလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးဖို့အတွက် တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှာ ပါဝင်ဆောင်ရွက်တဲ့အခါမှာလည်း ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေ၊ ပြည်သူပြည်သားအားလုံး ဘေးဘယာကင်းဝေးပြီး လူ့ဘောင်သစ်ကြီးဆီသို့ ချီတက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

တွေ့ဆုံမေးမြန်း
လင်းလတ်ကြယ်၊ ကျော်ကျော်

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပြီး ပရိတ်ရေများ ရေလှောင်ကန်ကြီးများအတွင်းသွန်းလောင်း

ရန်ကုန် မေ ၁၇

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ က ကြီးမှူး၍ မြို့တော်နေပြည်သူများ ဘေးအန္တရာယ် အမျိုးမျိုးကင်းရှင်းစေရန်ရည်ရွယ်၍ ယနေ့ မြန်မာ သက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်ဆန်း ၁ ရက်နေ့တွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ် ပူဇော်ပြီး ပရိတ်ရေများကို ရေလှောင်ကန်ကြီးများ အတွင်း သွန်းလောင်းသည်။

ရှေးဦးစွာ အန္တရာယ်ကင်း ပရိတ်တရားတော် များ ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော် မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် ဇနီး၊ ဒုတိယ မြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ၎င်းတို့၏ဇနီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ယင်းနောက် သန်လျင်မြို့နယ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ် များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူ မြတ်များထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲများဆက်ကပ်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ ဆရာ တော်ကြီးများအား လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ သန်လျင်မြို့နယ် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ပရိသတ်များက အနု မောဒနာ တရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော်ကြီး များက အန္တရာယ်ကင်း ကမ္ဗဝါစာများ ရွတ်ဖတ်ပေး တော်မူကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင် သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။



ဆက်လက်၍ နံနက် ၁၁ နာရီတွင် ရေလှောင် ကန်ကြီးများအတွင်းသို့ အန္တရာယ်ကင်း ပရိတ်ရေ သွန်းလောင်းခြင်း အခမ်းအနားကို မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ရေကူးရေတွန်းစက်ရုံ၌ကျင်းပရာ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသ ဦးဆောင် သည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက သတ်မှတ်နေရာ၌ အန္တရာယ်ကင်းပရိတ်ရေများ သွန်းလောင်းပေးသည်။

ထို့နောက် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ဇနီး၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ ကော်မတီ ဝင်များ၊ ဌာနမှူးများနှင့် ၎င်းတို့၏ဇနီးများက အန္တရာယ်ကင်းပရိတ်ရေများ ဆက်လက်သွန်း လောင်းပေးကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူတို့ နှလုံးစိတ်ဝမ်းအေးချမ်းစေမည့် ရုပ်ရှင်ရုံများဖွင့်လှစ်မှုအပေါ် ဝမ်းသာပီတိစကားသံများ

ရန်ကုန် မေ ၁၇

မြန်မာ့ရုပ်ရှင်ကိုချစ်မြတ်နိုးကြသည့် ပြည်သူများအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားခဲ့သည့်ကာလတွင် ရုပ်ရှင်ရုံများလည်း ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ပိတ်ထားခဲ့ရာ ယခုအခါ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကျဆင်းလာခြင်းကြောင့် ပြည်သူတို့၏ မွန်းကျပ်နေသောစိတ်များ ပြေလျော့နိုင်စေရန် နိုင်ငံတစ်ဝန်းတွင်ရှိသော ရုပ်ရှင်ရုံများတွင် ပြသရန်အသင့်ရှိနေသော ရုပ်ရှင်ရုံပေါင်း ၄၈ ရုံအား ပြန်လည် ဖွင့်လှစ်ပြသခွင့်ပြုရာ ရန်ကုန်မြို့တွင် သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံအပါအဝင် ရုပ်ရှင်ရုံပေါင်း ၁၉ ရုံမှ မြန်မာဇာတ်ကားဖြစ်သော ဒါရိုက်တာ ညွန့်မြန်မာညီညီအောင်ရိုက်ကူးထားသည့် “ဝေးမနေချင်ဘူး” ဇာတ်ကား ကို တစ်ပြိုင်တည်း စတင်ပြသခဲ့ရာ ရုပ်ရှင်ချစ်ပြည်သူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြပြီး ထိုသို့ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ပြသနိုင်မှုအပေါ် ဝမ်းသာပီတိစကားသံများအား ဖော်ပြလိုက်ပါသည်-



ဦးလှသိန်း



ဦးသိန်းနိုင်



ဦးကြည်စိုးထွန်း



ဦးစောလွင်

**ဦးလှသိန်း (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှုဆောင်)**

ဒီနေ့ စပြမယ့်ဇာတ်ကားကတော့ “ဝေးမနေချင်ဘူး”ဇာတ်ကား ဖြစ်ပါ တယ်။ အဲဒီကားပြီးရင် သောကြာနေ့ ရောက်ရင် နောက်တစ်ကား “လိပ်ပြာ ထောင်ချောက်” ပြပါ့မယ်။ တစ်ပတ်ကို တစ်ကား နှုန်းနဲ့ပြမှာပါ။ အဲဒီလို ဇာတ် ကားတွေပြသရာမှာ ထုတ်လုပ်သူနဲ့ ရုံပိုင်ရှင်တွေနဲ့ ညှိနှိုင်းပြီး အဆင်ပြေတဲ့ ကားကို ရက်ချိတ်ပြီး ပြရတာပါ။ မြန်မာ နိုင်ငံ ရုပ်ရှင်အစည်းအရုံးရဲ့ သဘောတစ်ခု တည်းမဟုတ်ဘဲ ရုံရှင်၊ ကားရှင်တွေနဲ့ သုံးဦးသုံးဖလှယ် ညှိနှိုင်းပြီးပြရတာပါ။ ဒီနေ့စဖွင့်တာဆိုတော့ ပရိသတ်ကို ခန့်မှန်းလို့ မရသေးဘူး။ မြန်မာတစ်နိုင်ငံ လုံးမှာ တစ်ပတ်ကို တစ်ကားနှုန်းနဲ့ပြမှာ ပါ။ ရုပ်ရှင်တွေပြပြီး ပုံမှန်ခါတိုင်းလို လည်ပတ်နိုင်ပြီဆိုရင် ရိုက်ကူးရေးတွေ လည်း ပြန်စနိုင်ပါပြီ။ အဓိက ပြသရေးရဲ့ အနေအထားကိုကြည့်ရမှာပေါ့။ ပြသ ရေးကောင်းမယ်ဆိုရင် ရိုက်ကူးရေး လုပ်ငန်း စနိုင်တဲ့အတွက် ရုပ်ရှင် လောကသားတွေလည်း အလုပ်တွေပြန် ရပါပြီ။ ရန်ကုန်တိုင်းမှာ ရုပ်ရှင်ရုံ ၁၉ ရုံဖွင့်ပြီးတော့ တစ်ပြည်လုံးမှာဆိုရင် ရုံ ၅၀ ကျော် ပြသဖို့ရှိပါတယ်။ တချို့ရုပ်ရှင် ရုံတွေက စက်ပိုင်းဆိုင်ရာ၊ ရုံပိုင်းဆိုင်ရာ တွေ ပြုပြင်နေတာတွေရှိတယ်၊ ကျွန်တော် တို့ရုပ်ရှင်တွေကို အရင်လိုပဲ ပြန်ပြီး အားပေးကြပါ။ လုပ်ငန်းတွေလည်း ပုံမှန်ပြန်ပြီး လည်ပတ်အောင် ဖြစ်နိုင်သမျှကြိုးစားနေပါတယ်။ တချို့ ပိတ်ကားအပိုရှိတဲ့ ရုပ်ရှင်ရုံတွေဆိုရင် နိုင်ငံခြားကားတွေလည်း ပြသဖို့ရှိပါ တယ်။

**ဦးသိန်းနိုင် (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)**

တစ်နိုင်ငံလုံးကို ရုပ်ရှင်ရုံ ၆၀ ခန့် ဖွင့်မယ်လို့မှန်းထားပါတယ်။ တချို့ရုံတွေ က ပြုပြင်စရာတွေရှိတဲ့အတွက် တစ်နိုင်ငံ လုံးမှာဆိုရင် ဒီနေ့ ၄၈ ရုံကစပြီး ပြသပါ တယ်။ နောက်ရက်တွေမှာ ရုံတွေထပ်တိုး ပြီး ပြနိုင်မှာပါ။ ရန်ကုန်မှာ ၁၉ ရုံပြသဖို့ရှိပါ တယ်။ နောက်ပိုင်း စီးတီးမောတွေဖွင့်ရင် ထပ်တိုးပြသမှာပါ။ တစ်ပြည်လုံးကို ဒီနေ့ စဖွင့်ပြီး ရုပ်ရှင်လုပ်ငန်း ပြန်လည်နိုးထ ဖို့အတွက် မြန်မာဇာတ်ကား ခြောက်ကား ကို စပြသွားမှာပါ။ ဒီနေ့ပြမယ့်ဇာတ်ကား က “ဝေးမနေချင်ဘူး”၊ ဒါရိုက်တာက ညွန့်မြန်မာညီညီအောင်ပါ။ ဒီဇာတ်ကားနဲ့ စပြီးပြသပါတယ်။ ကျန်းမာရေးအရ ကြိုပြီးစစ်ဆေးထားတာရှိတယ်။ ကိုဗစ် စည်းကမ်းနဲ့အညီ၊ သတ်မှတ်ချက်နဲ့အညီ ထိုင်ခုံ နှစ်ခုံခြားပြဖို့ အစီအစဉ်လုပ်ထားပါ တယ်။ တချို့ရုံမှာ လာကြည့်ချင်တဲ့သူ တွေ လာမေးနေကြတာ ရှိတယ်လို့သိရ တယ်။ အားလုံးအတွက် ရုပ်ရှင်နဲ့ ပတ်သက်ပြီး ကြိုဆိုပါတယ်။ နိုင်ငံခြား ကားအနေနဲ့ ခွင့်ပြုထားတဲ့ကားဆိုရင် ထိုင်းကား နှစ်ကား၊ အိန္ဒိယဇာတ်ကား နှစ်ကား ရှိပါတယ်။ နှစ်ကားလုံး အက်ရှင် ဇာတ်ကားအသစ်တွေပါ။ တချို့ရုံတွေမှာ လည်း နှစ်ဆန်းတစ်ရက်နေ့အမီ နိုင်ငံ ခြားဇာတ်ကားကြိုက်တဲ့ ပရိသတ်တွေ ကြည့်နိုင်အောင် ပြဖို့စီစဉ်ထားပါတယ်။ တစ်နေ့ကို လေးပွဲနှုန်းနဲ့ ပြသွားမှာပါ။

**ဦးကြည်စိုးထွန်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**


ပျော်တာပေါ့ဗျာ၊ ကျွန်တော်တို့က ရုပ်ရှင်နဲ့တစ်သက်လုံး နေလာတာဆို တော့ ရုပ်ရှင်ကြည့်ရတာလည်း ပျော် တယ်၊ ရုပ်ရှင်ရိုက်ရတာလည်း ပျော်တယ်။ အခုလို ရုပ်ရှင်ရုံတွေဖွင့်တယ်၊ ပရိသတ် တွေ လာကြည့်ကြတယ်ဆိုရင် ကျွန်တော် တို့လောကသားတွေလည်း ပျော်ကြတာ ပေါ့။ ကျွန်တော်လည်း ပျော်တာပေါ့။ နောင်အလားအလာလည်း ကောင်းမှာပါ။ ပြည်သူတွေက စိတ်ဖိစီးနေကြတာ တော်တော်ကြာပြီလေ၊ စိတ်ပျော်ရွှင် အောင် ရုပ်ရှင်ရုံတွေဖွင့်တာကို ကျွန်တော် တို့က ကြိုဆိုပါတယ်၊ ဝမ်းလည်း ဝမ်းသာ တယ်။ ဘာပဲဖြစ်ဖြစ် ကိုယ့်တိုင်းပြည်ကြီး သာယာဝပြောနေရင် ကျေနပ်နေတာ အမှန်ပါပဲ။ ရုပ်ရှင်ဝါသနာပါတဲ့သူတိုင်း လာကြည့်ကြမှာပါ။ ပရိသတ်ကလည်း အရေးကြီးပါတယ်။ ရုပ်ရှင်လောကသား တွေအတွက် ပရိသတ်ဟာ ကျေးဇူးရှင် တွေပါ။

**ဦးစောလွင် (မင်္ဂလာကုမ္ပဏီ ဖြန့်ချိ/ကြော်ငြာမန်နေဂျာ)**

ကိုဗစ်ကာလကစပြီး ရုပ်ရှင်မပြတာ နှစ်နှစ်ခန့်ရှိပါပြီ။ ရုပ်ရှင်ရုံကို ပြန်ပြီးစိတ် ဝင်စားလာစေချင်တဲ့ စေတနာပါ။ ရုပ်ရှင် လုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတဲ့ အနေအထားဖြစ်အောင် ရုပ်ရှင်ရုံ တွေကိုပြန်လည်ဖွင့်လှစ်တာပါ။ ရုပ်ရှင် လောကတစ်ခုလုံး ရပ်ဆိုင်းနေရတဲ့ အတွက် ပြန်ပြီးတော့အားပေးစေချင်ပါ တယ်။ ရုပ်ရှင်ချစ်တဲ့ပရိသတ်ကို နှလုံး စိတ်ဝမ်းအေးချမ်းအောင် ရသမျိုးစုံပါဝင် တဲ့ ဇာတ်ကားများနဲ့ဖျော်ဖြေချင်ပါတယ်။ အဲဒီအတွက် ရုပ်ရှင်ရုံတွေပြန်လည်ဖွင့်ဖို့ ကြိုးစားခဲ့ကြတာပါ။ အဲဒါအပြင် ရုပ်ရှင် လောကသားတွေ စားဝတ်နေရေး အခက် အခဲတွေ ဖြေရှင်းနိုင်ဖို့ ဖွင့်လှစ်တာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မင်္ဂလာအုပ်စု အနေနဲ့ တစ်နိုင်ငံလုံးမှာ ရုပ်ရှင်ရုံ ၇၀ ခန့် ရှိပါတယ်။ ဒါပေမယ့် အားလုံးမဖွင့်နိုင် သေးဘူး။ ၂၅ ရုံလောက်ဖွင့်ဖို့ကြိုးစားနေ ပါတယ်။ ဒီနေ့မှာ ၁၅ ရုံဖွင့်ထားပါတယ်။ မြန်မာဇာတ်ကား၊ နိုင်ငံခြားဇာတ်ကား တွေပြသသွားမှာပါ။ ရုပ်ရှင်ရုံတွေ ပြန်ပြီး ဖွံ့ဖြိုးတိုးတက်အောင်၊ ရုပ်ရှင် လောကတစ်ခုလုံး ပြန်ပြီးအသက်ဝင် လာအောင် ကျွန်တော်တို့ ကြိုးစားနေ ကြပါတယ်။ အဲဒီအတွက်လည်းအားပေး ကြပါဦးလို့ ရုပ်ရှင်ချစ်တဲ့ မြန်မာပရိသတ် အပေါင်းကိုဖိတ်ခေါ်ပါတယ်။ ရိုက်ပြီး သားရုပ်ရှင်ဇာတ်ကား ၂၅၀ ခန့်ကို ပြသ ဖို့ အသင့်ရှိနေပါပြီ။ အဲဒီထဲက ကောင်းနိုး ရာရာကိုရွေးချယ်ပြီး တင်ဆက်ပေးသွား ပါ့မယ်။ ပရိသတ်စိတ်ဝင်စားနိုင်တဲ့ကား မျိုးလေးတွေပေါ့။ ပြန်ကြားရေးဝန်ကြီး ဌာနနဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး တို့ ပူးပေါင်းဆောင်ရွက်တဲ့ ပွဲလေးဖြစ်ပါ တယ်။ ဒီနေ့ရုပ်ရှင်ရုံတွေဖွင့်ရာမှာ ကျွန်တော်တို့ မင်္ဂလာအုပ်စုတစ်ခုတည်း မဟုတ်ဘဲ ဂျန်းရှင်း၊ မီဂါ၊ ပါရာဒီဆို၊ ရက် ရေးဒီးယန့်နဲ့ ဂလက်စီရုပ်ရှင်အုပ်စုတွေ အပြင် တချို့ရုံပိုင်ရှင်တွေရဲ့ ရုံတွေ လည်း တစ်ပြိုင်တည်းဖွင့်လှစ်ပြသသွား မှာပါ။ နိုင်ငံတစ်ဝန်းက ရုပ်ရှင်ချစ် မြန်မာပြည်သူအပေါင်း နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

တွေ့ဆုံမေးမြန်း-သင်းပျံ့၊ မွှေးမွှေး

# နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာဆက်ဆံရေးတိုးမြှင့်ရန် ဗြိတိန်ဝန်ကြီးချုပ် ဂျွန်ဆင် အိန္ဒိယသို့ သွားရောက်မည်


ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ ၂၀၂၁ ခုနှစ်အတွင်းက ဂျီ-၇ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံစဉ်။

လန်ဒန် မေ ၁၇

ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် အိန္ဒိယနိုင်ငံနှင့် နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာဆက်ဆံရေးတိုးမြှင့် ဆောင်ရွက်ရန် ယခုသီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်သည် မေ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် မိုဒီနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ပြီး ယင်းသို့ဆွေးနွေးရာတွင် ကာကွယ်ရေးနှင့် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို အဓိကဦးစားပေး ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းခရီးစဉ်သည် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ အိန္ဒိယနိုင်ငံသို့ ပထမဆုံးအကြိမ်သွားရောက်မည့် ခရီးစဉ်ဖြစ်လာမည်ဖြစ်ကြောင်းနှင့် ယခင်က အိန္ဒိယနိုင်ငံသို့ သွားရောက်ရန် စီစဉ်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေး၊ ကာကွယ်ရေး၊ စွမ်းအင်နှင့် စားနပ်ရိက္ခာဖူလုံရေးတို့တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်အတွက် ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး လစ်ထရက်စ်သည် ပြီးခဲ့သည့်လအတွင်းက အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်ခဲ့ကြောင်းလည်း သိရသည်။ **ကိုးကား-ဘီဘီစီ**

**ဘာသာပြန်-အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၆၀ ထပ်မံတွေ့ရှိ

ဟနွိုင်း မေ ၁၇

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၆၆၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူအားလုံးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ပြီး မြို့နှင့်ခရိုင် ၆၀ တို့မှ စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါရောဂါကူးစက်ခံရသူများအနက် မြို့တော်ဟနွိုင်း၌ ၁၂၅၃ ဦး၊ ရန်ဘိုင်မြို့၌ ၈၀၁ ဦးနှင့် ကွမ်နင်မြို့၌ ၇၇၈ ဦးတို့ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၀၄၃၂၅၄၇ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၉၄၄ ဦးရှိပြီဖြစ်သည်။ သို့သော် လူနာ ၈၉၃၆၈၄၆ ဦး (ရောဂါကူးစက်ခံရသူအားလုံး၏ ၈၆ ရာခိုင်နှုန်း)သည် ကျန်းမာရေးကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၂၀၉ ဒသမ ၅ သန်း ကျော်သုံးစွဲပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ်တစ်မျိုး အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

ပြုံယမ်း မေ ၁၇

မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ်တစ်မျိုးကို ယမန်နေ့က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုကို ခေါင်းဆောင်ကင်ဂျုံအန်က ကြီးကြပ်ကြည့်ရှုခဲ့ကြောင်း အာဏာရအလုပ်သမားပါတီသတင်းစာ ရိုဒေါင်ဆင်မန်က သတင်းဖော်ပြသည်။

ယင်းဒုံးကျည်အမျိုးအစားသစ်သည် တာတိုတိုက်ချင်းပစ် ဒုံးကျည်အမျိုးအစားဖြစ်ကြောင်း သိရသည်။

ဒုံးပစ်စင်မှ အဆိုပါဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုနှင့် ခေါင်းဆောင်ကင်က လက်ခုပ်တီးအားပေးမှုဆိုင်ရာ မှတ်တမ်းတင်ဓာတ်ပုံများကို အဆိုပါသတင်းစာက ဖော်ပြခဲ့သည်။

ယင်းသို့ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုဆိုင်ရာ ကြိုးပမ်းချက်များသည် နိုင်ငံ၏ နျူကလီးယားဖွံ့ဖြိုးမှုအစီအစဉ်ကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း ယင်းသတင်းစာတွင် ဖော်ပြထားသည်။

အဆိုပါဒုံးကျည်စမ်းသပ်ပစ်လွှတ်ခြင်းသည် မေ ၁၈ ရက်တွင် စတင်မည့် အမေရိကန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက သုံးသပ်ပြောကြားသည်။

မြောက်ကိုရီးယား၏ ငါးနှစ်တာ ကာကွယ်ရေးအစီအစဉ်ကို လွန်ခဲ့သောဇန်နဝါရီလတွင် ကြေညာခဲ့ပြီး တိုက်ချင်းပစ်ဒုံးကျည်ကဲ့သို့ ဒုံးကျည်အမျိုးအစားအများအပြားကို စမ်းသပ်ပစ်လွှတ်ပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၀၀၁ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် မေ ၁၇

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၃၀၀၁ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၇၃၀၅၇၅၂ ဦးရှိလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ယနေ့ပြောကြားသည်။

အဆိုပါရောဂါကူးစက်မှုသည် လွန်ခဲ့သော ရက်သတ္တပတ်အတွင်း နေ့စဉ်ကူးစက်မှုအရေအတွက် ထက် သိသိသာသာ လျော့ကျလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

မတ်လလယ်အတွင်း အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ်နှင့် BA2 မျိုးကွဲဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများ မြင့်တက်ခဲ့သော်လည်း လက်ရှိအချိန်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် လျော့ကျလာကြောင်း တောင်ကိုရီးယားရောဂါကာကွယ် ထိန်းချုပ်ရေးအေဂျင်စီက သတင်းထုတ်ပြန်သည်။

ယခုထပ်မံတွေ့ရှိသည့် ရောဂါကူးစက်ခံရသူများအနက် ၁၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများ ဖြစ်သည်။ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသည့် ရောဂါကူးစက်ခံရသူပေါင်း ၃၁၅၈၅ ဦးရှိလာပြီဖြစ်သည်။

လက်ရှိတွင် ရောဂါဆိုးရွားစွာခံစားနေရသူ ၈၉၃ ဦးရှိပြီး အဆိုပါအရေအတွက်သည် ယမန်နေ့က ထက် ၂၀ ဦး လျော့ကျသွားကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၂၀၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၀၉၂ ဦးရှိပြီဖြစ်သည်။ အဆိုပါသေဆုံးမှုနှုန်းသည် ရောဂါကူးစက်ခံရသူအားလုံး၏ သုည ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်သည်။

လက်ရှိတွင် ပြည်သူ ၄၄၅၂၆၄၇၁ ဦး (လူဦးရေ၏ ၈၆ ဒသမ ၈ ရာခိုင်နှုန်း)သည် ကာကွယ်ဆေးအပြည့် အဝ နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူအရေအတွက် ၃၃၀၀၈၆၂၉ ဦး (လူဦးရေ ၏ ၆၄ ဒသမ ၃ ရာခိုင်နှုန်း) ဖြစ်ကြောင်း သိရသည်။



**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၉၇၀၅ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မေ ၁၇

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၉၇၀၅ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၈၂၄၀၂ ဦးအထိ မြင့်တက်လာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါထပ်မံကူးစက်ခံရသူများအနက် လူဦးရေ ၃၀ သည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၉၆၇၅ ဦးသည် ဒေသတွင်း ကူးစက်ခံရသူများဖြစ်သည်။ အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၁၂ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၄၀၉ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်လူနာ ၁၄၃၄၆ ဦးရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၂၃၈၄၇၁ ဦးရှိပြီဖြစ်သည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၀၈၅၂၂ ဦးရှိပြီး ယင်းတို့အနက် ၁၃၄ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရသည်။ ၎င်းတို့အနက် ၈၁ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။ နိုင်ငံ၏လူဦးရေ ၈၄ ဒသမ ၅ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၈၀ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။ ယင်းတို့အနက် လူဦးရေ ၄၈ ဒသမ ၉ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

○ ကျောဖုံးမှ

မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၇၁ ဦး၊ အကျဉ်းသူ သုံးဦး စုစုပေါင်း ၇၄ ဦး လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့ပြီး နိုင်ငံခြားသား ၃၄ ဦး ပါဝင်ရာ ၎င်းတို့အား မန္တလေးတိုင်းဒေသကြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချို၀င်းထွန်းနှင့် အောင်မြေသာစံမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးလှစိုးတို့က ဆုံးမဩဝါဒစကားများပြောကြားခဲ့သည်။

ထိုသို့လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သည့် အကျဉ်းသား၊ အကျဉ်းသူများအား အကျဉ်းထောင်တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများ ဖြစ်သည့် အပူချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကာ ခရီးစရိတ်ငွေများပေးအပ်၍ အကျဉ်းထောင်မှ ထွက်ခွာစေခဲ့သည်။

မန္တလေးဗဟိုအကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မျိုးချွန်က "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နှစ်သစ်ကူးအခါ သမယအထိမ်းအမှတ်အနေနဲ့ ပြစ်ဒဏ်ကျခံနေရတဲ့ အကျဉ်းသား၊ အကျဉ်းသူတွေကို လွတ်ငြိမ်းသက်သာခွင့်ပေးခြင်း ဖြစ်ပါတယ်။ လွတ်ငြိမ်းသက်သာခွင့်ရရှိသူတွေကို ခံဝန်နဲ့လွတ်ပေးခြင်းလည်းဖြစ်ပါတယ်။ ဒီလိုလွတ်ငြိမ်းသက်သာခွင့်ပေးတဲ့အတွက် တာဝန်ရှိသူများအားလုံးကိုလည်း အကျဉ်းသား၊ အကျဉ်းသူများကိုယ်စား အထူး ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

လွတ်ငြိမ်းသက်သာခွင့်ရရှိခဲ့သူတစ်ဦးကလည်း "ဒီလိုနှစ်သစ်အခါသမယမှာ ပြစ်ဒဏ်ကနေလွတ်ငြိမ်းခွင့်ပေးတဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ကျခံရတဲ့ ပြစ်ဒဏ်နှစ်ရဲ့ တစ်ဝက်တောင်မနေခဲ့ရဘဲ လွတ်ငြိမ်းခွင့်ပေးတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌကြီးနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ အကျဉ်းထောင်များမှ အကျဉ်းသား ၁၀၆ ဦး၊ အကျဉ်းသူ သုံးဦး၊ ကုန်ထုတ်စခန်းများမှ အကျဉ်းသား ၅၁ ဦး၊ အကျဉ်းသူ ငါးဦး စုစုပေါင်း ၁၆၅ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ပြီး ၎င်းတို့ပြန်လိုသည့် နေရပ်အသီးသီးအလိုက် သဘော်ဆိပ်၊ ကားဂိတ်၊ မီးရထားဘူတာရုံတို့သို့ အကျဉ်းထောင်တာဝန်ရှိသူများက ကားများဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်/အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေရသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**နေပြည်တော် မေ ၁၇**

အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတို့တွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူ နိုင်ငံသား ၁၅၇၇ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၄၂ ဦး စုစုပေါင်း ၁၆၁၉ ဦးတို့ကို ယနေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ခြင်းကြောင့် ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အကျဉ်းထောင်၊ အချုပ်ထောင် စခန်းအသီးသီးမှ အကျဉ်းကျခံနေကြသော အကျဉ်းသား၊ အကျဉ်းသူ ၁၅၇၇ ဦးနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၄၂ ဦးတို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန်ကျန်ရှိသောပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်းနှင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူတို့ကို ပြည်နှင်ဒဏ်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူ၌ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား ၂၁ ဦး လွတ်မြောက်

**တောင်ငူ မေ ၁၇**

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထုစိတ်နှလုံး အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် ယနေ့နံနက် ၉ နာရီ က တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား ၂၁ ဦးလွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ပြန်လည် လွတ်မြောက်သည့် တောင်ငူအကျဉ်းထောင်မှ အကျဉ်းသား ၁၄ ဦး၊ လေးမိုင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ခုနစ်ဦး စုစုပေါင်း ၂၁ ဦးအား တောင်ငူ အကျဉ်းဦးစီးဌာနမှူးများက အကျဉ်းထောင်ရိပ်သာ ဆောင်အတွင်း၌ ရာဇဝတ်ကျင့်ထုံး ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)အရ "နောက်တစ်ကြိမ်ပြစ်မှုကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး နေရပ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းကာ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(တောင်ငူ)**

# မြိတ်မြို့နယ်၌ အကျဉ်းသား/သူ စုစုပေါင်း ၅၆ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**မြိတ် မေ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် မြိတ်အကျဉ်းထောင်၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်းနှင့် နတ်စင်ကုန်း ကုန်ထုတ်စခန်းခွဲတို့မှ အကျဉ်းသား/သူ ၅၆ ဦးအား လွတ်ပေးခဲ့ကြောင်း သိရသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွှတ်ပေးရာတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား/သူများအနက် မြိတ်အကျဉ်းထောင်မှ အကျဉ်းသား ကိုးဦး၊ အကျဉ်းသူ နှစ်ဦး၊ ကျောက်ဖြူတောင်ကုန်ထုတ်စခန်းမှ အကျဉ်းသား ၂၁ ဦး၊ နတ်စင်ကုန်း ကုန်ထုတ်စခန်းခွဲမှ အကျဉ်းသား ၂၄ ဦး စုစုပေါင်း ၅၆ ဦးတို့အား ယနေ့ နံနက်ပိုင်းက အဆိုပါနေရာများတွင် တာဝန်ရှိသူများက ဆုံးမစကားများပြောကြား၍ ထောင်လွတ်လက်မှတ်၊ စားစရိတ်နှင့် ခရီးစရိတ်များပေးပြီး လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**ခိုင်ထူး(မြိတ် ပြန်/ဆက်)**

■




# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား၊ အကျဉ်းသူ ၄၀ လွတ်မြောက်

**စစ်တွေ မေ ၁၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ အကျဉ်းထောင်များမှ အကျဉ်းသား၊ အကျဉ်းသူ ၄၀ လွတ်မြောက်ကြောင်း သိရသည်။

မြန်မာနှစ်သစ်မင်္ဂလာအခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့်လည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အကျဉ်းထောင်၊ အချုပ်ထောင် အသီးသီးတွင် အကျဉ်းကျခံနေကြရသော အကျဉ်းသား၊ အကျဉ်းသူများအား ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မ ခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ကျခံရန်ကျန်ရှိသော ယင်းတို့ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထိုသို့ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးရာတွင် စစ်တွေအကျဉ်းထောင်မှ အကျဉ်းသား ရှစ်ဦး၊ ဘူးသီးတောင်အကျဉ်းထောင်မှ အကျဉ်းသား ၁၃ ဦး၊ အကျဉ်းသူ ခုနစ်ဦး၊ ကျောက်ဖြူအကျဉ်းထောင်မှ အကျဉ်းသား ခြောက်ဦးနှင့် သံတွဲအကျဉ်းထောင်မှ အကျဉ်းသား ခြောက်ဦး စုစုပေါင်း ၄၀ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ လွတ်မြောက်လာသူများအား မိသားစုဝင်များ၊ သူငယ်ချင်းနှင့် မိတ်ဆွေများက ရင်းနှီးပျော်ရွှင်စွာ ကြိုဆိုကြကြောင်း သိရသည်။ **တင်ထွန်း(စစ်တွေ)**



# အင်းစိန်ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား ၁၅၄ ဦး၊ အကျဉ်းသူ ခြောက်ဦး ပေါင်း ၁၆၀ တို့ကို စနစ်တကျလွှတ်ပေး

**ရန်ကုန် မေ ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသား၊ အကျဉ်းသူများအနက် အကျဉ်းသား ၁၅၄ ဦး၊ အကျဉ်းသူ ခြောက်ဦး ပေါင်း ၁၆၀ တို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ(၁)အရ "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်" ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသောပြစ်ဒဏ်များကို လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့ရာ ယနေ့ နံနက် ၁၁ နာရီခန့်တွင် စနစ်တကျပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ဖြင့် အကျဉ်းသား၊ အကျဉ်းသူများကို လွှတ်ပေးသည့် အခမ်းအနားကို အင်းစိန်ဗဟိုအကျဉ်းထောင်ဝန်းမိုးလုံလေလုံ အားကစားရုံခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦး၊ အင်းစိန်ဗဟိုအကျဉ်းထောင်တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လင်းအောင်၊ ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် အကျဉ်းထောင် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဦးနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်းတို့က လွတ်မြောက်သည့် အကျဉ်းသား၊ အကျဉ်းသူများကို ဆုံးမဩဝါဒစကားပြောကြားကာ အကျဉ်းသား၊ အကျဉ်းသူများကို ထောင်လွတ်လက်မှတ်၊ စားစရိတ်၊ ခရီးစရိတ်နှင့် လုပ်အားခငွေများ ပေးအပ်ကာ သက်ဆိုင်ရာမြို့နယ်အလိုက် YBS ယာဉ်များဖြင့် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်အန္တရာယ် ကင်းဝေးစေချင်



မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်မီးပြည့်မီရေးအတွက် ဝန်နှင့်အား မျှတစေရန် ကျားကန်၍ ကြိုးစားဖြန့်ဝေနေပါသည်။ ထို့ကြောင့် လျှပ်စစ်မီးကို မလိုအပ်ဘဲ မသုံးရန်၊ မဖြုန်းတီးရန်၊ စနစ်တကျ သုံးစွဲရန်၊ ချွေချွေတာတာသုံးစွဲရန် လိုအပ်ပါသည်။ ဓာတ်အားမဖြုန်း၊ ချွေတာသုံးဖြင့်ပင် မိသားစုအတွက်လည်း မီတာခကုန်ကျမှု သက်သာစေမည်ဖြစ်ကာ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေပါမည်။ ထို့ကြောင့် "လျှပ်စစ်မီးကို ချွေတာလို၊ မလိုလျှင် မဖွင့်နှင့်"ဟု အစဉ်သတိပေးနှိုးဆော်လျက်ရှိပါသည်။

ရုပ်ဝတ္ထုပစ္စည်းများနှင့် နည်းပညာများ တစ်နေ့တခြား တိုးတက်လာသော ယနေ့ကမ္ဘာကြီးတွင် လျှပ်စစ်မီးက ၂၄ နာရီပတ်လုံး လိုအပ်ချက်ဖြစ်နေပါသည်။ ထို့ကြောင့် လျှပ်စစ်မီးကို စနစ်တကျ သုံးစွဲတတ်လျှင် လွန်စွာအကျိုးဖြစ်ထွန်းသကဲ့သို့ နည်းမှန်လမ်းမှန် မသုံးစွဲပါက အသက်သေဆုံးရသည်အထိ အန္တရာယ်များလွန်းပါသည်။ မြန်မာနိုင်ငံ၏ ဥတုရာသီမရွေး၊ ချိန်ခါမရွေး ဖြစ်ပေါ်နေသော မီးဘေးအန္တရာယ်များတွင် မီးလောင်ရသည့်အကြောင်းများအနက် လျှပ်စစ်မီး(မီးခလုတ်များ)ကို ကိုင်တွယ်သုံးစွဲသူ၏ မေ့လျော့မှုကြောင့် ဖြစ်ပေါ်ရသော ပေါ့ဆမီးအန္တရာယ်က အများဆုံးဖြစ်သည်။

**ဘေးအန္တရာယ်ကင်းစွာ သုံးစွဲနည်း**

တစ်မိသားစုမှသည် တစ်တိုင်းပြည်လုံး လျှပ်စစ်မီးကို ဘေးအန္တရာယ်ကင်းရှင်းစွာသုံးစွဲရန်အတွက် အောက်ဖော်ပြပါ ရှောင်ရန်/ ဆောင်ရန် နည်းလမ်းကောင်းများဖြင့် အကြံပြုတိုက်တွန်းလိုပါသည်။

- လျှပ်စစ်ဓာတ်အားကို ဘယ်သောအခါမှု ပေါ့လျော့စွာ အသုံးမပြုပါနှင့်။
- ရေစိုသောလက်ဖြင့် ခလုတ်များ ဖွင့်ခြင်း/ ပိတ်ခြင်း၊ Socket နှင့် Plug များအား ဖြုတ်ခြင်း/ တပ်ခြင်း စသည်တို့ လုံးဝမပြုလုပ်ပါနှင့်။
- လျှပ်စစ်မီတာပုံး၊ လျှပ်စစ်ဓာတ်အားလိုင်းတို့ကိုလည်း ခွင့်ပြုချက်မရှိဘဲ မိမိသဘောဖြင့် ကိုင်တွယ်ပြုပြင်ခြင်း မပြုရ။
- ဓာတ်တိုင်များအပေါ် မည်သည့်အကြောင်းကြောင့်မျှ မတက်ပါနှင့်။
- ဟန်းဖုန်းများ၊ ကွန်ပျူတာများကိုလည်း ဘက်ထရီအားဖြည့်ရာ၌ လိုအပ်ချိန်ထက် ပိုမိုကြာမြင့်စွာ အားဖြည့်ခြင်း မလုပ်သင့်ပေ။ ထိုသို့ပြုလုပ်ခြင်းက ဘက်ထရီလောင်စေရုံမျှမက စက်ပစ္စည်းသက်တမ်းလည်း လျော့သွားစေပါသည်။
- မလိုအပ်သော မီးချောင်း၊ မီးလုံး၊ မီးခလုတ်များကို မပိတ်ဘဲထားရှိခြင်း၊ လူရှိသည်ဖြစ်စေ/ မရှိသည်ဖြစ်စေ ပန်ကာ(သို့မဟုတ်) လေအေးပေးစက်များကို ဆက်တိုက်ဖွင့်ထားခြင်းက ဓာတ်အားလေလွင့်စေရုံမျှမက အပူလောင်ကာ မီးလောင်ကျွမ်းစေတတ်သည်။
- လျှပ်စစ်ကြိုးများကို သံဆန်ခါ၊ သွပ်မိုး၊ သံထည်ပစ္စည်း စသည့် လျှပ်ကူးပစ္စည်းများနှင့် ထိတွေ့၊ ချည်နှောင်၊ သွယ်တန်းသုံးစွဲခြင်းမပြုရ။
- ယာယီအသုံးပြုသည့် ဝိုင်ယာကြိုးပျော့များနှင့် Extension Board များကို ၂၅ ပေထက် ကျော်လွန်အသုံးမပြုပါနှင့်။ ရှည်လျားရှုပ်ထွေးစွာအသုံးမပြုပါနှင့်။ ယင်းတို့မှ ထပ်မံဆင့်ပွား၊ ဖောက်ကူးသုံးစွဲခြင်းများ မပြုလုပ်ပါနှင့်။

**လုပ်ဆောင်ရန် နည်းလမ်းကောင်းများ**

- ကလေးငယ်များကို မီးခလုတ်၊ ပလပ်ပေါက်များ ဆော့ကစားခြင်းမပြုရန်နှင့် လျှပ်စစ်အန္တရာယ် လွန်စွာကြောက်စရာကောင်းကြောင်း သင်ပြပါ (ဖြစ်နိုင်လျှင် ဓာတ်လိုက်စေနိုင်သည့် ပစ္စည်းများကို ကလေးများ မတွေ့ထိနိုင်သည့်နေရာတွင်ထားပါ)
- ကွဲအက်ပျက်စီးနေသော မီးခလုတ်၊ မီးခေါင်း၊ ပလပ်ပင် စသည့်လျှပ်စစ်ပစ္စည်းများကို ဆက်လက်သုံးစွဲခြင်းမပြုဘဲ ကျွမ်းကျင်နားလည်သော လျှပ်စစ်လုပ်သားများဖြင့်သာ အမြန်လဲလှယ်သုံးစွဲပါ။
- လျှပ်စစ်မီး ပျက်နေလျှင်သော်လည်းကောင်း၊ လျှပ်စစ်ပစ္စည်းကိရိယာများ ပျက်စီးချို့ယွင်းနေလျှင်သော်လည်းကောင်း၊ ၎င်းတို့ကို တပ်ဆင်ခြင်း/ ပြင်ဆင်ခြင်းများ ပြုလုပ်ပါက မိမိကိုယ်တိုင် ပြင်ဆင်မှုကို လုံးဝမလုပ်ဘဲ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိထားသူ ကျွမ်းကျင်သူများနှင့်သာ ဆက်သွယ်ဆောင်ရွက်ပါ။
- လျှပ်စစ်ကြိုး၊ လျှပ်စစ်ပစ္စည်း၊ လျှပ်ကူးပစ္စည်းမှန်လျှင် ဓာတ်အားရှိနိုင်သည်ကို အမြဲယူဆပါ။ ထို့ကြောင့် အသုံးမပြုသည့် လျှပ်စစ်ပစ္စည်းများ၏ ပလပ်ခေါင်းများကို ဆော့ကတ်များမှ ဖြုတ်ထားသင့်ပါသည်။
- လျှပ်စစ်ပစ္စည်းကိရိယာများ သုံးစွဲနေစဉ် ဓာတ်အားပြတ်တောက်သွားပါက ဓာတ်အားဆက်သွယ်မှုခလုတ်ကို ချက်ချင်းပိတ်ရန် မမေ့ပါနှင့်။
- ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေသည့် Energy Saving Lamps များကို သုံးစွဲခြင်းက လျှပ်စစ်မီးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်သလို မီတာခလည်း သက်သာစေပါသည်။
- မိသားစုများ နေအိမ်မှ အပြင်သို့သွားလာကြမည်ဆိုပါက ပင်မခလုတ် (Main Switch) ကို ပိတ်ခဲ့ပါ။
- လျှပ်စစ်ကြောင့် အပူလွန်ကဲမီးလောင်ခြင်း၊ ဓာတ်လိုက်ခြင်း စသည့် လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်ပါက မိန်းခလုတ်ကို အမြန်ပိတ်ပါ။
- လျှပ်စစ်ပစ္စည်းကိရိယာများ၊ မီးပလပ်၊ ခလုတ်၊ ဝိုင်ယာကြိုး စသည်တို့တွင် ကွဲအက်၊ ပျက်စီး၊ ဆွေးမြည့်၊ ပေါက်ပြဲမှုများ ဖြစ်ပေါ်ပါက ဆက်လက်အသုံးမပြုဘဲ စနစ်တကျ ဖြုတ်သိမ်းလဲလှယ်ပါ။
- လေအေးပေးစက် Air Con များ၏ အပူချိန်ကို နေသာထိုင်သာရှိသည့် 24 – 25 ဒီဂရီ

ရုပ်ဝတ္ထုပစ္စည်းများနှင့် နည်းပညာများ တစ်နေ့တခြား တိုးတက်လာသော ယနေ့ကမ္ဘာကြီးတွင် လျှပ်စစ်မီးက ၂၄ နာရီပတ်လုံး လိုအပ်ချက်ဖြစ်နေပါသည်။ ထို့ကြောင့် လျှပ်စစ်မီးကို စနစ်တကျသုံးစွဲတတ်လျှင် လွန်စွာအကျိုးဖြစ်ထွန်းသကဲ့သို့ နည်းမှန် လမ်းမှန် မသုံးစွဲပါက အသက်သေဆုံးရသည်အထိ အန္တရာယ်များလွန်းပါသည်။ မြန်မာနိုင်ငံ၏ ဥတုရာသီမရွေး၊ ချိန်ခါမရွေး ဖြစ်ပေါ်နေသော မီးဘေးအန္တရာယ်များတွင် မီးလောင်ရသည့်အကြောင်းများအနက် လျှပ်စစ်မီး(မီးခလုတ်များ)ကို ကိုင်တွယ်သုံးစွဲသူ၏ မေ့လျော့မှုကြောင့် ဖြစ်ပေါ်ရသော ပေါ့ဆမီးအန္တရာယ်က အများဆုံးဖြစ်

## ပေါက်ပေါက်

စင်တီဂရိတ်ခန့်တွင်သာ အသုံးပြုခြင်းက လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲရေးအတွက် လွန်စွာထိရောက်မှုရှိပါသည်။

**သတိထားရမည့် လျှပ်စစ်ဓာတ်ကြိုးများ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သွယ်တန်းထားသောဓာတ်ကြိုးများ၏ အရည်အသွေးနှင့်ပတ်သက်၍ နှစ်ပေါင်း ၅၀ ကျော်ကြာ အသုံးပြုခဲ့သည့် အရည်အသွေးပြည့်မီမှုမရှိသော ဓာတ်ကြိုးများဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို မှတ်သားမိပါသည်။ မှန်ပေသည်။ ရန်ကုန်မြို့အပါအဝင် မြို့နယ်များရှိ လမ်းတော်တော်များများမှာ ဖြတ်သန်းသွားလာနေကြရသောသူများ၏ ခေါင်းပေါ်ရှိ ဓာတ်ကြိုးအသိုက်အဝန်းကြီးက ရင်လေးစရာဖြစ်ပါသည်။ လူငယ်တစ်ဦး ဘောလုံးကစားရင်း ခြံစည်းရိုးကို ကိုင်မိရာက ဓာတ်လိုက်သေဆုံးခြင်း၊ စည်ပင်သာယာဈေးအတွင်း ဈေးထိုင်ရောင်းနေသည့် ဈေးသည်တစ်ဦးအပေါ် ဓာတ်ကြိုးပျက်ကျ၍ သေဆုံးခြင်း၊ ဓာတ်ကြိုးနှင့် မလွတ်ကင်းသော သစ်ပင်ထက် (မဲဇလီဖူးခူးရန်) တက်စဉ် ဓာတ်လိုက်သေဆုံးခြင်း၊ မြို့လယ်တိုက်ခန်းတစ်ခု၏ ဝရန်တာ၌ ဓာတ်ကြိုးနှင့် မလွတ်ကင်းသော အဝတ်ကြိုးတန်းကို ကိုင်မိ၍ သေဆုံးရခြင်း စသည်တို့အပြင် တခြားသော ဓာတ်လိုက်သေဆုံးမှု ဖြစ်စဉ်များလည်း အများအပြား ကြုံတွေ့နေကြရကြောင်း သတင်းမှတ်တမ်းများအရ သိရပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံတစ်ဝန်း မိုးရာသီကာလအတွင်း ဓာတ်ကြိုးပျက်ကျမှုကြောင့် ဓာတ်လိုက်သေဆုံးမှုဖြစ်စဉ်များလည်း ရှိနေပါသည်။ ပြီးခဲ့သောနှစ်များအတွင်း ထူးခြားဖြစ်စဉ်များအဖြစ် မိသားစုသုံးဦး ဓာတ်လိုက်၍ တစ်ပြိုင်နက် သေဆုံးခြင်း၊ ဆင်ခြေဖုံးမြို့နယ်တစ်ခု၌ မိုးရေဗွက်ထဲ ပျတ်ကျနေသော ဓာတ်ကြိုးပေါ် ဖြတ်သွားမိသည့် အင်္ဂမတန်းကျောင်းသားလေးတစ်ဦး သေဆုံးရခြင်းတို့မှာ ကြေကွဲဖွယ်ဖြစ်ပါသည်။

ထို့ကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများက 33 KV ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်အားလိုင်းအသစ်များ တည်ဆောက်ခြင်းနှင့် စည်ပင်နယ်နိမိတ်ပေါ်ရှိ ဓာတ်တိုင်ဓာတ်ကြိုးများကို ဥတုရာသီမရွေး ရှင်းလင်းလျက်ရှိပါသည်။ သို့သော် ဖွံ့ဖြိုးဆဲဖြစ်သော မြန်မာနိုင်ငံတွင် ဘတ်ဂျက်အနေအထားအရသော်လည်းကောင်း၊ အရေးပေါ်အဆင့်အလိုက် စီမံနေရ၍သော်လည်းကောင်း ယနေ့အချိန်အထိ ဓာတ်ကြိုးဓာတ်တိုင်ရှင်းလင်းမှုက အလုံးစုံမပြီးမြောက်သေးသဖြင့် အများပြည်သူတို့က သတိပြုနေထိုင်သွားလာကြစေလိုသည်။

**ဓာတ်လိုက်ခံရသော လက္ခဏာများ**

လျှပ်စစ်ဓာတ်လိုက်ခံရပါက အသက်ရှူလမ်းကြောင်း ကမောက်ကမဖြစ်ကာ ရုတ်တရက် လဲကျသွားခြင်း၊ ကြွက်သားများ ရှုံ့တွကျုံ့သွားခြင်း၊ မီးလောင်ခံရသလို အသားကျက်သွားခြင်း၊ လေသင်တုန်းဖြတ်သွားခြင်း၊ ခန္ဓာကိုယ်တွင်း ရေဓာတ်ဆုံးရှုံးသွားခြင်း၊ မီးလောင်ဒဏ်ရာရခြင်း (သို့မဟုတ်) အသားများကွဲအက်ခြင်း၊ သွေးခဲခြင်း၊ တစ်သျှူးများသေသွားခြင်း၊ နှလုံးနှင့် ကျောက်ကပ်ပျက်စီးသွားခြင်း၊ ရုတ်တရက် နှလုံးခုန်ရပ်ပြီး သေဆုံးနိုင်ခြင်း စသည်တို့ဖြစ်ပေါ်စေနိုင်ပါသည်။ စာမျက်နှာ ၁၇ သို့ ❁

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားတော်နာယူခြင်းအခမ်းအနား ကျင်းပ





နေပြည်တော် မေ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ နှစ်သစ်ကူး အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် အဆိုပါ ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပျဉ်းမနားမြို့ တံခွန်တိုင်ကျောင်းနှင့် ကိုးခန်းကြီး ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သီဟသုဓမ္မမဏိဇောတဓရ ဒေါက်တာ အောင်ကျော်ဝင်းနှင့် ဇနီး ပြည်ထောင်စုဝန်ကြီး သုဓမ္မသိင်္ဂီ ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း/ အမှုထမ်းများနှင့် မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကိုးခန်းကြီး ကျောင်းတိုက်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ သာသနဓဇ ဓမ္မာစရိယ ဝိနယဝိဒူဘဒ္ဒန္တ အာစိန္တ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**





# မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

မန္တလေး မေ ၁၇

ယနေ့ကျရောက်သော နှစ်သစ်ကူးပြောင်းသည့် မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ဘုရားစေတီပုထိုးများနှင့် မြို့နယ်၊ ရပ်ကွက်များ၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသူများ၊ သီတင်းသီလဆောက်တည်ကြသူများ နှင့် ဇီဝိတဒါန ဘေးမဲ့လွှတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်အရုဏ်တက်မှစ၍ မဟာမုနိရုပ်ပွားတော်မြတ်အား မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး မန္တလေးဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများက ရွှေသင်္ကန်းကပ်လှူခြင်း၊ ပန်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ငါးကန်တွင် ဇီဝိတဒါန ငါးလွှတ်ခြင်း၊ အစာကျွေးခြင်းစသည့် ကောင်းမှုအစုစုတို့ကို ယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာမပျက် ကုသိုလ်ဘာဝနာပွားများကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

ထို့ပြင် အောင်တော်မူ မြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ စွယ်တော်မြတ်စေတီ၊ မန္တလေးတောင်၊ ကုသိုလ်တော်၊ စန္ဒမုနိဘုရား၊ ကျောက်တော်ကြီးဘုရား၊ ကျောက်စိမ်းစေတီတော်စသည့် ဘုရားတို့တွင်လည်း ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ စေတနာရှင် အလှူရှင်များကလည်း စတုဒိသာ အကျွေးအမွေးများဖြင့် ဧည့်ခံကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များကလည်း တိရစ္ဆာန်များကို ဘေးမဲ့လွှတ်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်းနှင့် သက်ကြီးဘိုးဘွားများအား တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ပေးခြင်း၊ ကန်တော့ခြင်း၊ ဂါရဝပြု အလှူပစ္စည်းများထောက်ပံ့ခြင်းစသည့် ကုသိုလ်ဒါနများကိုလည်း ပြုလုပ်ကြသည်။

ညနေပိုင်းတွင် မန္တလေးမြို့အတွင်းရှိ ရပ်ကွက်များ၊ လမ်းများ၊ ဓမ္မာရုံများ၌ ဆရာတော်၊ သံဃာတော်များပင့်ဖိတ်၍ အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ကမ္မဝါစာများ နာကြားကြကာ နှစ်သစ်တွင် မကောင်းမှုကင်းစင်၍ ကောင်းမှုမင်္ဂလာများတိုးပွားစေရန် ကုသိုလ်ပွားများကြကာ မြန်မာ့နှစ်ဆန်း ၁ ရက် နှစ်သစ်မင်္ဂလာအခါသမယနေ့တွင် မန္တလေးမြို့တော် တစ်ခွင်လုံး၌ ကုသိုလ်ကောင်းမှု ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

**မောင်အေးချမ်း**

❁ စာမျက်နှာ ၁၆ မှ

### ဓာတ်လိုက်ခံရသူကို ကယ်တင်ရမည့်နည်းစနစ်များ

မိမိမျက်စိရှေ့မှာ ဓာတ်လိုက်ခံနေရသူကို မြင်တွေ့ရသောအခါ အောက်ပါနည်းများအတိုင်း တစ်ဆင့်ချင်းစီ လုပ်ဆောင်ပါ။

- ဓာတ်လိုက်ခံရသူကို ချက်ချင်းသွားမထိပါနှင့်။ မိမိကိုယ်ကို လျှပ်စစ်စီးကြောင်း စက်ကွင်းမှ လွတ်အောင်ဝေးရာသို့ အမြန်ခုန်ရှောင်လိုက်ပါ (သင်အန္တရာယ်ကင်းမှသာ ထိုဓာတ်လိုက်ခံနေရသူကို ကယ်တင်ပေးနိုင်မည်ဖြစ်ပေသည်)
- ဓာတ်လိုက်ခံနေရသူသည် မီးခလုတ်ကို လက်ကကိုင်လျက် တန်းလန်းဖြစ်နေပါလျှင် ထိုသူကို လျှပ်စီးကြောင်းပြတ်တောက်စေရန်အတွက် မီတာပုံးမှ ဖျူးကို အမြန်ဖြုတ်ချလိုက်ပါ။ အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် မီတာပုံးမှ ဖျူးကို ဖြုတ်ချရန် အဆင်မပြေပါက တံမြက်စည်းလက်ကိုင်အရိုး ( သို့မဟုတ်) ရေမစိုသောဝါးလုံး၊ သစ်သားတုတ် (သို့မဟုတ်) သတင်းစာစက္ကူ (သို့မဟုတ်) ကော်ပေတံ စသည့် လျှပ်စီးကြောင်းမကူးစေသောပစ္စည်းတို့ဖြင့် ထိုသူကိုင်နေသော မီးခလုတ်ကို ပိတ်ပေးပါ။
- မလွှဲသာ၍ မိန်းလိုင်းကိုမပိတ်ရဘဲ လူကို ဝင်ကယ်ရမည်ဆိုပါက မိမိခြေထောက်ချရမည့်နေရာတွင် ရေစွတ်စိုနေခြင်းမရှိရန် သတိရှိပါစေ။ သို့မဟုတ်ပါက မိမိကိုပါ ဓာတ်လိုက်ခံရပါလိမ့်မည်။
- ရော်ဘာဖိနပ်ခြောက်ခြောက်ကို စီးပြီး ဝင်ကူပါက ပို၍ စိတ်ချရပါသည်။
- ဓာတ်လိုက်ခံနေရသူ၏ ခြေ၊ လက်များကို ကိုင်ဆွဲမည်ပြုပါက ထိုသူ၏ အဝတ်အစားများကို ခြောက်သွေ့သောနေရာမှ အားပြုပြီး ဆွဲယူသင့်ပါသည်။
- လူနာ လျှပ်စီးအန္တရာယ်မှ ကင်းလွတ်ကြောင်း သေချာသွားပြီဆိုမှသာ သင့်လက်ဖြင့် သူ့ကို စတင်ထိတွေ့ကိုင်တွယ်ပါ။

**ဓာတ်လိုက်ခံရသူကို ရှေးဦးသူနာပြုစုနည်း**

ဓာတ်လိုက်ခံရပါက ရုတ်တရက် တုန်/ခုန်စွာ ခံစားရပါသည်။ အကယ်၍ ဗို့အားပြင်းထန်ပါက ချက်ချင်းအသက်ဆုံးရှုံးသွားသည်အထိ ဖြစ်စေနိုင်ပါသည်။ ဓာတ်လိုက်ခံရသည့်အခါ များသောအားဖြင့် သတိလစ်မေ့မြော၍ နှလုံးခုန်ရပ်တန့်သွားစေပါသည်။

- နှလုံးပြန်ခုန်လာစေပြီး အသက်ရှူနိုင်အောင် CPR (ခေါ်) နှလုံး၊ အဆုတ်တို့ကို ပြန်လည်အလုပ်လုပ်စေသည့် ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုပေးရပါမည်။ (က) မိမိကယ်တင်လိုက်သော လူနာသည် နှလုံးရော အသက်ရှူပါ ရပ်တန့်နေသည်ကို တွေ့ရပါက ထိုသူ၏ ရင်ဘတ်ကို လက်မြန်ခြေမြန်ဖြင့် တစ်ချက်နှစ်ချက်ထုပေးပါ။ လျှပ်စစ်ဓာတ်အားအရှိန်ဖြင့် ရပ်တန့်နေသောနှလုံး ပြန်လည်လှုပ်ရှားလာပါလိမ့်မည်။ (ခ) ထိုအခါ ဓာတ်လိုက်ခံရသူ၏ နှာခေါင်းပေါက်ကို လက်ဖြင့်ပိတ်လိုက်ပါ။ (ဂ) ပြီးနောက် လူနာ၏ပါးစပ်ကို မိမိ၏ပါးစပ်ဖြင့်အုပ်ပြီး ၎င်း၏အဆုတ်အတွင်းသို့ လေကိုမှုတ်သွင်းပေးပါ။ (ဃ) ရင်ဘတ်ဖောင်းကြွလာသည်ကို စောင့်ကြည့်ပြီးနောက် မိမိ၏ပါးစပ်ကို ၎င်း၏ပါးစပ်မှ ဖယ်ထုတ်ပါ။ (င) ဤနည်းအတိုင်း တစ်မိနစ်လျှင် ဆယ်ကြိမ်ခန့် မှန်မှန်အသက်ပြန်ရှူလာသည်အထိ ပြုလုပ်ပေးပါ။ တတ်နိုင်သမျှ လျင်မြန်စွာဆောင်ရွက်ပေးဖို့ လိုပါသည်။
- မီးလောင်ဒဏ်ရာသေးငယ်ပါက အပူလောင်ပျောက်ဆေးတစ်ခုခု လိမ်းပေးနိုင်ပါသည်။ မီးလောင်ဒဏ်ရာကြီးမားပါက ကြမ်းကြမ်းတမ်းတမ်း မကိုင်မိပါစေနှင့်။ လူနာတင်ယာဉ် ရောက်လာသည်အထိ စောင့်ပါ။

(အထူးသတိပြုရန်) မိုးဖွဲဖွဲကျနေချိန် ဓာတ်ပုံရိုက်စဉ် ကင်မရာထဲမှထွက်လာသော အလင်းရောင်နှင့် လမ်းမထက်ဓာတ်မီးတိုင်ရှိ ဗို့အားပြည့် လျှပ်စစ်စီးကြောင်းများ ရုတ်တရက်ထိတွေ့ခြင်းက ကင်မရာမင်း (ဓာတ်ပုံရိုက်ပေးသူ)ကို ဓာတ်လိုက်၍ အသက်ဆုံးရှုံးစေကြောင်း သာဓကများစွာရှိ၍ ဆင်ခြင်ကြစေလိုပါသည်။

အချုပ်အားဖြင့်ဆိုသော် လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးနှင့် ရှောင်ကြဉ်ရမည့်အချက်များ များစွာရှိကြသော်လည်း နေ့စဉ်ဘဝမှာ သတိတရား၊ အသိတရားလက်ကိုင်ထားပြီး လုပ်ဆောင်ပြုမူခြင်းက အလေ့အကျင့်ကောင်း ဖြစ်လာစေပါမည်။ အလေ့အကျင့်ကောင်းမှသည် အလေ့အထကောင်း ဖြစ်လာပြီး ခက်ခဲသောနည်းလမ်း မဟုတ်တော့ပေ။ ထိုအခါ လျှပ်စစ်မီးကို အခြေခံသော ပေါ့ဆမီးအန္တရာယ်က ကင်းဝေးကြမည် ဖြစ်ပါကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

# သက်ကြီးပူဇော်ပွဲနှင့် ဗီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**ဘားအံ မေ ၁၇**

မြန်မာတိုင်းရင်းသားလူမျိုးများ၏ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို အစဉ်အလာမပျက်ထိန်းသိမ်း စောင့်ရှောက်သောအားဖြင့် ကရင်ပြည်နယ်အစိုးရ အဖွဲ့က ကြီးမှူးကျင်းပသော ၁၃၈၄ ခုနှစ် မြန်မာ နှစ်ဆန်း ၁ ရက်နေ့ သက်ကြီးပူဇော်ပွဲ အခမ်းအနား ကို ယနေ့နံနက် ၈ နာရီက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

**ကန်တော့**

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်း အနားကို ဖွင့်လှစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီး အကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘားအံမြို့ပေါ် ရပ်ကွက်များမှ တိုင်းရင်းသားပြည်သူများက သက်ကြီး အဘိုးအဘွားများအား ဦးသုံးကြိမ်ချ၍ ကန်တော့ကြ သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်



တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်အကြီးအကဲများက အခမ်းအနားသို့ တက်ရောက်လာသော သက်ကြီးအဘိုး အဘွားများ အား လှူဖွယ်ပစ္စည်းနှင့် ပူဇော်ကန်တော့ငွေများ ပေးအပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် ဘားအံမြို့ပေါ် (၉)ရပ်ကွက်ရှိ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီး အဘိုးအဘွား ၅၄ ဦး တက်ရောက်ကြပြီး အခမ်းအနား သို့ တက်ရောက်နိုင်ခြင်းမရှိသော အသက်(၈၅)နှစ်နှင့် အထက် အဘိုးအဘွား ၂၇၇ ဦး စုစုပေါင်းအဘိုးအဘွား ၃၃၁ ဦးတို့အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့က တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီဖြင့် စုစုပေါင်းပူဇော် ကန်တော့ငွေကျပ် ၁၆၅၅၀၀၀၀ ကို လည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနက အဘိုးအဘွားများအတွက် လုံချည်၊ အင်္ကျီနှင့် ဆပ်ပြာတို့ကို လည်းကောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက စောင်၊ မျက်နှာ သုတ်ပဝါနှင့် ရေခွက်တစ်လုံးစီကို လည်းကောင်း၊ ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနက ငွေကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများကို လည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့မှ အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ကို လည်းကောင်း လှူဒါန်းကြပြီး အခမ်းအနားအပြီးတွင် ပြည်နယ် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့က အထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့၊ ခုတင်(၅၀)ဆံ့ ဘားအံ တိုင်းရင်းဆေးရုံမှ ဆရာဝန်နှင့် သူနာပြုအဖွဲ့များက အဘိုးအဘွားများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ထားဝယ်မြို့၌ ဗီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ထားဝယ် မေ ၁၇**

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် နံနက် ၇ နာရီက ဗီဝိတဒါန ငါးလွှတ်ပွဲကို ထားဝယ်မြို့ ဒေါင်းငူ/ တံငါရပ်ကွက် ဆိပ်ကမ်းသာ ဗောတံတား၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရား လွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ လူမှုရေးအသင်းအဖွဲ့ များက ကကတစ် ငါးသားပေါက် ၂၀၀၀၀ အား ဆိပ်ကမ်းသာ ဗောတံတားပေါ်မှ ထားဝယ်မြစ် အတွင်းသို့ ကုသိုလ်ပြု ဗီဝိတဒါန ငါးလွှတ်ပေးသည်။

ထို့နောက် အသက် ၉၀ နှင့် အထက် သက်ကြီးပူဇော်ပွဲအခမ်း အနားကို နံနက် ၉ နာရီတွင် သာသနာ့ ဗိမာန်တော်ကြီး၌ ဆက်လက်ကျင်းပရာ တိုင်းဒေသ ကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဖိတ်ကြားထားသော ဧည့်သည်တော်များက အဘိုး အဘွား ၃၀ တို့အား ပူဇော် ကန်တော့ခဲ့ကြသည်။

ဆက်လက်၍တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ က အဘိုးအဘွားများအား အလှူငွေများနှင့် ကန်တော့လက်ဆောင် ပစ္စည်းများပေးအပ်ကာ အဘိုး အဘွားများအား ထားဝယ်ပြည်သူ့ ဆေးရုံကြီးမှ ဆရာဝန်များအဖွဲ့ က ကျန်းမာရေးစစ်ဆေးကုသပေး သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့က အသက် ၉၀ အထက် အဘိုး အဘွား ၂၆၀ တို့အား အိမ်တိုင် ရာရောက် အလှူငွေများနှင့် ကန်တော့လက်ဆောင်ပစ္စည်းများ ပေးအပ်မည်ဖြစ်ပြီး ကန်တော့ လက်ဆောင်ပစ္စည်း တန်ဖိုးငွေ စုစုပေါင်းမှာ ကျပ်သိန်း ၁၃၀ ဖြစ် ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးတွင် နှစ်ဆန်း ၁ ရက်နေ့ ဗီဝိတဒါန ငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့

**ပဲခူး မေ ၁၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် နှစ်ဆန်း ၁ ရက် နံနက် ပိုင်းက ဗီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွား များအား ပူဇော်ကန်တော့ခြင်းအခမ်းအနား ကျင်းပ သည်။

ပဲခူးမြို့ ဥသျှောင်ဂေါက်ကွင်းအတွင်းရှိ သဘာဝ ရေပြင်၌ ဗီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့်ဇနီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများက ငါးမြစ်ချင်း၊ ငါးကြင်းရွှေဝါ၊ ငါးခုံးမကြီး စုစုပေါင်းကောင်ရေ ၁၅၀၀၀၀ ကို သဘာဝရေပြင်အတွင်းသို့ လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီးတွင် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**လှူဒါန်း**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ဘိုးဘွားများအား ကန်တော့ချိုးဖြင့် ရှိခိုးကန်တော့ကြပြီး အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြရာ ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုပေးစကား ပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ပဲခူးမြို့ပေါ်ရပ်ကွက် ၃၁ ရပ်ကွက်မှ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၁၁၉၈ ဦးနှင့် သပြေကုန်းဘိုးဘွားရိပ်သာမှ ဘိုးဘွား ၂၆ ဦး စုစုပေါင်း ၁၂၂၄ ဦးတို့အား ပူဇော်ကန်တော့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မိုးကောင်း မဟာမြတ်မုနိဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**လွိုင်ကော် မေ ၁၇**

ကယားပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မိုးကောင်းမဟာ မြတ်မုနိဘုရားကြီးအား ရေသပ္ပာယ်ပူဇော်ခြင်း မင်္ဂလာအခမ်း အနားကို ယနေ့နံနက် ၆ နာရီခွဲက လွိုင်ကော်မြို့ မင်္ဂလာရပ်ကွက် မိုးကောင်း မဟာမြတ်မုနိဘုရားကြီးဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ကယား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ကယားပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက မိုးကောင်း မဟာမြတ်မုနိ ဘုရားကြီးနှင့် ဂြိုဟ်နံ ဘုရားများ အား အမွှေးနံ့သာများဖြင့် ရေသပ္ပာယ်ပူဇော်ခဲ့ကြကြောင်း သိရ သည်။

**ခရိုင်(ပြန်/ဆက်)**

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၁၇**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေး တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## မော်လမြိုင်မြို့၌ တည်ထားကိုးကွယ်တော်မူသည့် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးနှင့် ဣန္ဒာသယသိဒ္ဓိရှင် နဂါးမောက်စေတီတော်မြတ်ကြီးတို့အား ဖူးမြော်



နေပြည်တော် မေ ၁၇

မွန်ပြည်နယ် မော်လမြိုင်မြို့၌ တည်ထားကိုးကွယ်တော်မူသည့် မဟာမြတ်မုနိ ရုပ်ပွားတော်မြတ်ကြီးအား ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်၍ မျက်နှာတော် ရောင်တော်ဖွင့်ခြင်းများ ဆောင်ရွက်ပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ပူဇော်ကာ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

**ပူဇော်**

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဣန္ဒာသယသိဒ္ဓိရှင် နဂါးမောက်စေတီတော်မြတ်ကြီးအတွင်း တည်ထားကိုးကွယ်သည့် စကျင်ကျောက်တော်ဖြင့် နဂါးရုံဘုရားထုလုပ်နေမှုကို ကြည့်ရှုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ပူဇော်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အမ်းတပ်နယ် တပ်ရင်း/တပ်ဖွဲ့များ၏ (၁၂)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ



နေပြည်တော် မေ ၁၇

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အမ်းတပ်နယ် တပ်ရင်း/တပ်ဖွဲ့များ၏ (၁၂) ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဓမ္မသုခဗိမာန်တော်၌ ကျင်းပရာ အမ်းမြို့ မဟာဂန္ဓာရုံ အေးရိပ်သာ ကျောင်းတိုက်ဆရာတော် မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) သာသနဓဇဓမ္မာစရိယ ဘဒ္ဒန္တပဏ္ဍိတသာရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာဂန္ဓာရုံ အေးရိပ်သာကျောင်းတိုက် ဆရာတော် ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တ နန္ဒမာလာက အောင်ဂါထာကို ရွတ်ဖတ်ပူဇော်ပြီး မဟာဂန္ဓာရုံ အေးရိပ်သာ ကျောင်းတိုက်ဆရာတော်က ဩဝါဒစကား ချီးမြှင့်တော်မူသည်။

ထို့နောက် အမ်းမြို့ သံဃနာယကအဖွဲ့(ရွှေကျင်) အကျိုးတော်ဆောင် သာသနဝန်ဆောင် ဇေတဝန် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညာစာရက ပဋ္ဌာန်းတိုက်တွန်းလွှာကို ဖတ်ကြားကာ အလှည့်ကျ ဆရာတော်က အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်ပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကချင်ပြည်နယ်ရှိ ရုပ်ရှင်ရုံများ ပြန်လည်ပြသ

မြစ်ကြီးနား မေ ၁၇

၂၀၂၀ ပြည့်နှစ် မတ်လအတွင်းမှစ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ရုပ်ရှင်ပြသခြင်းလုပ်ငန်းများ ရပ်ဆိုင်းထားခဲ့ရာ ယနေ့ မြန်မာနှစ်ဆန်း ၁ ရက် (မေ ၁၇ ရက်)မှစတင်ကာ ရုပ်ရှင်ရုံများ ပြန်လည်ပြသခွင့်ပြုခဲ့သဖြင့် ကချင်ပြည်နယ်အတွင်း ပြည်သူများ အပန်းဖြေ ပျော်ရွှင်နိုင်စေရေး ရုပ်ရှင်ရုံများ ပြန်လည်ပြသပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရုပ်ရှင်ရုံများပြန်လည်ပြသရာတွင် မြစ်ကြီးနားမြို့ရှိ ဧရာ ၊ မြို့ဂုဏ်ရောင် ၊ မိုင်းကောင်းမြို့ရှိ ဧရာမိုးကောင်း၊ ဗန်းမော်မြို့ရှိ ဇမ္ဗူဒီပါ စသည့်ရုပ်ရှင်ရုံတို့တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ကိုဗစ်-၁၉ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ရုပ်ရှင်ပြသရာတွင် လိုက်နာဆောင်ရွက်ရမည့် စံပြုသတ်မှတ်ချက်နှင့်အညီ ပြသလျက်ရှိသည်။

**စတင်ပြသ**

ယင်းသို့ပြသလျက်ရှိရာ မြစ်ကြီးနားမြို့ရှိ ဧရာရုပ်ရှင်ရုံတွင် "ဝေးမနေချင်ဘူး" ရုပ်ရှင်ကားဖြင့် ယနေ့တွင် စတင်ပြသလျက်ရှိပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ပြသမည်ဖြစ်ကြောင်း ၎င်းရုပ်ရှင်ရုံ ပိုင်ရှင်က ပြောသည်။ အလားတူ မိုးညှင်းမြို့ရှိ ရွှေပြည်တော်ရုပ်ရှင်ရုံ၊ ဖားကန့်မြို့ရှိ Dai Zuk ရုပ်ရှင်ရုံနှင့် ဗန်းမော်မြို့ရှိ စတားရုပ်ရှင်ရုံတို့တွင်လည်း ရုပ်ရှင်ပြန်လည်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရုပ်ရှင်ရုံပိုင်ရှင်များထံမှ သိရသည်။

**ဝေဖြိုးလေး**





## တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မေ ၁၇

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အရှေ့ခါးရိုး ပရိယတ္တိစာသင်တိုက်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ယွန်းကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မ အလှူငွေများ၊ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပုံပြင်

## ရဲရင့်သူနှင့် တွေဝေသူ

**မင်းယုဝေ**

တစ်ခါက တရုတ်ပြည်တွင် အတော်အတန်ကြီးမားသော ရွာကြီးတစ်ရွာ ရှိသည်။ ထိုရွာကြီး၏ အရှေ့ဘက်ခြမ်းတွင် ချမ်းသာသောသူများ နေထိုင်ကြပြီး ရွာ၏ အနောက်ဘက်ခြမ်းတွင် ဆင်းရဲသောသူများ နေထိုင်ကြသည်။ ရွာ၏အရှေ့ဘက်ခြမ်း၌ နေသူများမှာ ချမ်းသာကြသည့်အလျောက် နေအိမ်များမှာလည်း ကြီးမားခံ့ညားထည်ဝါသည်။ စည်းစိမ်ဥစ္စာနှင့်လည်း ပြည့်စုံကြသည်။ အနောက်ဘက်ခြမ်းရှိ နေအိမ်များမှာမူ သေးငယ်ပြီး နုံချာကြသည်။

တစ်နေ့တွင် ဆင်းရဲသားတစ်ယောက်သည် အရှေ့ဘက်ခြမ်းရှိ ချမ်းသာသောသူ၏ မိတ်ဆွေတစ်ယောက်ထံ ဘုရားဖူးခရီးထွက်ရန် သွားခေါ်သည်။ သူတို့သွားဖူးမည့်ဘုရားသည် သူတို့နေထိုင်သောရွာနှင့် မိုင် ၅၀၀ ကျော် ကွာဝေးသည်။ တန်ခိုးလည်း အင်မတန်ကြီးမားသည်။ ထို့ပြင် ဘုရားသို့သွားရာ လမ်းတစ်လျှောက်တွင်လည်း မြင့်မားသော တောင်များ၊ နက်ရှိုင်းသော မြစ်၊ ချောင်းများက ကာဆီးထားပေသေးသည်။ ကြမ်းတမ်းခက်ထန်သော ခရီးပင်ဖြစ်သည်။

ထိုအခါ ချမ်းသာသောသူသည် ထိုခရီးကြမ်းကြီးကို သွားရန်မဝံ့မရဲဖြစ်နေသည်။ သူက...

"ဒီခရီးကြမ်းကြီးကို ရင်ဆိုင်ဖို့ ဘာပစ္စည်းတွေများ မင်း ပြင်ဆင်ထားပြီလဲ" ဟု မေးသည်။

ဆင်းရဲသားက...

"ဘာမျှ ထူးထူးထွေထွေ ယူစရာမလိုပါဘူး။ ထမင်းစားဖို့ပန်းကန်ပြားတစ်ချပ်ရယ်၊ ရေသောက်ဖို့ ရေခွက်တစ်လုံးရယ် ပါရင်ပြီးတာပဲ။ ငါတော့ အဲဒါတွေပဲ ယူမယ်"ဟု ပြန်ဖြေသည်။

ထိုစကားကို ကြားသောအခါ ချမ်းသာသောသူသည် ထိုခရီးကိုပို၍ မလိုက်ဝံ့တော့ပေ။ သူကား သက်သောင့်သက်သာ စည်းစိမ်ရှိစွာနေလာသူ ဖြစ်သည်။ ဤလို ခရီးကြမ်းမျိုးတွင် ဆင်းရဲဒုက္ခခံကာ မလိုက်ရဲပေ။ ထို့ကြောင့်...

"ငါလည်း အဲဒီဘုရား သွားဖူးဖို့ စီစဉ်နေပါတယ်၊ဒါပေမဲ့ ယူသွားမယ့်ပစ္စည်းတွေ စုဆောင်းနေတာ မပြည့်စုံသေးဘူးကွ၊ ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်း ကျန်နေသေးတယ်၊ ဒါကြောင့် မင်းပဲ အရင်သွားနှင့်ပါ၊ ငါ ပစ္စည်းတွေစုပြီး စုံရင်လိုက်လာခဲ့ပါ့မယ်" ဟု ပြောဆိုသည်။

ထို့ကြောင့် ဆင်းရဲသားလည်း ရေခွက်တစ်လုံး၊ ပန်းကန်ပြားတစ်ချပ်ဖြင့် ဘုရားဖူးခရီး ထွက်လာခဲ့သည်။

ခရီးလမ်းတွင် တွေ့ကြုံရသော အခက်အခဲများကို ဇွဲ၊ သတ္တိရှိရှိဖြင့် ရင်ဆိုင်ကျော်လွှားပြီး ဆင်းရဲသားသည် သူ၏ခရီးပန်းတိုင်ကို ရောက်ရှိလာခဲ့သည်။ သူသည် တန်ခိုးကြီးဘုရားကို အားရအောင်ဖူးမြော်ပြီး နေရင်းဒေသသို့ ပြန်လာခဲ့လေသည်။ အပြန်လမ်းတွင်လည်း ဆင်းရဲသားသည် အခက်အခဲမျိုးစုံကို ကျော်လွှားနိုင်ခဲ့သည်။ ရက်ပေါင်းများစွာ ကြာသောအခါ သူသည် နေရင်းဒေသသို့ ပြန်ရောက်လာသည်။

သူသည် သူ့မိတ်ဆွေသူဌေးသားထံ သွားရောက် တွေ့ဆုံနှုတ်ဆက်သည်။ မိတ်ဆွေသူဌေးသားသည်ကား သူ ပြန်ရောက်လာသည့်အချိန်အထိ ဘုရားဖူးသွားရန်ပစ္စည်းများ စုဆောင်း၍ မပြည့်စုံသေးပေ။ ။

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

## ကဗျာ


### နှစ်ကူးပွဲ

သွေ့ယောင်းရိုးကျင်၊ ခက်လက်ခွင်မှ
လေယာဉ်စီးခို၊ စုံမြိုင်ညို့ဝယ်
ရွှေလိုတစ်ဝက်၊ ညိုတစ်ဝက်သည်
ညောင်းရွက်လေချိခဲ့လေပြီ။
အရွက်နုနု၊ ပုရစ်ဖုတို့
ပြေလုပြေခင်၊ စုံတစ်ခွင်ဝယ်
စိုလွင်ညက်ညက်၊ ဖြာဖြာထွက်၍
မြရွက်ဝေစည်ကြလေပြီ။
ကံ့ကော်ရင်ခတ်၊ ပိတောက်မြတ်တို့
ညွတ်ညွတ်ဝေဆာ၊ မြိုင်ဖွေ့ချာဝယ်
ထိန်ဝါဝေမြူး၊ ရွှေရည်လူးသည်
ပွင့်ဖူးငုံအာ ကြလေပြီ။
မြိုင်တကြောဝယ်
ဥသြငှက်ရှင်၊ တေးသံလွင်ကို
ချိုရွှင်ငြိမ့်လေး၊ ရင့်ကူကြွေးခဲ့
နုကွေးပုရစ်၊ ဖူးစသစ်၍
မြစစ်ဝတ်ရုံ၊ လွှမ်းကာခြုံမှ
ကခုန်ရော်ရွက်၊ ဝဲပျံလျက်တည့်
ညွှန့်ခက်ဝေမောက်၊ ရွှေပိတောက်တို့
လေနှောက်ရာစီ၊ ယိမ်းချက်ညီသော်
ရှင်ကြည်ပိုက်ကဲ၊ နှစ်ကူးပွဲသည်
သဲသဲခြိမ့်ခြိမ့် ညာပြီတကား။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ဘ၀

# လူငယ်များသိသင့်သော ခေါင်းဆောင်မှု

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

သမိုင်းတစ်လျှောက် “ခေါင်းဆောင်မှု” ဆိုတာ ဘာလဲ၊ ဒီခေါင်းဆောင်မှုဆိုတဲ့အရာဟာ တန်ဖိုးအလေးထား ဂရုပြုလောက်တဲ့အရာဖြစ်အောင် ဘယ်သူတွေက အသွင်ဆောင်လာခဲ့ကြသလဲဆိုတာ အစဉ်တစိုက်လေ့လာခဲ့ကြပါတယ်။ ခေါင်းဆောင်ရဲ့ အရည်အချင်း ဘယ်ရွေ့ဘယ်မျှဆိုတာကတော့ အားလုံးတစ်ပြေးညီ လက်ခံထားပြီးသလိုပါပဲ။ ဒါပေမဲ့ ဒီခေါင်းဆောင်မှုအပေါ် နားလည်မှု၊ ခေါင်းဆောင်မှု သီအိုရီနဲ့ ယေဘုယျသဘော သဘာ၀တွေကိုတော့ ကျွန်တော်တို့ သိခဲ့ပြီးဖြစ်ပါတယ်။ ဂျူလီယက်ဆီဇာ၊ မာတင်လူသာကင်း၊ မိုးဇက်၊ မာခီယာဗယ်လီ၊ ဂျိမ်းစ် မက်ဒီဆန်တို့လို ခေါင်းဆောင်မှုဆိုတဲ့သရုပ်ကို ထင်ဟပ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေကိုလည်း သမိုင်းနှင့် လူမှုရေးသုတေသနပြုချက်တွေမှာ တူးဖော်ကြည့်နိုင်ပါတယ်။

ဂန္ဓီ၊ ဗီအိုင်၊ လီနင်၊ ၀င်စတန်ချာချီ၊ အယ်လီနာရူစဗဲ့၊ ချားလ်ဒီဂေါ၊ မော်စီတုန်း၊ ချက်စတာဘားနက်ဒ်၊ မာတင်လူသာကင်း (ဂျူနီယာ)၊ ဂွန်ဂတ်ဒ်နာနှင့် ဟင်နရီကစ်ဆင်းလျား စတဲ့ခေါင်းဆောင်တွေဆီကလည်း မတူကွဲပြားခြားနားတဲ့ စံပြုမှတ်တမ်းတင်စရာ ဉာဏ်ပညာအရည်အသွေးတွေကိုလည်း သိရှိခဲ့ကြပြီဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ကို လေ့လာရင် တွေ့ရမှာကတော့ ရုပ်ခန္ဓာကြံ့ခိုင်သန်စွမ်းတဲ့ သမားရိုးကျအလုပ်ကြမ်းသမားကြီးတွေ မဟုတ်ဘူးဆိုတာ သိရုံမျှနဲ့တော့ လုံလောက်မှုမရှိပေဘူး။ ဘယ်လိုလူတွေ ဘယ်လိုခေါင်းဆောင်ကြတယ်ဆိုတာကိုတော့ ကျွန်တော်တို့ နည်းနည်းပါးပါး ရေးတေးတေး နားလည်မှုရှိလာကြပြီလို့ ဆိုနိုင်ပါတယ်။ ဒီလိုနားလည်လာဖို့ဆိုတာ လွယ်တဲ့အလုပ်မဟုတ်ပါဘူး။ ဆယ်စုနှစ်ပေါင်းများစွာ ပညာရှင်တွေ ဆန်းစစ်အကဲဖြတ်မှုတွေကနေ ခေါင်းဆောင်မှုနဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်ပေါင်း ၈၅၀ မက ရှိခဲ့ပြီးပါပြီ။ လွန်ခဲ့တဲ့ ၇၅ နှစ်ပတ်လုံး ခေါင်းဆောင်တွေနဲ့ ပတ်သက်တဲ့ ကိုယ်တွေ့အဖြစ်အပျက်တွေကိုလည်း အနုစာပေထောင်ပေါင်းများစွာ ရေးသားထုတ်ဖော်ခဲ့ပြီးဖြစ်ပါတယ်။


ဒါပေမဲ့ ခေါင်းဆောင်နဲ့ ခေါင်းဆောင်မဟုတ်သူတို့ကြား ဘယ်လိုကွဲပြားခြားနားတယ်ဆိုတာ ရှင်းရှင်းလင်းလင်း မသိခဲ့ကြဘူး။ ဒီထက်ပိုပြီး အရေးကြီးနိုင်တာကတော့ ဘယ်ဟာကအလုပ်ဖြစ်တဲ့ ခေါင်းဆောင်လဲ၊ ဘယ်ဟာကအလုပ်မဖြစ်တဲ့ ခေါင်းဆောင်လဲ ဆိုတာရယ်၊ ဘယ်အဖွဲ့အစည်းမျိုးက အလုပ်ဖြစ်မှာလဲ၊ ဘယ်အဖွဲ့အစည်းမျိုးက အလုပ်မဖြစ်မှာလဲဆိုတာကို သိမြင်ဖို့ပါပဲ။ ခေါင်းဆောင်မှုနဲ့ ပတ်သက်လို့ အမျိုးမျိုးအဖုံဖုံ အဓိပ္ပာယ်ကောက်ယူမှုတွေကလည်း ရှိနေပါတယ်။ အဓိပ္ပာယ်ကောက်ယူမှု တစ်ခုချင်းစီက ပင်ကိုအစွမ်းအစ ထိုးထွင်းသိမြင်မှုသဘောကို ဖော်ပြကြပေမယ့် ကျန်တဲ့အရည်အချင်းတွေနဲ့ပတ်သက်လို့တော့ ရှင်းရှင်းလင်းလင်း မရှိကြပါဘူး။ အဲဒီအပြင် အဓိပ္ပာယ်သတ်မှတ်ချက် အများစုက တစ်ခုနဲ့တစ်ခု ကွဲလွဲနေကြသေးတယ်။ အဓိပ္ပာယ်သတ်မှတ်ချက်အများစုက ပေါ်ပင်အတွေးတွေ၊ ဖက်ရှင်သဘောတွေ၊ နိုင်ငံရေးအငွေ့အသက်တွေနဲ့ ပညာရေးသင်ရိုးညွှန်းတမ်းတွေက ပါနေသေးတယ်။ ခေါင်းဆောင်မှုဆိုတာရဲ့အဓိပ္ပာယ် အစစ်အမှန်ကို ရောင်ပြန်မဟပ်နိုင်တဲ့အပြင် အဓိပ္ပာယ်မရှိတာတွေတောင် ဖြစ်နေတာ တွေ့ရပါသေးတယ်။ တစ်ခါက ပန်းချီကျော်ဘရက်ခ်ပြောသလို “အနုပညာရဲ့ အဓိကအကြောင်းအရာကတော့ ရှင်းမပြနိုင်တဲ့ ကိစ္စဆိုတာပဲ” လို့ သူက ပြောခဲ့တယ်။ ခေါင်းဆောင်မှုဆိုတာကလည်း ဒီလိုပါပဲ။

တစ်ခါတုန်းက ခေါင်းဆောင်မှု အရည်အချင်းတွေကို မွေးရာပါ ကိစ္စရပ်တစ်ခုလို့ မှတ်ယူခဲ့ကြသေးတယ်။ “ခေါင်းဆောင်ဆိုတာ လုပ်ယူလို့ မရဘူး။ သူ့ ‘ဇ’ နဲ့သူ မွေးလာတာ”။ ဉာဏ်မမီတော့ ဒီလိုပဲ မှတ်ချက် ချလိုက်ကြတယ်။ ဒီလိုပဲ Great Man သီအိုရီလို့ ခေါ်ချင်ခေါ်ပေ့ါ။ သူတို့ကိုပေးတဲ့ အခွင့်အရေး၊ အခြေအနေ၊ အမွေဆက်ခံမှုတွေက သူတို့ကို ခေါင်းဆောင် ဖြစ်စေခဲ့တယ်လို့ ပဒေသရာဇ်ခေတ်က အခြေအနေမျိုးနဲ့ နှိုင်းယှဉ်ပြီး အာဏာရှိသူနဲ့ ခေါင်းဆောင်ကို လွဲမှားပြီး ပြောဆိုခဲ့ကြတယ်။

တကယ်တော့ ချစ်ခြင်းမေတ္တာလိုပဲ ခေါင်းဆောင်မှုဆိုတာ လူတိုင်းက သိတော့ သိတယ်။ ဘာလဲဆိုတာ ရှင်းမပြတတ်ဘူး။ ခေါင်းဆောင်မှုနဲ့ပတ်သက်တဲ့ သီအိုရီတွေကလည်း အမျိုးမျိုးအဖုံဖုံ ပေါ်လိုက်ပျောက်လိုက်။ တချို့က လူကိုကြည့်ပြီး ပြောကြတာ၊ ဘယ်ဟာကမှ အချိန်ရဲ့ အစမ်းသပ်ကို မခံနိုင်ကြဘူး။ အမှန်တရားနဲ့လည်း မနီးစပ်ဘူး။

တကယ်တော့ ခေါင်းဆောင်ဆိုတာ နောက်လိုက်လူအစုအဝေးတစ်ခုရဲ့ ယုံကြည်အပ်နှံမှုကို ခံရသူပါပဲ။ သူက တာ၀န်ယူမှု တာ၀န်ခံမှုအပြည့်ရှိသူပဲဖြစ်တယ်။ ။

Ref: Leader by Warren Bennis & Burt Nanus



(ဆက်လက်ဖော်ပြပါမည်)

# စိန်ရတုပြည့်မြောက်တော့မည့် စာပေဗိမာန်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

ပြည်ထောင်စုသားတိုင်း အသိပညာ တိုးပွားစေမည့် ဘာသာခြားဖြင့်ရေးသားထားသည့် စာအုပ်စာတမ်းများကို ဘာသာပြန်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို မြန်မာဘာသာပြန်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုရန်၊ ထူးခြားကောင်းမွန်သော စာအုပ်စာတမ်းများကို ပုံနှိပ်ဖြန့်ချိရန် စသောရည်ရွယ်ချက်များဖြင့် စာပေဗိမာန်ခေါ် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကြီးကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည်မှာ ယခုလာမည့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ၇၅ နှစ်ပြည့် စိန်ရတုကာလ ဖြစ်ပေသည်။

စာပေရပ်ဝန်းကမူ စာပေဗိမာန်ဆိုသည်နှင့် စာပေဝါသနာရှင်များကို မြေတောင်မြှောက်ပေးရာ၊ စာပေအရိပ်အာဝါသ ကြီးမားရာနေရာဟု ထင်ကြသည်။ တစ်ဖန် စာပေဗိမာန်ထုတ် စာကောင်းပေမွန်များကို ရောင်းချရာ စာအုပ်ဆိုင်ကြီးကိုလည်း ပြေးမြင်မိကြသည်။ မူလဘူတဖြစ်သည့် မြန်မာနိုင်ငံ သုတေသနအသင်း၊ မြန်မာနိုင်ငံပညာပြန့်ပွားရေးအသင်း၊ နဂါးနီစာအုပ်အသင်းကြီး စသည့်အဖွဲ့အစည်းကြီးများ၏ ဆောင်ရွက်မှုလုပ်ငန်းတို့ကို ဖဝါးခြေထပ်လိုက်ပါကာ ယင်းအဖွဲ့တို့၏ မူလရည်မှန်းချက်များကို ခြုံငုံစုစည်းလျက် စာပေနည်းဖြင့် အကောင်အထည်ဖော်ရပ်တည်ပြီး မြန်မာပြည်သူလူထုကို ဉာဏ်ပညာအလင်း ထွန်းညှိပေးမည့်၊ ကမ္ဘာ့ဗဟုသုတအဖြာဖြာ၊ ပညာရပ်အမျိုးမျိုးကို ထုတ်ဝေဖြန့်ချိပေးနိုင်သည့် ပါတီနိုင်ငံရေးမပါသော၊ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော ပြည်သူလူထုအကျိုးပြုစာပေတိုက်ကြီးအဖြစ် လေးစားရှုမြင်ကြသူတို့လည်း ရှိကြသည်။ ကောင်းမြတ်သောစေတနာဖြင့် ဤနှယ်မွေးဖွားလာသော မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း (စာပေဗိမာန်)သည် မြန်မာစာပေအကျိုးကို ဆက်လက်သယ်ပိုးရာနေရာဟုလည်း လေးစားသမှုပြုကြသူတို့လည်း ရှိကြသည်။

စာပေဟူသော ဝေါဟာရတွင် မူလက ပေရွက်ပေါ်၌ ရေးသားသော အစုအဝေးကို စာပေဟူ၍ ခေါ်ဝေါ်သုံးနှုန်းလာခြင်း ဖြစ်ပေသည်။ မြန်မာအဘိဓာန်ကမူ စာပေဟူသည် အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသည့်စာဟူ၍လည်းကောင်း၊ ဗိမာန်ဟူသည် မွန်မြတ်သောအဆောက်အအုံဟူ၍လည်းကောင်း ဖွင့်ဆိုပြထားသည်။ ဆိုရသော် စာပေဗိမာန်ဟူသည် စာပေဆိုင်ရာမွန်မြတ်သောအဆောက်အအုံဟု ဆိုရမည်ဖြစ်သည်။ စိန်ရတုကာလ (၇၅) နှစ်တိုင် ဖြတ်သန်းခဲ့သော ပုံရိပ်များအရလည်း အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို သုတ၊ ရသပွားအောင် ရေးဖွဲ့ထားသည့် စာအုပ်စာပေများစွာကို ထိုမွန်မြတ်သောအဆောက်အအုံ(စာပေဗိမာန်)က ထုတ်ဝေဖြန့်ချိနိုင်သည်ကို တွေ့ခဲ့ရသည်။ စာပေဗိမာန်၏ အမှတ်တံဆိပ်သည် ထိပ်တွင်လင်းရောင်ခြည်ယှက်သန်းနေသော စာအုပ်ပုံစံဖြစ်ပြီး စာအုပ်၏ တစ်ဖက်ခြမ်းသည် အမှောင် (အနက်ရောင်)ဖြစ်ကာ စာအုပ်၏ တစ်ဖက်ခြမ်းသည် အလင်း(အဖြူရောင်) ဖြစ်သည်။ စာအုပ်၏အလယ်တွင် ကလောင်တစ်ချောင်းက အမှောင်ကိုခွင်း၍ အလင်းဘက်သို့ ထိုးဖောက်ဝင်ရောက်နေပုံကို သရုပ်ဖော်ထားသည်။ ဆောင်ပုဒ်မှာ **“အမှောင်ခွင်း၍ အလင်းဆောင်အံ့”** ဖြစ်လေသည်။

**“စာပေဟူသော ဝေါဟာရတွင် မူလက ပေရွက်ပေါ်၌ ရေးသားသော အစုအဝေးကို စာပေဟူ၍ ခေါ်ဝေါ်သုံးနှုန်းလာခြင်း ဖြစ်ပေသည်။ မြန်မာအဘိဓာန်ကမူ စာပေဟူသည် အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို ရသမြောက်အောင်၊ သုတပွားအောင် ရေးဖွဲ့ထားသည့်စာဟူ၍လည်းကောင်း၊ ဗိမာန်ဟူသည် မွန်မြတ်သောအဆောက်အအုံဟူ၍လည်းကောင်း ဖွင့်ဆိုပြထားသည်။ ဆိုရသော် စာပေဗိမာန်ဟူသည် စာပေဆိုင်ရာမွန်မြတ်သောအဆောက်အအုံဟု ဆိုရမည်ဖြစ်သည်။ စိန်ရတုကာလ (၇၅) နှစ်တိုင် ဖြတ်သန်းခဲ့သော ပုံရိပ်များအရလည်း အကြောင်းအရာ၊ အဖြစ်အပျက်၊ အတွေးအခေါ်တို့ကို သုတ၊ ရသပွားအောင် ရေးဖွဲ့ထားသည့် စာအုပ်စာပေများစွာကို ထိုမွန်မြတ်သောအဆောက်အအုံ(စာပေဗိမာန်)က ထုတ်ဝေဖြန့်ချိနိုင်သည်ကို တွေ့ခဲ့ရ”**

### နောက်ခံသမိုင်းကြောင်း

၁၉၄၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ မြန်မာ့လွတ်လပ်ရေးရရှိရန်နှင့် ဒုတိယကမ္ဘာစစ်ဘေးဒဏ်မှ ပြန်လည်ထူထောင်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်၍ “ပြည်ထောင်စုမြန်မာနိုင်ငံတော် စီးပွားတိုးတက်စေရေးအတွက် နှစ်နှစ်စီမံကိန်း” ရေးဆွဲရေးကွန်ဖရင့်တစ်ခု ကျင်းပခဲ့သည်။ ထိုကွန်ဖရင့်သို့ မြန်မာ့နိုင်ငံရေးခေါင်းဆောင်များ၊ စီးပွားရေးပညာရှင်များနှင့် ဌာနဆိုင်ရာကျွမ်းကျင်သူပညာရှင်များ တက်ရောက်ခဲ့ကြသည်။ ယင်းအစည်းအဝေးကြီး၏ ဒုတိယနေ့ ဇွန်လ ၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အဖြစ် ပြည်သူများဗဟုသုတကြွယ်ဝရေးအတွက် မြန်မာနိုင်ငံတွင် ဘာသာပြန်ဌာနကြီးတစ်ခု ဖွင့်လှစ်ရန် လိုအပ်ကြောင်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ မိန့်ခွန်းမြွက်ကြားရာနေရာသည် နောင်သောကာလ၌ စာပေဗိမာန်ဟု ပြောင်းလဲခေါ်ဝေါ်မည့် ရန်ကုန်မြို့ အမှတ် ၃၆၁ ပြည်လမ်းရှိ ဆိုရန်တိုဗီလာ (Sorrento Villa) အဆောက်အအုံပင် ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်စကားကို အကောင်အထည်ဖော်ရန်အတွက် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်လျက် “မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းကြီး”ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်၊ ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ အဆောက်အအုံတစ်ခုတွင် အသင်း၏တည်နေရာကို ယာယီဖွင့်လှစ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားရာ ဆိုရန်တိုဗီလာအဆောက်အအုံကို စာပေဗိမာန်ဟု ပြောင်းလဲခေါ်ဆိုကာ ၁၉၄၈ ခုနှစ် မေလတွင် ရွှေ့ပြောင်းဖွင့်လှစ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် စတင်ခဲ့သော စာပေဗိမာန်သည် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်းအဖြစ်မှ စာပေဗိမာန် (၁၉၄၇-၁၉၆၂)၊ စာပေဗိမာန်မှ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့ (၁၉၆၃-၁၉၇၂)၊ ထို့နောက် ဗဟိုပုံနှိပ်တိုက်နှင့် ပူးတွဲလျက် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း (၁၉၇၂-၁၉၈၂)၊ ထိုမှ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန၏လက်အောက်ဌာနခွဲ (၁၉၈၂ မှ ယနေ့တိုင်) အဖြစ် အမည်နာမအမျိုးမျိုးဖြင့် ခေတ်ရေစီးကြောင်းအလိုက် မြန်မာစာပေဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးကို အလျဉ်မပြတ် တက်ကြွစွာဆောင်ရွက်လျက်ရှိနေသည်။

### စာပေဆုများနှင့် စာပေဗိမာန်

စာပေဗိမာန်သည် ပြည်သူလူထုအား ပညာမျက်စိဖွင့်ပေးရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်ရာ ပြည်သူလူထုအား မြန်မာ့စာပေ အမြင်မျက်စိ၊ မြန်မာ့ယဉ်ကျေးမှုအမြင်မျက်စိရှိအောင် ဆောင်ရွက်ပေးရန် တာဝန်ရှိလေသည်။ ထိုတာဝန်ကျေပွန်ခြင်းသည်ပင် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းခြင်းဖြစ်ပါသည်။ ဘာသာပြန်စာပေအသင်းတည်ထောင်စ ကနဦးကပင် စာပေပြုစုထုတ်ဝေမှုလုပ်ငန်းနှင့်အတူ စာပေဗိမာန်ဆုဟူ၍ စာပေဆုတစ်ရပ် တီထွင်ချီးမြှင့်မှုလုပ်ငန်းစဉ်ကိုလည်း ယနေ့ထက်တိုင် ဆက်လက်သယ်ပိုးဆောင်ကြဉ်းပေးနိုင်သည်ကို တွေ့ရသည်။ တစ်ဖန် ဆိုရန်တိုဗီလာ၌ ဗိုလ်ချုပ်အောင်ဆန်း၏ “စာအုပ်များထုတ်ဝေရေးကိစ္စတွင် ကျယ်ပြန့်သောလူထုလက်သို့ ပေါက်ရောက်နိုင်သော ဘာသာပြန်စာပေများထုတ်ဝေရေးကို အာရုံပြုသင့်ကြသည်။ ဘာသာပြန်ဌာနကြီးတစ်ခုကို ကျွန်ုပ်တို့ ဖွင့်လှစ်သင့်ကြသည်”ဟူသည့် လမ်းညွှန်စကားကိုလည်း အကောင်အထည်ဖော်နိုင်သည်ကို တွေ့ရသည်။ စာပေဆုချီးမြှင့်ခြင်းလုပ်ငန်းသည် ဘာသာပြန်စာပေအသင်းတည်ထောင်စကပင် စာပေပြုစုထုတ်ဝေမှုလုပ်ငန်းများနှင့်အတူ ပါရှိလာခြင်းဖြစ်သည်။ စာပေဗိမာန်ဆုချီးမြှင့်ရာတွင် အဓိကရည်ရွယ်ချက်မှာ ရှေးဟောင်းစာပေယဉ်ကျေးမှုကို ဖော်ထုတ်သည့်စာအုပ်စာတမ်းများ၊ ကမ္ဘာ့စာပေအမွေအနှစ်ကို မြန်မာ့စာပေသို့ သွတ်သွင်းသည့် စာအုပ်စာတမ်းများ၊ မျက်မှောက်မြန်မာစာပေကို တိုးမြှင့်မည့် စာအုပ်စာတမ်းများအား ထိုက်တန်စွာ ချီးမြှင့်ရန်ဖြစ်သည်။ ဆုများကို ၁၉၄၉ ခုနှစ်ကစ၍ ချီးမြှင့်သည်။ ၁၉၄၈ ခုနှစ်အတွင်း ထုတ်ဝေသည့် ကာလပေါ်ဝတ္ထုများအနက်မှ မင်းအောင်ရေးသည့် “မိုးအောက်မြေပြင်” ဝတ္ထုကို ရွေးချယ်၍ ၁၉၄၉ ခုနှစ် ဇွန်လတွင် ဆုငွေ ၁၀၀၀ ကျပ် ချီးမြှင့်ခဲ့သည်။ ထိုနှစ်က အခြားဆုများ မချီးမြှင့်နိုင်ခဲ့ချေ။ ရေစီးကြောင်း ပြောင်းလဲမှုတို့ရှိခဲ့သော်လည်း စာပေဗိမာန်စာမူဆုဟူ၍ ယနေ့တိုင် ချီးမြှင့်နေနိုင်ခြင်းကိုပင် ကျေးဇူးတင်နေမိသည်။ ဤသို့ စာပေဗိမာန်ဆုများ ချီးမြှင့်ခြင်းသည် မြန်မာစာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းရုံ၊ ပျိုးထောင်ရုံမျှမဟုတ်ပါချေ။ မြန်မာစာပေပြုစုရေးသားသူတို့ကို ချီးမြှင့်ခြင်းသည် မြန်မာစာပေအဆင့်အတန်းတိုးမြှင့်အောင်ဆောင်ရွက်နေသည့် စာပေဗိမာန်၏ စေတနာတစ်ရပ်ဖြစ်ကြောင်း ရှုမြင်နိုင်ကြပါလိမ့်မည်။

### စာပေဗိမာန်နှင့် ယဉ်ကျေးမှု

စာပေဗိမာန်သည် ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ဂီတသဘင်နှင့်စပ်လျဉ်း၍ “မြန်မာ့ဆိုင်းဝိုင်း”၊ “မြန်မာ့ဇာတ်ပွဲ”၊ “မြန်မာ့ရုပ်သေး”၊ “ဂီတစာပေ”၊ “ဂီတလမ်းစဉ်” စသည့် ဟောပြောချက်များကိုလည်းကောင်း၊ ပန်းချီပညာနှင့်စပ်လျဉ်း၍ “ပန်းချီလူထု” ဟောပြောချက်ကိုလည်းကောင်း၊ သမိုင်းနှင့်စပ်လျဉ်း၍ “ပုဂံခေတ်ယဉ်ကျေးမှု” ဟောပြောချက်ကိုလည်းကောင်း၊ ဘာသာရေးနှင့်စပ်လျဉ်း၍ “ရွှေမောဓောသမိုင်း”၊ “မြန်မာနိုင်ငံစေတီပုထိုးများသမိုင်း” စသည့် ဟောပြောချက်များကိုလည်းကောင်း ကျင်းပဟောပြောခဲ့သည်။ ထိုပွဲများတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်ပန်တျာကျောင်း၊ မန္တလေးပန်တျာကျောင်း စသည့်အဖွဲ့များမှ မြန်မာ့သဘင်အနုပညာစွမ်းအင်ကို ဖော်ထုတ်ကပြခဲ့ကြသည်။ ၁၉၈၈ ခုနှစ်မတိုင်မီအထိ အမျိုးသားစာပေဆုနှင်းသသဘင်ပွဲများဝယ် ယဉ်ကျေးမှုကပြဇာတ်တိုများဖြင့် ပါဝင်အားဖြည့်ဖျော်ဖြေခဲ့ကြသည်။ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံဖွင့်ပွဲတွင်လည်း ပန်တျာကျောင်းများက အားဖြည့်ခဲ့ကြကြောင်း မှတ်သားမိသည်။

### ကုန်သည်လမ်း စာပေဗိမာန်

စာရေးသူသည် ကုန်သည်လမ်း စာပေဗိမာန်သို့ စာမူပို့သည့်ကိစ္စများဖြင့် မကြာခဏရောက်သည်။ ရောက်တိုင်းလည်း ဤအဆောက်အအုံသည် စာရေးသူနှင့် ဖွားဖက်တော်စပ်ကြောင်း ဂုဏ်ယူလေ့ရှိသည်။ လိပ်စာအရ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖြစ်သည်။ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်တွင် ရှိသည်။ ထိုထောင့်တွင် “မြန်မာနိုင်ငံဘာသာပြန်အသင်းဥက္ကဋ္ဌ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ ၁၃၁၇ ခု ကဆုန်လဆန်း ၁၄ ရက် ၁၉၅၅ ခုနှစ် မေလ ၅ ရက် ကြာသပတေးနေ့ နံနက် ၈:၃၀ နာရီအချိန်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်သည်”ဟူသည့် ကမ္ပည်းမော်ကွန်းရှိသည်။ စာရေးသူသည် ကမ္ပည်းမော်ကွန်းကို အကြိမ်ကြိမ်ဖတ်ရင်း ဤအဆောက်အအုံကို ဖွားဖက်တော်အဖြစ် ရှုမြင်မိသည်။ အဆောက်အအုံ၏ သန္ဓေတည်စအချိန်သည် ၁၃၁၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ (၁၉၅၃ ခုနှစ် ဇူလိုင်လ ၂၆ ရက်) ဖြစ်သည်။ ထိုနေ့ဝယ် နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ကြီးမှူးကျင်းပပေးခဲ့သည်။ ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံဖွင့်ပွဲနေ့သည် မှတ်ရလွယ်ကူသည်။ ၅-၅-၅၅ ဆိုသည့် ငါးဂဏန်းလေးလုံးပင်ဖြစ်သည်။ ငါးဂဏန်းရက်ဖြစ်သည့် ကြာသပတေးနေ့သည်လည်း ပညာကိုညွှန်းဆိုသည်ဟု ဆိုကြသည်။ အဆောက်အအုံဖွင့်ပွဲနေ့က ရွှေဂုံမြို့မတူရိယာအဖွဲ့၏ ပျောင်းသွဲ့နွဲ့နှောင်းသည့် တေးဂီတသံသာ၊ သံညင်းတို့သည် ပတ်ဝန်းကျင် လေလှိုင်းများတွင် ငြိမ့်အေးချိုသာစွာ ထွက်ပေါ်ပျံ့ဝဲခဲ့ကြောင်း ပြောစမှတ်ရှိခဲ့သည်။ စာမျက်နှာ ၂၃ သို့ ○

# ပြည်ထဲရေးဝန်ကြီးဌာနမိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်



**နေပြည်တော် မေ ၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူကျွန်းကျောင်းတိုက်သို့လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ ထီးလင်းကျောင်းတိုက်သို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ကြခတ္တောဇောမိကျောင်းတိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ မြို့ဦးကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ သာသနမင်္ဂလာစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ပန်အုပ်ကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် သီလရှင်ကျောင်းတိုက်များရှိ သာမဏေ၊ သီလရှင်ဆရာလေးများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

**စစ်ကိုင်း မေ ၁၇**

မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် စစ်ကိုင်းခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုနှင့်အတူ ကျန်းမာရေးဝန်ထမ်းများက သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စစ်ကိုင်းမြို့ ဘုန်းတော်ကြီးကျောင်းတိုက်နှင့် သီလရှင်ကျောင်းတိုက်များရှိ အသက် ၁၅ နှစ်မှ ၁၈ နှစ်အောက် သာမဏေ/ သီလရှင်ဆရာလေး အပါး ၄၁၄ ပါးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



**ထိုးနှံပေး**

နိုင်ငံတော်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုး စီမံချက်များနှင့်အညီ ရဟန်းရှင်လူအပေါင်း ရာနှုန်းပြည့် ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် စစ်ကိုင်းမြို့ရှိ မဟာစကြာကျောင်းတိုက်၊ ဇိနောဒယကျောင်းတိုက်၊ မဟာခိုနန်းကျောင်းတိုက်၊ မဟာသုဇောခရုံကျောင်းတိုက်၊ လေးကျွန်းမြေအုဋ္ဌကျောင်းတိုက်၊ ပထမဂန္ဓာရုံ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သကျဓိတာ သီလရှင်စာသင်တိုက်နှင့် ရတနာသိင်္ဂီ သီလရှင်စာသင်တိုက်များသို့ သွားရောက်၍ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများက အုပ်စုခွဲကာ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနေရာများသို့ စစ်ကိုင်းခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများက ကြည့်ရှုကြည်ညိုခဲ့ကြပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# မြန်မာနှစ်သစ်ကူးနေ့အထိမ်းအမှတ် ဘုန်းတော်ကြီးကျောင်းများတွင် ကိုဗစ်ကာကွယ်ဆေးထိုးနှံပေး

**ရေတာရှည် မေ ၁၇**

မြန်မာတို့၏ ရိုးရာသင်္ကြန်ကာလပြီးစီး၍ နှစ်သစ်ကူးနေ့အထိမ်းအမှတ်အဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးစီးဆောင်ရွက်မှုဖြင့် ရေတာရှည်မြို့ရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များမှ ကိုရင် ၅၂ ပါးအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ယနေ့မွန်းလွဲပိုင်းက ကိုဗစ်ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ကံမြင့်ဘုန်းတော်ကြီးကျောင်းမှ ကိုရင် ၂၂ ပါး၊ အောင်သစ္စာပရိယတ္တိစာသင်တိုက်မှ ကိုရင် ၁၅ ပါး၊ မြို့ဦးပရိယတ္တိစာသင်တိုက်မှ ကိုရင် ၁၅ ပါး စုစုပေါင်း ကိုရင် ၅၂ ပါး တို့အား ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် တာဝန်ရှိသူများက ကာကွယ်ဆေးထိုးနှံပေးနေသည့် ကျောင်းတိုက်များသို့ လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**





# ပဲခူးတိုင်းဒေသကြီးအတွင်း သံဃာတော်များအား ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံပေး

**ပဲခူး မေ ၁၇**

ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြည်သူလူထုအခြေပြု အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများစတင်ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ပဲခူးမြို့နယ် သာမဏေကျော်စာသင်တိုက်အတွင်းရှိ သံဃာတော် ၅၅ ပါး၊ သာသနဝံသမဏ္ဍိုင်စာသင်တိုက်မှ ၁၉ ပါးတို့အား ကိုဗစ်-ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခဲ့သည်။

ယနေ့တွင် တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ သံဃာတော် အပါး ၆၅၀ တို့အား ကိုဗစ်ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူးထံမှ သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

○ စာမျက်နှာ ၂၂ မှ

အစဉ်ပြောင်းလဲလှုပ်ရှားလျက်ရှိသော ကမ္ဘာကြီးဝယ် လူမှုဆက်ဆံရေးတို့သည်လည်း ပြောင်းလဲလျက်ရှိသည်။ လူမှုဆက်ဆံရေးကို ထင်ဟပ်ဖော်ပြသည့် စာပေသည်လည်း ပြောင်းလဲနေမည်ဖြစ်သည်။ ဆက်ဆံရေးဆိုသည်ကား စာဖတ်သူဘက်မှ အကဲဖြတ်သော နိုင်ငံတိုးတက်ရေးကို ရှေးရှုချက်ပင်ဖြစ်သည်။

ခေတ်စနစ်တို့၏ ပြောင်းလဲမှုကြောင့် စာပေဗိမာန်သည်လည်း လူးလိမ့်ရခြင်းများရှိခဲ့ပါလိမ့်မည်။ လူးလိမ့်ရခြင်းများသည် ပြည်သူတို့၏ ကောင်းကျိုးကို ဖြစ်ထွန်းစေပါသလား၊ စာဖတ်သူတို့အား ကောင်းမှုကိုပြုရန်အတွက် လှုံ့ဆော်ပါသလား၊ အတွေးအခေါ်၊ ဉာဏ်ပညာအမြင် သဘောတရား၊ ကိုယ်ကျင့်တရား စသည်များ၌ တိုးတက်ပြောင်းလဲနိုင်အောင် စေစားနိုင်ပါသလား အစရှိသည်တို့ကို စာဖတ်သူအမြင်ဖြင့် လေ့လာအကဲဖြတ်ခြင်းများကိုရော နားထောင်ခဲ့ကြပါသလား၊ အဘယ်မျှကောင်းကျိုးဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ကို စိန်ရတုကာလ၌ ဝေဖန်စစ်ဆေးကြည့်ရန်လိုသည်။ ဤကဲ့သို့ ပြည်သူ့အမြင်၊ စာဖတ်သူအမြင်ဖြင့် ကြည့်မှသာလျှင် နိုင်ငံတိုးတက်ရေး၊ မြန်မာစာပေဖွံ့ဖြိုးရေးကို ရှေးရှုရာရောက်ပေမည်။

စိန်ရတုကာလအရောက်ဝယ် ဖြတ်သန်းခဲ့သည့် လမ်းကို ငဲ့စောင်းကြည့်ရင်း ခေတ်စနစ်၊ အချိန်ကာလတို့နှင့် လိုက်လျောညီထွေမှုရှိစေရန် ပြင်သင့်သည်များကိုလည်း ပြင်ရန်လိုသလို ရှေးက ကောင်းခဲ့သည့် ဆောင်ရွက်ချက်များကိုလည်း စံနမူနာယူသင့်က ယူရပါမည်။

၂၀၂၀ ပြည့်နှစ်မှစ၍ စိန်ရတုချိန်ခါများ၊ ရာပြည့်ကာလများသည် မြန်မာ့မြေပေါ်၌ လွှမ်းထိုးလာကြသည်။ ထိုရတုများသည် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာကြခြင်းသာဖြစ်သည်။ စာပေနှင့်စပ်ဆိုင်သော စာပေဗိမာန်သည်လည်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် (၇၅) နှစ်မြောက် စိန်ရတုသက်တမ်းပြည့်မြောက်မည် ဖြစ်သည်။ စာပေဗိမာန်သည် မြန်မာ့လွတ်လပ်ရေးနှင့် အတူ အမျိုးသားရေးကြိုးပမ်းမှုတွင်ပါဝင်လျက် မြန်မာမှုထွန်းကားရေး၊ မြန်မာတိုင်းရင်းသားအားလုံး၏ အတွေးအခေါ်ကြွယ်ဝရေးနှင့် ဉာဏ်ပညာအလင်းပွင့်လင်းစေရေးတို့အတွက် မီးရှူးတန်ဆောင်သဖွယ် ခေတ်အဆက်ဆက် စာပေအလင်း ထွန်းညှိပေးခဲ့သည့် မြန်မာနိုင်ငံ၏တစ်ခုတည်းသော စာပေဆိုင်ရာအသင်းအဖွဲ့ကြီးဖြစ်သည်။ စာပေကျေးဇူးအထူးရှိသော စာပေဗိမာန်၏ စိန်ရတုကာလကို ဂုဏ်ယူဂုဏ်ပြုကြို့ဆိုရင်း ဤဆောင်းပါးဖြင့် ကျေးဇူးဆပ်လိုက်ရပါကြောင်း။ ။

**မှီငြမ်း**- **စာပေဗိမာန် နှစ် ၇၀ ပြည့်အထိမ်းအမှတ် စာစောင်၊၂၀၁၇ ခု ဩဂုတ်လ၊ စာပေဗိမာန်**

■

# သင်္ကြန်ကာလအတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ဘုရားဖူးဧည့်သည် ၁၂၀၀၀၀ ကျော်လာရောက်ဖူးမြော်ကြည်ညို

**ရန်ကုန် မေ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သိင်္ဂုတ္တရကုန်းတော်၌ တည်ထားတော်မူသည့် လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်သစ်ကူးရုံးပိတ်ရက်ဖြစ်သောသင်္ကြန်ကာလအတွင်း ပြည်တွင်းပြည်ပမှ ဘုရားဖူးဧည့်သည်များ ၁၂၀၀၀၀ ကျော်အထိ ဝင်ရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှသိရသည်။

ယခုနှစ် သင်္ကြန်ကာလအတွင်း ဝင်ရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသောနိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူဘုရားဖူးပြည်သူများအပါအဝင် နိုင်ငံခြားသားဘုရားဖူးဧည့်သည်ဦးရေမှာ စုစုပေါင်း ၁၂၈၁၇ ဦး အထိရှိခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့မှစာရင်းများအရ သိရသည်။

ယခုအခါ လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော ပြည်တွင်း ပြည်ပမှဘုရားဖူးဧည့်သည်အနည်းငယ်ပိုမိုများပြားလာခဲ့ရာ နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသော ဘုရားဖူးဧည့်သည်ဦးရေမှာတစ်ရက်လျှင် ၂၀၀၀၀ ကျော်ထိ ဝင်ရောက်ဖူးမြော်လျက်ရှိသည်။ အစိုးရရုံးပိတ်ရက်ဖြစ်သော စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်လည်း ဘုရားဖူးဧည့်သည် ၃၀၀၀၀ နှင့် ၅၀၀၀၀ ဝန်းကျင်ကြား လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသည်။ ထို့ပြင် ယခုနှစ် မေ ၁ ရက်မှ ၁၆ ရက်အထိ ဝင်ရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူကြသောနိုင်ငံတစ်ဝန်းရှိ ရဟန်းရှင်လူဘုရားဖူးပြည်သူများအပါအဝင် နိုင်ငံခြားသားဘုရားဖူးဧည့်သည်ဦးရေမှာ စုစုပေါင်း ၅၉၆၇၄၉ ဦး အထိရှိခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှစာရင်းများအရ သိရသည်။

သတင်း- ပွင့်သစ္စာ

ဓာတ်ပုံ - စိုးမြင့်အောင်



# မြစ်ကြီးနားမြို့၌ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ ကျင်းပ



**မြစ်ကြီးနား မေ ၁၇**

၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် အန္တရာယ်ကင်းပရိတ်တရားတော်နာမင်္ဂလာအခမ်းအနားများကို မေ ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်နှင့်ဇနီး ဒေါ်နန်ဆိုင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ရုံးကြီးလမ်းနှင့် ကမ်းနားလမ်းထောင့် ဧရာဝတီမြစ်အတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီးကောင်ရေ နှစ်သိန်းကျော်ကို ဇီဝိတဒါနအဖြစ် လွှတ်ပေးခဲ့ကြသည်။

ထို့နောက် မြို့တော်ခန်းမ၌ သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အသက် ၈၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၇၀ အား ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အသုံးအဆောင်ပစ္စည်းများနှင့် ငွေသားများကိုလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ဘိုးဘွားများအား ထောက်ပံ့ငွေများကိုလည်းကောင်း ဂါဝရပြုလှူဒါန်းပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းမြစ်ကမ်းတစ်လျှောက် လာရောက်အပန်းဖြေလည်ပတ်သူများပြား

**နေပြည်တော် မေ ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ပေါင်းလောင်းမြစ်ကမ်းသို့ မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) တွင် လာရောက်လည်ပတ်သူများပြားလျက်ရှိသည်။

**လှည့်လည်ကြည့်ရှုစောင့်ရှောက်**

"နှစ်တိုင်း နှစ်ဆန်း ၁ ရက်နေ့ ရောက်ပြီဆိုရင် ဒီမြစ်ကမ်းတစ်လျှောက် လာရောက်အပန်းဖြေတဲ့သူတွေ အလွန်များတယ်၊ သဘာဝမြစ်ချောင်းဆိုတော့ ဒီမြစ်ရေက အလွန်အေးတယ်၊ ခုလိုအပန်းဖြေလာရောက်လည်ပတ်သူတွေ များတော့ ကျွန်တော်တို့အနေနှင့် မြစ်အတွင်း ရေနစ်သေဆုံးမှုတွေမရှိအောင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့တွေနဲ့ ကျွန်တော်တို့ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးပိုင်းကလူတွေက စပိဘုတ်နဲ့မြစ်အတွင်း လှည့်လည်ကြည့်ရှု စောင့်ရှောက်လျက်ရှိပါတယ်" ဟု ကျည်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**ပိုမိုစည်ကား**

ပေါင်းလောင်းမြစ်သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာ တွင်တည်ရှိပြီး အဆိုပါမြစ်သည် သဘာဝမြစ်ဖြစ်သည်နှင့်အညီ လာရောက်အပန်း ဖြေသူများသည် မြစ်အတွင်း ရေကူးအပန်းဖြေရင်း သဘာဝတောတောင်ရှုခင်းအလှကို တစ်ဝကြည့်ရှုခံစားခံစားနိုင်ပြီးမြစ်ကမ်းတစ်လျှောက် စားသောက်ဆိုင်များ၊ အပန်းဖြေစခန်းများ ပေါ်များလာခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် သက်ကြီးမွန်ဘိုးဘွားများအား ပူဇော်ကန်တော့

**ရန်ကုန် မေ ၁၇**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)က ကြီးမှူး၍ (၄၇)ကြိမ်မြောက် မွန်သက်ကြီးပူဇော်ပွဲကို ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံ၌ မြန်မာနှစ်ဆန်း ၁ ရက်နေ့ နံနက်ပိုင်းက ကျင်းပသည်။

**နှစ်သစ်ဆုတောင်းစကားပြောကြား**

မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး နာယကက နှစ်သစ်ဆုတောင်းစကားပြောကြားသည်။

ထို့နောက် မြို့နယ်အသီးသီးမှ အသက်၇၅ နှစ်နှင့်အထက် မွန်ဘိုးဘွား ၄၁ ဦးတို့အား မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)မှ တာဝန်ရှိသူများက လှူဒါန်းငွေများဖြင့် ပူဇော်ကန်တော့ကြပြီး မွန်လူငယ်များက ဘိုးဘွားများအား သပြေခက်ဖြင့် အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြကြောင်း သိရသည်။

လင်းရာမ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၅-၅-၂၀၂၂ ရက်နေ့မှအဆက်

ယခုမူ သွေးအေးလာပြီဖြစ်သည်။ တွေးတော့ စဉ်းစားဖို့ အချိန်ရလာသည်။ တွေးတောစဉ်းစား၍လည်း နေမိချေပြီ။

စင်စစ် ဒေါ်ရေနံ့သာခင်ခင်ကြီးထံမှ ရရှိသောငွေမှာ ထင်သလောက် မလွယ်ပါကလားဟု ကိုကျော့မောင် တွေးမိလာသည်။ မတွေးဘဲနေလျှင်တော့ ပြဿနာ အဘယ်သို့ရှိမည်ကို မသိနိုင်။ တကယ်တမ်း နက်နက်နဲနဲတွေးကြည့်ခဲ့လျှင်ကား ပြဿနာပေါ်ပေါက်လာနိုင်မည်ကို တွက်ဆ၍ရသည်။

အကယ်၍ ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ တစ်ကြောင်းမဟုတ် တစ်ကြောင်းဖြင့် ဆုံမိကြမည်။ တစ်နည်းမဟုတ် တစ်နည်းဖြင့် မျက်နှာချင်းဆိုင်မိကြမည်ဆိုလျှင် ငွေတစ်သောင်းအကြောင်းသည် ပေါ်ပေါက်လာချေတော့မည်။ မိမိအနေနှင့် မတရားရယူခဲ့ကြောင်း ကိုမောင်မောင်ဦးသိသွားတော့မည်။ မိမိကိုယ်ကို မောင်မောင်ဦးဟူ၍လည်းကောင်း၊ ယင်းအမည်ဖြင့် ဒေါ်ရေနံ့သာခင်ခင်ကြီးထံ ငွေညှစ်ခဲ့ခြင်းများသည် လည်းကောင်း ဘူးပေါ်သလို ပေါ်လာပေလိမ့်မည်။

ယင်းငွေဖြင့် သူ့အကြွေးကိုဆပ်ခဲ့ခြင်းက ပို၍ဆိုးသည်။ ကိုမောင်မောင်ဦးအနေနှင့် နှစ်ထပ်ကွမ်း အညာခံရခြင်းနှင့်မခြားအောင် ဖြစ်လာပေလိမ့်မည်။

စင်စစ် ကိုကျော့မောင်သည် ကိုမောင်မောင်ဦးအပေါ် သူငယ်ချင်းကောင်းတစ်ယောက် ဖြစ်ခဲ့သည်။ ဘဝတစ်လျှောက်လုံးတွင် သူငယ်ချင်းဖြစ်သူ၏ အငြိုအငြင်မခံဘဲ နေခဲ့သည်။ သူငယ်ချင်းနှင့်ပတ်သက်လာလျှင် အနွံအတာခံခဲ့သည်မှာလည်း အကြိမ်ကြိမ်၊ သူငယ်ချင်း၏ အလိုလိုက်၍ အကြိုက်ဆောင်ခဲ့သည်မှာလည်း အခါခါပင်။

တစ်သက်လုံးကကောင်းခဲ့သမျှ သည်တစ်ကွက်နှင့် နာမည်အပျက်ခံရမည်ဆိုတော့လည်း ကိုကျော့မောင်မှာ မထွေးနိုင်၊ မအံနိုင်၊ မရှုနိုင်၊ မကယ်နိုင် ဖြစ်လာရသည်။ စိတ်မှာ စိုးရိမ်ကြောင့်ကြစိတ်များ ဝင်လာသည်။

သို့ဖြင့် သူသည် ကောင်းစွာအိပ်မပျော်ဘဲ တလူးလူးတလှိမ့်လှိမ့် ဖြစ်နေရသည်။

တစ်ခါတစ်ရံတွင်မူ ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့၏အကြောင်းကို အစင်းသိထားသူပီပီ သူတို့ချင်း မည်သည့်အခါမျှ ပြန်လည်တွေ့ဆုံနိုင်မည်မဟုတ်ဟု တွေးမိပြန်သည်။ ငွေကိစ္စသည် သူ့အလိုလို ပြီးစီးမေ့ပျောက်သွားလိမ့်မည်ဟု ထင်မိပြန်သည်။

သို့ပေမဲ့ လောကတွင် ထင်မှတ်သောအရာတို့ ဖြစ်မလာဘဲ မထင်မှတ်သောအရာတို့ ဖြစ်ပျက်လွယ်တတ်သည်ကို နှလုံးပိုက်မိလာပြန်သည်။

ကြည့်လေ။ ယခုငွေကိစ္စ။

ဒေါ်ရေနံ့သာခင်ခင်ကြီးလို မိန်းမတစ်ယောက်ထံမှ ခြူးတစ်ပြားပင် ရလာနိုင်လိမ့်မည်ဟု အစက သူမထင်။ ရေနံချောင်းမှ ထွက်လာခဲ့ပြီး နှစ်ပေါင်းမြောက်မြားစွာ ကွဲကွာခဲ့ရပြီးနောက် သည်မိန်းမနှင့် အကြောင်းတစ်စုံတစ်ရာ ပတ်သက်လာနိုင်စကောင်းသည်ဟုလည်း မမျှော်လင့်ခဲ့။ သို့စင်လျက် ယခုတော့ မမျှော်လင့် မထင်မှတ်သောအရာတို့ ဖြစ်ပျက်လာခဲ့သည်။

သည်တော့လည်း ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ တစ်ကြိမ်မဟုတ်တစ်ကြိမ် ပြန်လည်မဆုံတွေ့နိုင်ဟု ယတိပြတ်ပြော၍မရ။ မဆုံဘဲနေချင်လည်း နေနိုင်သည်။ ဆုံချင်လျှင်လည်း ဆုံနိုင်ကြသည်ပင်။ ကမ္ဘာဟူသည် အကျဉ်းမြောင်းသားကလား။ တမင်တကာ မဟုတ်သည့်တိုင် တတ်နိုင်သမျှ မျက်နှာချင်းမဆိုင်လိုသူတို့အတွက် ကမ္ဘာဟူသည် ပို၍ကျဉ်းမြောင်းတတ်သည်မဟုတ်လား။

ကိုကျော့မောင် ဘဝင်မကျတော့နိုင်။

သူသည် အိပ်ရာမှထထိုင်လိုက်သည်။ ခုတင်ချင်းယှဉ်အိပ်နေသော ကိုမောင်မောင်ဦးကို နှိုးသည်။ ကိုမောင်မောင်ဦး အိပ်ရာမှထလာသည်။

"မင်းကို အိပ်ရာကနှိုးလိုက်ရတာ ခွင့်လွှတ်ပါ သူငယ်ချင်း၊ ငါ့မှာပြောစရာစကားရှိနေတယ်။ အဲဒါကို မနက်ကျမှပြောရင်လည်းရပါတယ်။ ဒါပေမဲ့ အခုချက်ချင်းမပြောရရင် ဒီတစ်ညလုံး ငါအိပ်လို့ရတော့မှာ မဟုတ်ဘူး"

ကိုကျော့မောင်၏စကားကြောင့် ကိုမောင်မောင်ဦးမှာ ဆန်းကြယ်သလို ဖြစ်သွားရသည်။

"ဘာပြောမှာလဲ ကျော့မောင်"

ကိုကျော့မောင်၏မျက်နှာကို စိုက်ကြည့်ရင်း မေးလိုက်သည်။

"မင်းရဲ့ အကြွေးပြန်ဆပ်တဲ့ငွေနဲ့ပတ်သက်ပြီး ပြောချင်တာ"

"အေး၊ အဲဒီငွေအတွက် ငါလည်း မင်းကိုမေးချင်နေတာနဲ့အတော်ပဲ။ ဆိုပါဦး"

ကိုမောင်မောင်ဦး၏ စကားကိုကြားရသောအခါ ကိုကျော့မောင်မှာ ပို၍ အနေရကျဉ်းကျပ်သွားသည်။

သည်ငွေကိစ္စကို သူကြိုသိနေလေပြီလား။ သိလျက်နှင့် မသိချင်ယောင်ဆောင်နေလေသလား တွေးသည်။

"ဒီငွေတွေ ဘယ်ကရတယ်လို့ထင်သလဲ မောင်မောင်ဦး"

"ငါတော့ ကိုငှက်ရိုးဆီကလို့ထင်တာပဲ။ မင်းသူ့ဆီက ချေးခဲ့တာလားဟင်"

"ကိုငှက်ရိုးလား ဒီလောက်ငွေကို ချေးနိုင်မှာလား"

"ဒါဖြင့် မင်း ဘယ်လို မဟုတ်တရုတ်အလုပ်တွေများလုပ်ခဲ့သလဲကွာ"

သူငယ်ချင်းဖြစ်သူက စိုးရိမ်မကင်းမေးလာသောအခါ ကိုကျော့မောင်မှာ သူ၏အပြစ်အတွက် မျက်နှာမထားတတ်အောင် ဖြစ်ရသည်။ ဝမ်းနည်းသွားရသည်။

"ငါပြောပြမယ် သူငယ်ချင်း၊ မင်း စိတ်အေးအေးထားပြီးနားထောင်။ ဒီငွေတွေဟာ အခြားဘယ်သူ့ရဲ့ငွေမှမဟုတ်ဘူး။ ဒေါ်ရေနံ့သာခင်ခင်ကြီးလို့ အခုလူအများခေါ်နေကြတဲ့ ခင်ခင်ကြီးရဲ့ငွေတွေ"

"ခင်ခင်ကြီးရဲ့ငွေ"

ကိုမောင်မောင်ဦးသည် ကိုကျော့မောင်၏စကားကို တအံ့တသြ ပဲ့တင်ထပ်သည်။ သူ၏မျက်နှာမှာ ဆန်းကြယ်မှုကိုခံစားရသောအရိပ်အယောင် လွှမ်းသွားသည်။

"ဟုတ်တယ်။ ဒီကနေ့ည ခင်ခင်ကြီးဆီက ငွေတစ်သောင်းရလိုက်တယ် မောင်မောင်ဦး"

"နေစမ်းပါဦးကွာ၊ မင်းနဲ့ ခင်ခင်ကြီးက ဘယ်လိုဆက်စပ်သွားမိကြတာလဲ"

ကိုကျော့မောင် သက်ပြင်းရှိုက်သည်။

"အဲဒါကိုပြောမလို့ပါ"

ကိုကျော့မောင်သည် ကိုငှက်ရိုးနှင့် အရက်ဆိုင်တွင် စတင်သိရှိကြသည်မှစ၍ ပြောပြသည်။ ငွေရပေါက်ရလမ်း ထွင်မိသည့်အကြောင်း၊ ငွေရလာသည့်အကြောင်း စသည်ဖြင့်။

ကိုမောင်မောင်ဦးသည် ကိုကျော့မောင်၏စကားများကို ငြိမ်သက်စွာနားထောင်နေသည်။ စိတ်ဝင်တစားနှင့် တအံ့တသြ နားထောင်နေခြင်းဖြစ်သည်။

"ကိုငှက်ရိုးကတစ်ဆင့်ပြောပြလို့သိရတဲ့ ခင်ခင်ကြီးရဲ့စကားကတော့ ကြက်သီးမွေးညင်းထချင်စရာပဲ သူငယ်ချင်း။ သူ့အနေနဲ့က ချစ်ခြင်းမေတ္တာကို ဒီထက်မကအဖိုးတန်လိမ့်မယ်ထင်ခဲ့တာတဲ့။ ဒီထက်မကတန်ဖိုးထားခဲ့တာတဲ့။ ဒီငွေတစ်သောင်းဟာ သူ့ အရပ်တကာလှည့်ပြီး ဘုရားဖူးရင်း သူတောင်းစားတွေကို စွန့်ကြဲသလောက်ပဲရှိသတဲ့"

ကိုမောင်မောင်ဦး၏မျက်နှာတွင် ကြေကွဲသောအရိပ်အသွင် လွှမ်းလာသည်။

"မင်း ဒီစကားကို မနက်ကျမှပြောဖို့ကောင်းတယ် ကျော့မောင်"

"ငါပြောပြီးပါပကော၊ အခုလို မပြောရရင် ဒီည ငါအိပ်ပျော်မှာမဟုတ်ဘူးလို့"

"မင်းအဖို့ကတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ ဒီစကားတွေကြားရတဲ့နောက်ပိုင်းမှာ ငါ ဒီညအိပ်လို့ပျော်ပါတော့မလား ကျော့မောင်ရာ။ မင်း စဉ်းစားကြည့်ပါဦး"

ကိုကျော့မောင်၏ရင်ထဲတွင် နောင်တတရားများ ဂယက်ထန်နေသည်။ စိတ်မှာလည်း မချမ်းမမြေ့ ဖြစ်ရသည်။

"အေးကွာ၊ အစကတော့ ငါကလည်း ပေါ့ပေါ့တန်တန်သဘောထားပြီး လုပ်မိတာပါပဲ"

ကိုမောင်မောင်ဦး သက်ပြင်းရှိုက်သည်။

"ငါနဲ့ ခင်ခင်ကြီးရဲ့ အကျိုးပေးဟာ ဘယ်လိုအကျိုးပေးလဲ မသိပါဘူးကွ။ တို့နှစ်ယောက်အကြားမှာ ဘယ်အချိန်ကတည်းက တင်နေတဲ့ ဝဋ်ကြွေးတွေရှိခဲ့သလဲ မသိဘူး။ အဆင်ပြေပြေသာ မဖြစ်တာ၊ အဆင်မပြေဖို့ကတော့ အလိုလို ကြံဖန်ပြီး ဖြစ်လာတတ်တယ်သိလား။ ဒီတစ်ခါတင်မကဘူး။ ဒါမျိုးတွေ ငါ့ဘဝမှာ အကြိမ်ကြိမ်ပေါ်ပေါက်ခဲ့ပြီးသားပဲ ကျော့မောင်"

"ငါ တကယ်စိတ်မကောင်းပါဘူး မောင်မောင်ဦးရာ၊ ငါ့အပြုအမူတွေက ရေနစ်တဲ့လူ ဝါးကူထိုးသလို ဖြစ်နေသလား မသိဘူး။ ဒီလိုလုပ်ကွာ။ ဒီငွေကို ငါတစ်ပြားတစ်ချပ်မှ မယူဘူး။ မင်းပဲအကုန်ယူလိုက်တော့။ ငါ့ကြွေးကို ငါ့ဟာငါ ရှာဆပ်မယ် ဟုတ်ပြီလား"

ကိုမောင်မောင်ဦးသည် ကိုကျော့မောင်၏မျက်နှာကို နာကြည်းသောအပြုံးဖြင့် ပြုံးကြည့်သည်။

"မင်းငါနဲ့ ဒီအသက်အရွယ်အထိ ပေါင်းခဲ့ကြပြီး ငါ့ကို နားမလည်နိုင်တာ အံ့သြစရာပဲ ကျော့မောင်"

"ဟင် "

"ငါ့ဘဝမှာ ဒီလောက်မကတဲ့ငွေတွေ အကြိမ်ကြိမ်ရဖူးတယ်။ အကြိမ်ကြိမ်ကုန်ဖူးတယ်ဆိုတာ မင်းသိပါတယ်။ ငါ ဒီငွေကို မက်မောမယ်များ ထင်သလား"

ကိုကျော့မောင် ဘာမျှမပြောတတ်တော့။

"အထူးသဖြင့် ခင်ခင်ကြီးရဲ့ငွေကို ငါမယူရက်ပါဘူး။ ယူဖို့လည်း မကောင်းပါဘူး။ နောက်တစ်ခုက ခင်ခင်ကြီးကို ချစ်တဲ့အချစ်ဟာ ဘယ်လိုအရာမျိုးနဲ့မှ ဆက်လို့မရဘူးဆိုတာ ငါ့ကိုယ်ငါ အသိဆုံးပါ"

"ဒီတော့ မင်းဘာလုပ်ချင်သလဲ မောင်မောင်ဦး။ ငါ့အနေနဲ့ ကိစ္စအားလုံးကို မင်းရဲ့လက်ထဲပုံထည့်ပေးချင်တယ်။ မင်းစိတ်ကြိုက်သာလုပ်ပေတော့"

ကိုမောင်မောင်ဦးထံမှ စကားသံ ရုတ်တရက်ပေါ်မလာ။ သူသည် ငြိမ်သက်တိတ်ဆိတ်စွာ စဉ်းစားနေသည်။ ကိုကျော့မောင်မှာ သူငယ်ချင်းဖြစ်သူ၏မျက်နှာကို အားတုံ့အားနာ ကြည့်နေမိသည်ကလွဲ၍ ဘာမျှမလုပ်တတ်တော့။

"ငါ ဒီလိုလုပ်ချင်တယ် ကျော့မောင်။ ဒီငွေတွေ ပြန်ပေးလိုက်ချင်တယ်"

"ပြန်ပေးမယ်"

"ဟုတ်တယ်။ ပြန်ပေးလိုက်မယ်။ အဲဒီလိုပေးလိုက်ရင် တို့များအပေါ်မှာ သူ့ကစိဖတ် မတင်နိုင်တော့ဘူးပေါ့"

"ဒါပေမဲ့ ကိုငှက်ရိုးကိုပေးခဲ့တဲ့ငွေတစ်ထောင်က"

"ကိစ္စမရှိပါဘူး။ ငါ့မှာသုံးဖို့ ငွေပါပါသေးတယ်။ အဲဒီငွေအထဲက စိုက်ပေးလိုက်တာပေါ့။ ကိုငှက်ရိုးဆိုတဲ့လူဆီက ပြန်တောင်းလို့ရရင်လည်း ရပေါ့။ မရရင်လည်းနေပေါ့ "

"မင်းသဘောပဲလေ"

ကိုမောင်မောင်ဦးသည် လက်ဆွဲအိတ်ထဲမှ စောစောက ကိုကျော့မောင်ပေးခဲ့သောငွေကို ထုတ်ယူသည်။

ဆက်လက်ဖော်ပြပါမည်။

"တစ်သက်လုံးကကောင်းခဲ့သမျှ သည်တစ်ကွက်နှင့် နာမည်အပျက်ခံရမည်ဆိုတော့လည်း ကိုကျော့မောင်မှာ မထွေးနိုင်၊ မအံနိုင်၊ မရှုနိုင်၊ မကယ်နိုင် ဖြစ်လာရသည်။ စိတ်မှာ စိုးရိမ်ကြောင့်ကြစိတ်များဝင်လာသည်။ သို့ဖြင့် သူသည် ကောင်းစွာအိပ်မပျော်ဘဲ တလူးလူးတလှိမ့်လှိမ့် ဖြစ်နေရသည်။ တစ်ခါတစ်ရံတွင်မူ ကိုမောင်မောင်ဦးနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့၏အကြောင်းကို အစင်းသိထားသူပီပီ သူတို့ချင်း မည်သည့်အခါမျှ ပြန်လည်တွေ့ဆုံနိုင်မည်မဟုတ်ဟု တွေးမိပြန်သည်။ ငွေကိစ္စသည် သူ့အလိုလို…"

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ စာတည်း

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၃၇ ရာခိုင်နှုန်းရှိ

## ကိုဗစ် - ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၀၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၂၈,၅၁၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၂,၅၆၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၁,၃၄၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၆-၅-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၈,၇၂၉,၃၃၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၃၇၇,၁၅၆) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၂,၃၅၂,၁၇၄) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၁,၁၈၀,၃၁၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၆-၅-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း (၅၂,၂၆၁,၈၂၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/ သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- ထို့ကြောင့် ဦးတည်အုပ်စုများတွင် လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံထားရှိရန် လိုအပ်ပါသည်။
- ထို့အပြင် သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပါက ရောဂါပြင်းထန်ခြင်းနှင့် သေဆုံးနိုင်ခြေ မြင့်မားခြင်းကြောင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၇-၅-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၈၂) ခု | (၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၃) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၄၃၂) ခု | (၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၂၁၇) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၄၉၃) ခု | (၅) ဦး |
| စုစုပေါင်း | (၅,၄၀၇) ခု | (၂၀) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၆-၅-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၃၇၇,၁၅၆) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၂,၃၅၂,၁၇၄) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၁,၁၈၀,၃၁၆) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ၊ အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေနှင့် ထပ်ဆောင်းထိုးနှံပြီး လူဦးရေ စုစုပေါင်း | (၂၈,၇၂၉,၃၃၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၅၂,၂၆၁,၈၂၀) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့် ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၃၀၉၁၁၃ | ၈၀၁၆၆၂၈၁ | ၁၀၁၅၄၄၁ |
| ၂။ | အိန္ဒိယ | ၄၃၁၀၄၂၀၉၇ | ၄၂၅၀၈၇၈၈ | ၅၂၁၇၈၁ |
| ၃။ | ဘရာဇီး | ၃၀၂၅၀၀၇၇ | ၂၉၂၀၆၂၄၃ | ၆၆၁၉၉၃ |
| ၄။ | ပြင်သစ် | ၂၇၆၈၄၃၇၄ | ၂၄၈၈၅၄၅၁ | ၁၄၄၁၂၂ |
| ၅။ | ဂျာမနီ | ၂၃၄၁၁၅၇၇ | ၁၉၈၈၀၃၀၀ | ၁၃၃၄၁၅ |
| ၆။ | ဗြိတိန် | ၂၂၇၄၇၆၃၈ | ၂၀၁၉၇၁၂၄ | ၁၇၁၃၉၆ |
| ၇။ | ရုရှား | ၁၈၀၇၄၇၁၇ | ၁၇၃၇၆၁၄၁ | ၃၇၃၅၀၀ |
| ၈။ | တောင်ကိုရီးယား | ၁၆၃၀၅၇၅၂ | စိစစ်ဆဲ | ၂၁၀၉၂ |
| ၉။ | အီတလီ | ၁၅၆၅၉၈၃၅ | ၁၄၂၇၆၈၉၅ | ၁၆၁၆၀၂ |
| ၁၀။ | တူရကီ | ၁၅၀၉၉၁၆၆၉ | ၁၄၇၃၃၃၁၀ | ၉၈၅၅၁ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၄၃၂၅၄၇ | ၈၉၃၆၈၄၆ | ၄၂၉၄၄ |
| ၂။ | အင်ဒိုနီးရှား | ၆၀၃၉၈၇၃ | ၅၈၂၅၇၂၉ | ၁၅၆၈၆၆ |
| ၃။ | မလေးရှား | ၄၃၈၂၄၀၂ | ၄၂၃၈၄၇၁ | ၃၅၄၀၉ |
| ၄။ | ထိုင်း | ၄၀၂၉၉၅၉ | ၃၇၈၈၅၂၃ | ၂၆၈၈၅ |
| ၅။ | ဖိလစ်ပိုင် | ၃၆၈၃၀၄၂ | ၃၆၀၂၀၃၅ | ၅၉၉၆၉ |
| ၆။ | စင်ကာပူ | ၁၁၅၇၂၅၁ | ၁၀၉၀၃၅၈ | ၁၃၁၃ |
| ၇။ | မြန်မာ | ၆၁၂၅၆၅ | ၅၉၁၃၄၇ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၀၀၁၉၀ | ၁၉၄၆၀၄ | ၇၁၈ |
| ၉။ | ဘရူနိုင်း | ၁၄၀၀၂၃ | ၁၃၈၄၀၃ | ၂၁၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၀၆၀ | ၁၃၂၇၆၉ | ၃၀၅၅ |



မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် လားရှိုးမြို့အဝင် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်နှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓဗောဓိဥယျာဉ်၊ ပြည်သူ့ပန်းခြံတို့တွင် ဘုရားဖူးသူများနှင့် လာရောက်အပန်းဖြေအနားယူကြသူများကို တွေ့ရစဉ်။ စိုင်းထွန်း(လားရှိုး)



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် မေ ၁၇ ရက် (မြန်မာနှစ်ဆန်း ၁ ရက်) က ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်စိုးမိုး

# ဆီးဂိမ်းပြိုင်ပွဲအကြို ယူအေအီးနိုင်ငံ၌ လေ့ကျင့်ရန် မြန်မာ ယူ-၂၂ အသင်း ထွက်ခွာ

**ရန်ကုန် မေ ၁၇**

မြန်မာ ယူ-၂၂ အသင်းသည် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြို ယူအေအီးနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်ရန် မေ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှတစ်ဆင့် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ ထွက်ခွာသွားသည်။



**ကစားသမား ၂၆ ဦး**

မြန်မာ ယူ-၂၂ အသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၂၆ ဦး လိုက်ပါသွားသည်။ မြန်မာ ယူ-၂၂ အသင်း နည်းပြချုပ် ပိုပေ့ါဗ်သည် ပဏာမကစားသမား ၃၁ ဦးဖြင့် ဖွဲ့စည်းထားပြီးအသက်ကျော်ကစားသမား သုံးဦး ထည့်သွင်းအသုံးပြုခွင့်ရမည်ဖြစ်သောကြောင့် ယင်းသုံးနေရာအတွက် ပဏာမ ရှစ်ဦးကိုပါ ထည့်သွင်းရွေးချယ်ထားခြင်းဖြစ်သည်။

ယခုခရီးစဉ်တွင် အသက်ကျော်ကစားသမားနေရာ အတွက် ရွေးချယ်ထားသူများအနက် ပြည်ပကလပ်များတွင် သွားရောက်ကစားနေသူများ မပါဝင်ဘဲ လက်ရှိအသင်းနှင့် ပူးပေါင်းနေသူများကိုသာ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ ဦးစည်သူဝင်း၊ နည်းပြချုပ် ပိုပေ့ါဗ်၊ လက်ထောက်နည်းပြ ဦးဇော်ဝင်းထွန်းနှင့် ဦးအောင်အောင်ထွန်း၊ ဂိုးနည်းပြ ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် ဂိုးသမား ပြည့်ဖြိုးသူ၊ သူရကျော်၊ ပြည့်ဖြိုးအောင်၊ အောင်ကိုလတ်၊ နောက်တန်း သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ ဝင်းမိုးကျော်၊ ရဲမင်းသူ၊ သက်ပိုင်ထွေး၊ အောင်ဝဏ္ဏစိုး၊ ရဲလင်းထက်၊ နောင်နောင်စိုး၊ အလယ်တန်း- ဇော်ဝင်းသိန်း၊ လွင်မိုးအောင်၊ လင်းထက်စိုး၊ ဝေလင်းအောင်၊ နန်းထိုက်ဇော်၊ ရန်ကျော်စိုး၊ အောင်နိုင်ဝင်း၊ ရှေ့တန်း ရဲရင့်အောင်၊ ထက်ဖြိုးဝေ၊ ဝင်းနိုင်ထွန်း၊ မြတ်ကောင်းခန့်၊ ရာဇာအောင်နှင့် သန်းပိုင်တို့ ပါဝင်သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဒူဘိုင်းမြို့တွင် နှစ်ပတ်ဝန်းကျင်သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး ယူအေအီးကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ယူအေအီးနိုင်ငံမှ တစ်ဆင့် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ဗီယက်နမ်နိုင်ငံသို့ တိုက်ရိုက်သွားရောက်မည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

**❒ မြန်မာ့လက်ရွေးစင်အသင်းမှ**

မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင်လည်း နိုင်ငံတကာခြေစမ်းပွဲများ ကစားခဲ့ခြင်းမရှိပေ။ မြန်မာအသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် တစ်လဝန်းကျင် အချိန်ယူပြင်ဆင်ဖွယ်ရှိပြီး ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို ကာဂျစ္စတန်နိုင်ငံ၌ သွားရောက်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ စင်ကာပူတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး မလေးရှားအသင်းမှာမူ ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် ကျရောက်နေသည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းသည် ၂၀၁၇ ခုနှစ်တွင် ခြေစမ်းပွဲကစားပြီးနောက် ယခုနှစ်မှ ခြေစမ်းပွဲ ပြန်လည်ကစားခြင်းဖြစ်သည်။ **ကိုညီလေး**

# လွိုင်လင်မြို့၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**လွိုင်လင် မေ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ၁၃၈၄ ခုနှစ် မြန်မာနှစ်ဆန်း ၁ ရက် နံနက် ၈ နာရီက လွိုင်လင်မြို့ သဘာဝရေကန်မြကန်သာရေကန်ကြီးတွင် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ကျင်းပသည်။

လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့်ဇနီး၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ထိုင်းငါးခုံးမကြီးကောင်ရေ ၂၀၀၀၀ နှင့် ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀ စုစုပေါင်း ငါးကောင်ရေ ၃၅၀၀၀ ကို ဇီဝိတဒါနအဖြစ် မြကန်သာရေကန်အတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

**လွိုင်လင်မိုး**

**✻ ပီအက်စ်ဂျီအသင်းမှ**

ချယ်လ်ဆီးအသင်းဟာ တိုက်စစ်မှူး လူကာကူကို ၂၀၂၁ ခုနှစ်အတွင်းက ပြောင်းရွှေ့ကြေးပေါင် ၉၇ ဒသမ ၅ သန်းနဲ့ စတမ်းဖို့ဒ်ဘရစ်ချ်သို့ ပြန်လည်ခေါ်ယူခဲ့တာဖြစ်ပြီး တိုက်စစ်မှူး လူကာကူဟာ ၂၀၁၁ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ချယ်လ်ဆီးအသင်းမှာ ကစားခဲ့ဖူးတာကြောင့် အသင်းကနေထွက်ခွာပြီးနောက် ကိုးနှစ်အကြာမှာ လူကာကူကို ပြန်လည်ခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

အဲဒီလို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့ပေမယ့် တိုက်စစ်မှူး လူကာကူဟာ ယခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး ငါးဂိုးသာ သွင်းယူနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် နည်းပြတူချယ်လက်ထက်မှာ ပထမဆုံးပွဲထွက်ကစားသမားစာရင်းမှာပါဝင်ဖို့ပင် အတော်လေးရုန်းကန်နေရတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး လူကာကူဟာ အင်တာမီလန်အသင်းမှာ နှစ်နှစ်ကြာကစားခဲ့စဉ်က ပြိုင်ပွဲအရပ်ရပ်မှာ ၉၅ ပွဲပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၆၄ ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် အင်တာမီလန်အသင်းက တိုက်စစ်မှူး လူကာကူကို ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လက်ရှိအချိန်မှာ ပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းက တိုက်စစ်မှူး လူကာကူကို နွေရာသီဈေးကွက်အတွင်းမှာ အသင်းကနေ ထွက်ခွာခွင့်ပေးဖို့ ပြင်ဆင်လာတာဖြစ်တယ်လို့ သိရပါတယ်။

**ငွေကြယ်**



# တရားမဝင် သစ်မျိုးစုံ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပြည်နယ်သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမ်းမြို့နယ်နှင့် တောင်ကုတ်မြို့နယ်များအတွင်း တရားမဝင် တောင်သရက်ခွဲသား **၅ ဒသမ ၀၈၀၄ တန်(ခန့်မှန်းတန်ဖိုး ငွေ ၃၅၅၆၂၈ ကျပ်)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း တရားမဝင် ကျွန်းသစ်၊ သစ်မာနှင့် အခြားသစ်မျိုးစုံ **၁၉ ဒသမ ၅၄၂၄ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၂၀၃၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၂၄၇၆၅၈ ကျပ်)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)မှ
## လုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ ဦးစီးဌာန၊ သင်တန်းဌာနများနှင့် သင်တန်းကျောင်းများတွင် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၆၆)ခုအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်(နေပြည်တော်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)တို့တွင် (၁၈-၄-၂၀၂၂) ရက်နေ့မှ (၂-၅-၂၀၂၂) ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၃-၅-၂၀၂၂) ရက်နေ့မှ (၁၇-၅-၂၀၂၂) ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော ကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇-၃၄၀၄၀၂၀၊ ၀၆၇-၃၄၀၄၄၈၀ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၈၈၇၆၄၅၅၈၀ (အစိုးရနည်းပညာကောလိပ်၊ နေပြည်တော်)၊ ၀၉-၄၄၃၉၇၃၆၀၇ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၇၆၆၈၀၂၃၈ (အစိုးရစက်မှုလက်မှုသိပ္ပံ၊ မန္တလေး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Websiteဖြစ်သော **www.dtvet.gov.mm**တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃)ရက်
## ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၈)ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဧပြီလ(၂၂)ရက်မှ (၂၈) ရက်အထိ နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရတနာပြပွဲတွင် မြန်မာနိုင်ငံအတွင်းမှထွက်ရှိသော ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တင်ပြရောင်းချသွားမည်ဖြစ်ပါသည်။

၂။ ရတနာပြပွဲသို့ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၊ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကို သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဝယ်ယူခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ၂၀၂၂ ခုနှစ်၊ (၅၇)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်(နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## တိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုငွေလုံးငွေရင်း (တည်ဆောက်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အခြေခံပညာကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်း (၄၉)ခု
(ခ) သိပ္ပံဆောင်များ အသစ်ဆောက်လုပ်ခြင်း (၃)ခု
(ဂ) စာကြည့်တိုက်အသစ်ဆောက်လုပ်ခြင်း (၉)ခု

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၁၈-၄-၂၀၂၂)ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး တင်ဒါများကို (၁၇-၅-၂၀၂၂)ရက် ညနေ (၄:၀၀)နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဖုန်း-၀၅၉-၂၀၂၃၉၆၄သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက် ကုန်းမြင့်သာလမ်း၊ အမှတ်(၂၉)နေ ဦးသန်းဦး[၁၂/သလန(နိုင်)၀၀၀၃၈၁] နှင့် ဒေါ်အေးအေးမော် [၁၂/သလန(နိုင်)၀၀၃၄၈၈]တို့၏ သားဖြစ်သူ မောင်ဇင်ကိုဝင်းသည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ နေအိမ်မှ ဆင်းသွားခြင်းတို့ကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်အေးအေးမော်(မိခင်)** | **ဒေါ်တင်တင်လှ (LL.B)** |
| **[၁၂/သလန(နိုင်)၀၀၃၄၈၈]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၅၀)** |
| | **Ph: 09- 43073426** |

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန(ရုံးချုပ်)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့်စက်ပစ္စည်းနှင့် License များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၈-၄-၂၀၂၂
(ခ) တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၂-၅-၂၀၂၂(၁၆:၀၀)နာရီ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - ရုံးအမှတ်(၂၁)၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲ

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ၀၆၇-၃၄၀၄၅၃၇၊ ၀၆၇-၃၄၀၄၅၁၅ နှင့် e-mail များဖြစ်သော **awdt.dtpc@gmail.com နှင့် dtpc.dtpc2016@gmail.com** သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(ရုံးချုပ်)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း သာမန်အသုံးစရိတ်ဖြင့် ဝယ်ယူမည့် VMware အတွက် Supporting License သက်တမ်းတိုးခြင်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၈-၄-၂၀၂၂
(ခ) တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၂-၅-၂၀၂၂(၁၆:၀၀)နာရီ
(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - ရုံးအမှတ်(၂၁)၊ နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ဘဏ္ဍာရေးဌာနခွဲ

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ၀၆၇-၃၄၀၄၅၃၇၊ ၀၆၇-၃၄၀၄၅၁၅ နှင့် e-mail များဖြစ်သော **awdt.dtpc @gmail.com** နှင့် **dtpc.dtpc2016@gmail.com** သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်
## ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)မှ လုပ်ငန်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များတွင် ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၈၈)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ ရန်ကုန်နည်းပညာ တက္ကသိုလ်၊နည်းပညာတက္ကသိုလ်(မန္တလေး)၊နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့တွင် (၁၈-၄-၂၀၂၂)ရက်မှ (၂-၅-၂၀၂၂)ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည် တင်သွင်းလာမည့် တင်ဒါပုံစံများကို (၃-၅-၂၀၂၂)ရက်မှ (၁၇-၅-၂၀၂၂) ရက်အထိ ရုံးချိန်အတွင်း တင်ဒါပုံစံ ဝယ်ယူခဲ့သောတက္ကသိုလ်များတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀၊ ၀၆၇-၃၄၀၄၆၅၅ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၄၅၂၀၄၅၁၀၈ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ၀၉-၂၅၆၁၂၉၈၆၈ နည်းပညာတက္ကသိုလ် (မန္တလေး)၊ ၀၉-၄၄၄၀၃၄၀၂၆ နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော **www.dast.edu.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များအတွက် လိုအပ်သော သင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ Open Tender ပုံစံများကို (၁၈-၄-၂၀၂၂)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)၊ နည်းပညာတက္ကသိုလ်(တောင်ကြီး) တို့တွင် ဝယ်ယူနိုင်ပြီး (၁၇-၅-၂၀၂၂) ရက်နေ့ ညနေ(၄:၀၀)နာရီ နောက်ဆုံးထား၍ Tender ပုံစံဝယ်ယူခဲ့သောတက္ကသိုလ်သို့ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါ သင်ကြားရေးသုံး သင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့အရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀၊ ၀၆၇-၃၄၀၄၆၅၅ (ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉- ၄၅၂ ၀၄၅၁၀၈ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ၀၉-၂၅၆၁၂၉၈၆၈ နည်းပညာတက္ကသိုလ် (မန္တလေး)၊ ၀၉- ၄၄၄၀၃၄၀၂၆ နည်းပညာတက္ကသိုလ်(တောင်ကြီး)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Websiteဖြစ်သော **www.dast.edu.mm** တွင်လည်း ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၃ / ၂၀၂၂-၂၀၂၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက်အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအားမြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-057(22-23) | Water Transfer Pump with Engine (3) Items | Ks |
| (၂) | DMP/L-058(22-23) | Shale Shaker Unit and Accessories (2) Sets | Ks |
| (၃) | DMP/L-059(22-23) | Crude Transfer Pump with Engine (3) Items | Ks |
| (၄) | DMP/L-060(22-23) | Welding Machine with Accessories Mobile Type (3) Sets | Ks |
| (၅) | DMP/L-061(22-23) | Ultrasonic Cement Analyzer (1) Set | Ks |
| (၆) | DMP/L-062(22-23) | Foam Fire Fighting System for Condensate Tank (1) Lot | Ks |
| (၇) | DMP/L-063(22-23) | National Oil and Gas Information Center Phase-2 at NPT Office-44 Device and Installation (1) Lot အား Turnkey စနစ်ဖြင့်ဆောင်ရွက်ခြင်း | Ks |
| (၈) | DMP/L-064(22-23) | Apply Research Centre (17) Items | Ks |
| (၉) | DMP/L-065(22-23) | Hakjaw Complete Set (1) Set | Ks |
| (၁၀) | DMP/L-066(22-23) | Power Swivel Complete Set (1) Set | Ks |
| (၁၁) | DMP/L-067(22-23) | 20'' LSAW API 5L Grade X-46 3LPE Coated Steel Line Pipe (10)Miles (16,100)Mtr | Ks |
| (၁၂) | DMP/L-068(22-23) | 12'',10'',6'',4'' ERW API 5L Grade X-42 3LPE Coated Steel Line Pipe (4) Items | Ks |
| (၁၃) | DMP/L-069(22-23) | Ball Valve and Pipe Fitting (2) Groups | Ks |
| (၁၄) | DMP/L-070(22-23) | Heat Shrinkable Sleeve and Closure Patches (4) Items | Ks |
| (၁၅) | DMP/L-071(22-23) | 500 KVAR Automatic Control Capacitor Bank with 3 Steps And attach with 630 A VCB Panel & Accessories (2) Set | Ks |
| (၁၆) | DMP/L-072(22-23) | 36 KW , 108 KW & 240 KW Diesel Engine Driven Generating Set (3) Items | Ks |
| (၁၇) | DMP/L-073(22-23) | Replacement & Installation of the Metering System for Thanlyin GCS (1) Lot အား Turnkey စနစ်ဖြင့်ဆောင်ရွက်ခြင်း | Ks |
| (၁၈) | DMP/L-074(22-23) | Replacement & Installation of the Metering System for Toegyaugkalay GCS (1) Lot အား Turnkey စနစ်ဖြင့်ဆောင်ရွက်ခြင်း | Ks |
| (၁၉) | DMP/L-075(22-23) | Central Control Integrated Monitoring System (CCIMS) (Phase-2) (1) Lot အား Turnkey စနစ်ဖြင့်ဆောင်ရွက်ခြင်း | Ks |
| (၂၀) | DMP/L-076(22-23) | 2900 Series Well-Head & Christmas Tree Equipment (2) Sets | Ks |
| (၂၁) | DMP/L-077(22-23) | CNG Compressor Driven Electric Motor Package & Accessories (1) Set | Ks |
| (၂၂) | DMP/L-078(22-23) | Retest Factory (100 Cyl;/Day) Repairing and Upgrading (1) Unit | Ks |
| (၂၃) | DMP/L-079(22-23) | Main Motor (China) for L-Type and ZW-Type CNG Compressor (2) Items | Ks |
| (၂၄) | DMP/L-080(22-23) | 1 C x 400 $mm^2$ and 1 C x 150 $mm^2$ 1 KV/Cu/XLPE/PVC Cables (2) Items | Ks |
| (၂၅) | DMP/L-081(22-23) | Cooling System for CNG Station (5) Units | Ks |
| (၂၆) | DMP/L-082(22-23) | Gas Filtration System (3) Units | Ks |
| (၂၇) | DMP/L-083(22-23) | Circuit Breaker (3) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကိုကြော်ငြာပါသည့်နေ့မှစ၍လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင်လာရောက်ဝယ်ယူနိုင်ပြီးတင်ဒါကြော်ငြာအားဝန်ကြီးဌာနဝက်ဆိုဒ် **(www.moee.gov.mm)** တွင်လည်းကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို**(၆-၅-၂၀၂၂) ရက်နေ့ (၁၂:၀၀)နာရီတွင်**နောက်ဆုံးထား၍ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ရုံးအမှတ်(၄၄) နေပြည်တော်သို့**(လူကိုယ်တိုင်)လာရောက်**ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း-၀၆၇-၄၁၁၂၀၆**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၄-၂၀၂၂ရက်နေ့ ကြေးမုံသတင်းစာကြော်ငြာစာမျက်နှာ(၂၉)ပါ ဒေါ်ဝင်းမြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် (၂) ရပ်ကွက်၊ ပေ(၁၇ ၁/၂ x၃၈)ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ၊ တိုက်အမှတ်(၃)၊ အခန်းအမှတ်(၂၀၃) (ဒုတိယထပ်) အခန်း၏ အမည်ပေါက်ဦးမျိုးဇော်[၁၄/မအပ(နိုင်)၁၅၉၃၇၀]အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာ မိတ္တူမှန်စာရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် အခွန်ပေးဆောင်ပြီး အမည်ပြောင်းလဲခွင့်ပြုပါရန် ယင်းအခန်းအား ဝယ်ယူထားကြောင်း စာချုပ်၊ စာတမ်း အထောက်အထားများဖြင့် ဒေါ်သန္တာဦး [၁၂/သဃက(နိုင်)၀၃၅၂၁၀] က လျှောက်ထားလာခြင်းအား ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနအတွက် ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူမည့် လုပ်ငန်းသုံးစက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၈-၄-၂၀၂၂ရက်

(ခ) တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက် - ၂-၅-၂၀၂၂ရက်(၁၆:၀၀)နာရီ

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်(၆)၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့

၂။ တင်ဒါတင်သွင်းခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ဖုန်း(၀၁-၆၆၃၂၅၈၊ ၀၁-၆၆၅၂၉၂၊ ၀၁-၆၅၂၈၆၀)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) တန်း အလုပ်ရုံစိတ်မှူး(စက်မှု) (လျှပ်စစ်) (၄၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| ခန့်ထားမည့်ရာထူး | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း | ခန့်ထားမည့်ဦးရေ |
|---|---|---|
| အလုပ်ရုံစိတ်မှူး (စက်မှု) | A.G.T.I (MP, MT, Mechatronic) | ကျား (၃၀)ဦး၊ မ (၄)ဦး |
| အလုပ်ရုံစိတ်မှူး (လျှပ်စစ်) | A.G.T.I (EC, EP, Mechatronic) | ကျား (၆)ဦး |

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁-၄-၂၀၂၂)နေ့တွင် အသက် (၃၀)နှစ် ဝန်ထမ်းဖြစ်ပါက (၃၅နှစ်) ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကိုမြန်မာ့မီးရထား Website ဖြစ်သော **www.myanmarailways.gov.mm** ၏ homepage တွင် download ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီး၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်း(၇)ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်း(၃)မန္တလေးရုံးတို့တွင်လည်းကောင်း ရယူနိုင်ပါသည်။

၄။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ

(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)

(ဂ) ပညာအရည်အချင်းအတွက် ဘွဲ့၊ ဒီပလိုမာအောင်လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်း(သို့မဟုတ်) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဃ) နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း) မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက် (မူရင်း)

၅။ လျှောက်လွှာများကို မြန်မာ့မီးရထား၊ အထွေထွေမန်နေဂျာ(စက်မှုနှင့်လျှပ်စစ်) ထံ လိပ်မူ၍ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီးသို့(၉-၅-၂၀၂၂)နေ့နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှမှတ်ပုံတင်၍ ပေးပို့လျှောက်ထားရမည်။ နိုင်ငံ့ဝန်ထမ်း (အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံအပို(၃)ပုံနှင့်အတူ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ်၊ နေပြည်တော်ဘူတာကြီးသို့ နောက်ဆုံးထားပေးပို့ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် အောက်ပါအတိုင်းကျင်းပပြုလုပ်မည်-

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၁၅-၅-၂၀၂၂ | မြန်မာစာ | နံနက်(၉:၀၀)မှ (၁၁:၀၀)နာရီအထိ |
| (ခ) | ၁၅-၅-၂၀၂၂ | အင်္ဂလိပ်စာ | မွန်းတည့်(၁၂:၀၀)မှ(၁၄:၀၀)နာရီအထိ |
| (ဂ) | ၁၅-၅-၂၀၂၂ | အထွေထွေဗဟုသုတ | မွန်းလွဲ(၁၅:၀၀)မှ (၁၇:၀၀)နာရီအထိ |

၇။ စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို (၁၂-၅-၂၀၂၂)မှ(၁၃-၅-၂၀၂၂)ရက်နေ့ အထိ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၊ ဘွဲ့လက်မှတ်၊ အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)များပြသ၍ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီးတွင် ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြော်ငြာထားပါမည်။

၈။ မြန်မာ့မီးရထားတွင် အနည်းဆုံး(၁၀)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ရမည်။

၉။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမှုဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ဖြေဆိုခွင့် ရရှိသူများစာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်စာရင်း ၊ လူတွေ့ ဖြေဆိုရမည့် နေ့ရက်၊ နေရာနှင့် အချိန်၊ ရွေးချယ်ခံရသူများစာရင်းတို့အား မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ မှုထမ်းဌာနစိတ် နေပြည်တော်ဘူတာကြီးတွင်လည်းကောင်း၊ မြန်မာ့မီးရထား Website တွင် လည်းကောင်း ကြော်ငြာပေးမည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား (ရုံးချုပ်) စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၆၇-၇၇၁၂၆၊ ၀၆၇-၇၇၁၄၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ (စက်မှု/သွားလာဌာနခွဲ)တွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) တန်း စက်ခေါင်းမောင်း(၅)ဆီလောင်း (၁၆၀)နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၁-၄-၂၀၂၂)နေ့တွင် အသက်(၃၀)နှစ် ဝန်ထမ်းဖြစ်ပါက (၃၅နှစ်)ထက်မကျော်လွန်သူဖြစ်ရမည်။

(ဂ) အခြေခံပညာအထက်တန်းအောင်မြင်သူဖြစ်ရမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး အမြင်အာရုံကောင်းမွန်သူဖြစ်ရမည်။ မျက်မှန်/မျက်ကပ်မှန် တပ်ဆင်ထားသူများမဖြစ်စေရ။ အရောင်ခွဲခြားသိမြင်နိုင်သူများဖြစ်ရမည်။(Colour Blind မဖြစ်စေရ)

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ သတ်မှတ်လျှောက်လွှာပုံစံကို မြန်မာ့မီးရထား Website ဖြစ်သော **www.myanmarailways.gov.mm** ၏ homepage တွင်download ရယူ၍လည်းကောင်း၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာဌာနခွဲ) နေပြည်တော်ဘူတာကြီး၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၇) ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၃)မန္တလေးရုံးတို့တွင် လည်းကောင်း ရယူနိုင်ပါသည်။

၃။ လျှောက်ထားသူများသည် သတ်မှတ်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)

(ခ) လွန်ခဲ့သော(၁)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၃)ပုံ (ကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးရန်)

(ဂ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဃ) နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)မဟုတ်သူများအတွက် သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင် ကတ်ပြား(မိတ္တူ)

(င) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်(မူရင်း)

၄။ လျှောက်လွှာများကို မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော်ဘူတာကြီးထံလိပ်မူ၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှမှတ်ပုံတင်၍ (၆-၅-၂၀၂၂)နေ့အရောက် ပေးပို့လျှောက်ထားရမည်။ ရန်ကုန်ဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၇)ရန်ကုန်ရုံး၊ မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း) တိုင်းအမှတ်(၃)မန္တလေးရုံးတို့တွင်လည်း (၆-၅-၂၀၂၂)နေ့ အရောက် ကိုယ်တိုင်ပေးပို့လျှောက်ထားနိုင်သည်။ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)ဖြစ်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံ(၃)ပုံနှင့်အတူ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသောလျှောက်လွှာများနှင့် အချက်အလက်မပြည့်စုံသော လျှောက်လွှာများကို လက်ခံထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်-

| | နေ့ရက် | ဘာသာ | အချိန် |
|---|---|---|---|
| (က) | ၁၉-၅-၂၀၂၂ | မြန်မာစာ | နံနက်(၉:၀၀)မှ (၁၁:၀၀)နာရီအထိ |
| (ခ) | ၁၉-၅-၂၀၂၂ | အင်္ဂလိပ်စာ | မွန်းတည့်(၁၂:၀၀)မှ (၁၄:၀၀) နာရီအထိ |
| (ဂ) | ၁၉-၅-၂၀၂၂ | အထွေထွေဗဟုသုတ | မွန်းလွဲ(၁၅:၀၀)မှ (၁၇:၀၀) နာရီအထိ |

၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၇-၅-၂၀၂၂)နေ့မှ (၁၈-၅-၂၀၂၂)ရက်နေ့အထိ ရုံးချိန်အတွင်း ကာယကံရှင်ကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အခြေခံပညာအထက်တန်းအောင်လက်မှတ် အလုပ်သမားမှတ်ပုံတင်ကတ်(မူရင်း)တို့ကိုပြသ၍ ရန်ကုန်စာစစ်ဌာနအတွက်၊ ရန်ကုန်ဘူတာကြီးအပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၇) ရန်ကုန်ရုံး၊ မန္တလေးစာစစ်ဌာနအတွက် မန္တလေးဘူတာကြီး အပေါ်ထပ်ရှိ အင်ဂျင်နီယာမှူး(စက်မှု/တိုင်း)တိုင်းအမှတ်(၃)မန္တလေးရုံးနှင့် နေပြည်တော်စာစစ်ဌာနအတွက် စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော် ဘူတာကြီးတို့တွင် ထုတ်ယူနိုင်ပါသည်။ ဝင်ခွင့်စာမေးပွဲကတ်ပြားထုတ်ပေးချိန်တွင် စာမေးပွဲဖြေဆိုရမည့်နေရာကို ကြော်ငြာထားပါမည်။

၇။ ရေးဖြေအောင်မြင်ပါက လူတွေ့စစ်ဆေးမှုဆက်လက်ပြုလုပ်မည်ဖြစ်သည်။ ဖြေဆိုခွင့်ရရှိသူများ စာရင်း၊ ရေးဖြေအောင်မြင်သူများစာရင်းနှင့် လူတွေ့ဖြေဆိုရမည့်စာရင်း၊ လူတွေ့ဖြေဆိုရမည့်နေ့ရက်၊ နေရာ၊ အချိန်နှင့် ရွေးချယ်ခံရသူများစာရင်းတို့အား မြန်မာ့မီးရထား၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ဌာနခွဲ၊ နေပြည်တော်ဘူတာကြီးတွင်လည်းကောင်း၊ မြန်မာ့မီးရထား Website တွင်လည်းကောင်း ကြော်ငြာပေးမည်ဖြစ်ပါသည်။

၈။ ရွေးချယ်ခံရပါက ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း၊ မိတ္ထီလာတွင် သင်တန်းကာလ (၁၂)ပတ် တက်ရောက်ရမည်။

၉။ မြန်မာ့မီးရထားတွင် အနည်းဆုံး(၁၀)နှစ်တစ်ဆက်တည်း တာဝန်ထမ်းဆောင်နိုင်ရမည်။

၁၀။ အသေးစိတ်သိရှိလိုပါက ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား (ရုံးချုပ်) ဒုတိယအထွေထွေမန်နေဂျာ(စက်မှု/သွားလာ)ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၇၇၁၁၄၊ ၇၇၀၄၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃)၊ မြေကွက်အမှတ်(၁၁၈၄)၊ (အလျားပေ၄၀xအနံပေ၆၀)ရှိ ဦးမိုးမြင့် အမည်ပေါက် မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းကျေးရွာအုပ်စု၊ စံပယ်လမ်း၊ အမှတ်(၁၁၈၄) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အဆောက်အဦအားလုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဝေဇွန်ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်နှင်းကြည်မှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ဆွေဝင်း**
**LL.B,D.B.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၂၈၉၂)**
**အမှတ်(၁၃၂၈)၊ ကုန်းဘောင်လမ်း၊ (၁၃)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-09-420099029**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၄-၄-၂၀၂၂) ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ-၂၆ပါ ဒေါ်အိအိကျော် အထက်တန်းရှေ့နေ (စဥ်-၅၃၂၀၆) ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း ကြော်ငြာစာတွင် မြေကွက်အမှတ် (၃၃၄-ဘီ)ဟု မှားယွင်းဖော်ပြမိသဖြင့် (၃၄၄-ဘီ)ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## သွေးသည် အသက်

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ကြယ်စင်အိမ်ရာ (Star City)၊ Zone-B တိုက်အမှတ်(B-2)၊ အခန်းအမှတ်(222)၊ ကွန်ဒိုအခန်းအား ဒေါ်အိအိခိုင်[၁၂/ပဇတ(နိုင်)၀၁၇၀၉၃]သည် ဒေါ်ဇင်မာအောင်[၈/အလန(နိုင်)၁၃၇၉၆၆]ထံမှ ဝယ်ယူရန် ၈-၄-၂၀၂၂ ရက်တွင် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၂၄-၄-၂၀၂၂ရက် နောက်ဆုံးထားပြီး ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အိအိခိုင်[၁၂/ပဇတ(နိုင်)၀၁၇၀၉၃]**
**အမှတ်(၄) ဒေါနလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-254435478**

## General Power of Attorney ရုပ်သိမ်းခြင်းအတွက် ဦးကျော်ကျော်[၁၄/ဖပန(နိုင်)၀၄၆၂၅၀] ကိုင်ဆောင်သူနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်းလမ်း၊ အမှတ်(၅၇)နေ ဦးအောင်ကျော်[၁၂/သဃက(နိုင်)၀၃၄၄၂၀]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးကျော်ကျော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ဦးကျော်ကျော်[၁၄/ဖပန(နိုင်)၀၄၆၂၅၀]၊ အမှတ်(၁၈)၊ သစ်ယာလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၌ နေထိုင်သူအား ဦးအောင်ကျော်[၁၂/သဃက(နိုင်)၀၃၄၄၂၀]က သက်ဆိုင်ရာရုံး/ဌာနအသီးသီးတွင် ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ်-၁၁၈၂၇/၂၀၁၇ကို (၂၂-၁၂-၂၀၁၇)ရက်က လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ဦးအောင်ကျော်မှ ဦးကျော်ကျော်အား ၎င်း၏ကိုယ်စားလှယ်အဖြစ် ဆက်လက်ဆောင်ရွက်ပေးရန် ဆန္ဒမရှိတော့ပါသဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ်-၁၁၈၂၇/၂၀၁၇ ကို ယနေ့မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**လိုင်စင်အမှတ်-၃၆၇၇(၂၇-၅-၈၆)**
**အမှတ်(၅၃၆)၊ အလင်းရောင်လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၉၅၉၂၆**

## သက်ဆိုင်သူများနှင့် အများသိရှိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၊ မြဝတ်ရည်(၂)လမ်း၊ အမှတ်(၅၃၃/က)နေ ဒေါ်ဥမ္မာစန်း(ဘ)ဦးစိုးနိုင်ဝင်း[၁၂/ဥကမ(နိုင်)၀၂၈၄၄၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ဥမ္မာစန်းနှင့် ဦးအောင်စိုးမိုးဆွေ(ဘ)ဦးမြင့်ဆွေ[၁၂/သခန(နိုင်)၀၃၁၃၃၈]တို့သည် (၂၂-၉-၂၀၀၀)ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး၊ သား(၂)ဦးထွန်းကားခဲ့ပါသည်။ ခင်ပွန်းသည်၏လုပ်ငန်းကိစ္စရပ်များကြောင့် ခင်ပွန်းသည်၏ အကူအညီတောင်းခံချက်အရ (၄-၄-၂၀၂၂)ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲစာချုပ်ချုပ်ဆို၍ ကွာရှင်းခဲ့ပါသည်။ ထိုသို့ ကွာရှင်းခဲ့သော်လည်း တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ကြီးမားမှုကြောင့်လည်းကောင်း၊ သား(၂)ဦးကြောင့်လည်းကောင်း ယင်းနေ့မှစ၍ ယနေ့ချိန်အထိ အကြင်လင်မယားအဖြစ် တရားဝင်ဆက်လက်ပေါင်းသင်းနေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် ကွာရှင်းစာချုပ်ပါ ပဋိညာဉ်အချက်အလက်များသည် ပျက်ပြယ်သွားပြီးဖြစ်၍ ဦးမြင့်ဆွေ၏သား ဦးအောင်စိုးမိုးဆွေနှင့် ဦးစိုးနိုင်ဝင်း၏သမီး ဒေါ်ဥမ္မာစန်းတို့သည် တရားဝင်အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းနေထိုင်လျက်ရှိသူများဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိမ်းညိမ်းထွေး(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၃၁၅)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၇၉၃၉၆၇၂၈၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ကူကြီးကုန်းကျေးရွာ၊ နှင်းဆီလမ်း၊ အကျယ်အဝန်း ပေ(၄၂ x၂၂) အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသန်းဝင်း [၁၄/ဟသတ(နိုင်)၂၂၄၃၃၄]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်ထွန်း LL.B, LL.M** | **ဦးကောင်းထက်အောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၁၆၃)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၉၀၁)** |
| **ဒေါ်အေးမမစိုး LL.B** | **ဦးကျော်ကိုကိုလွင် LL.B** |
| **အထက်တန်းရှေ့နေ(စဥ်-၄၇၆၀၆)** | **အထက်တန်းရှေ့နေ(စဥ်-၅၂၃၆၈)** |

**AUNG HTOO CHUN LAW FIRM တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ-၂)၊ ၃၆ လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၈၉၉၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်(၄)လမ်း၊ အမှတ်(၁၁/၁၃)တွင် ဆောက်လုပ်ထားသော (၆)ထပ်+ Basement ကွန်ဒိုအဆောက်အအုံရှိ တတိယထပ်၊ အကျယ်အဝန်း (၁၃၄၆)စတုရန်းပေ၊ အခန်း (၃၀၇)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုင်းမြတ်သူ [၉/ခအဇ(နိုင်) ၀၀၁၂၄၅]+၂ တို့ထံမှ ကျွန်ုပ်မိတ်ဆွေတို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်ထွန်း LL.B, LL.M** | **ဦးကောင်းထက်အောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၁၆၃)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၉၀၁)** |
| **ဒေါ်အေးမမစိုး LL.B** | **ဦးကျော်ကိုကိုလွင် LL.B** |
| **အထက်တန်းရှေ့နေ(စဥ်-၄၇၆၀၆)** | **အထက်တန်းရှေ့နေ(စဥ်-၅၂၃၆၈)** |

**AUNG HTOO CHUN LAW FIRM တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ-၂)၊ ၃၆ လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၈၉၉၁၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၅)၊ မြေကွက်အမှတ်(၁၁၇၅)၊ အကျယ်အဝန်း ပေ(၄၀x၆၀)ရှိ ဦးမြအောင်အမည်ဖြင့် ချထားသော ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း ပေ(၂၀x၆၀)အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမျိုးမင်းထိုက် [၇/ပတန(နိုင်)၁၅၁၅၈၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်ထွန်း LL.B, LL.M** | **ဦးကောင်းထက်အောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၁၆၃)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၉၀၁)** |
| **ဒေါ်အေးမမစိုး LL.B** | **ဦးကျော်ကိုကိုလွင် LL.B** |
| **အထက်တန်းရှေ့နေ(စဥ်-၄၇၆၀၆)** | **အထက်တန်းရှေ့နေ(စဥ်-၅၂၃၆၈)** |

**AUNG HTOO CHUN LAW FIRM တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်(ဘီ-၂)၊ ၃၆ လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၈၉၉၁၉**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဓမ္မာရုံလမ်း၊ မြေကွက်အမှတ်(၂၂၉/က) ဟုခေါ်တွင်သော အလျား (၂၀)ပေ x အနံ (၆၀)ပေရှိပါမစ်မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိဆက်စပ်စာချုပ်များဖြင့် လက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူ (၁) ဦးအောင်ထွတ် [၉/မထလ(နိုင်)၀၀၉၉၅၆]၊ (၂) ဒေါ်ကြည်ပြာစိုး[၁၂/ဒဂရ(နိုင်)၀၁၇၂၉၅]၊ (၃) ဒေါ်နှင်းကေသီစိုး [၁၂/ဒဂရ(နိုင်)၀၁၇၃၁၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အုံးအုံး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၁၀၆)**
**အမှတ်(၃၃/ခ)၊ ငွေယမုံလမ်း၊ (၅/၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၄၅၅၈၇၇၂၁၄**

## ကန့်ကွက်နိုင်ပါကြောင်း


ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၀၄၄)၊ ရွှေဝါထွန်းလမ်း၊ အကျယ်အဝန်းပေ(၄၀x၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် အမည်ပေါက်သူ ဒေါ်ရီရီမြ(CE–၀၆၃၇၅၉) [၁၂/ဗဟန(နိုင်)၀၃၁၁၆၇]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်.

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)** |

**အမှတ်(၄၅၀/ခ)၊ ဒုတိယထပ်၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀–၆၈၅–၇၁၇၊ ၀၉–၇၉၇–၆၄၀–၆၁၆**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**




## ပျောက်ဆုံးကြောင်း

ကျွန်မ မစန္ဒာအေး၏ Passport နံပါတ် M 176267 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**Ph: 09–777394332**

# သွေးသည် အသက်

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သော အဖြူရောင်(သို့မဟုတ်)အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓါတ်ဆားဓါတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓါတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ ကုသမှုခံယူစေပါ။

## ဦးရဲနောင်ဌေးဝင်း(ခ) မောင်မောင်
**ဒုတိယလက်ထောက်ဦးစီးမှူး**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
## အသက်(၃၆)နှစ်

ရန်ကုန်မြို့နေ (ဦးပု–ဒေါ်အေး)၊ (ဦးလှထွန်း–ဒေါ်အုန်းကြည်)တို့၏ မြေး၊ နေပြည်တော်နေ ဦးဌေးဝင်း(ပြည်ထောင်စုလွှတ်တော်–ငြိမ်း) – ဒေါ်ခင်မာဌေးတို့၏ တစ်ဦးတည်းသောသား၊ ဦးအေးလွင်–ဒေါ်ချိုနွယ်ဌေးဝင်း (ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန) တို့၏ ညီ/မောင်၊ ဒေါ်ထက်ထက်ဌေးဝင်း (အ.လ.က ရွှေနံ့သာ)၏ အစ်ကို၊ မနေရဥ္ဇာအောင်၏ဦးလေး ဦးရဲနောင်ဌေးဝင်း(ခ) မောင်မောင်သည် ၁၇–၄–၂၀၂၂ ရက်တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၃)လမ်း(အထက်)၊ အမှတ်(၉၇)နေ ကွယ်လွန်သူ(ဦးမဂျစ်– ဒေါ်မဒရမ်ဘီဘီ)တို့၏ ကျန်ရစ်ခဲ့သော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်အနက်မှ မြေညီထပ်(ညာ)တစ်ခန်း၊ ပထမထပ်(ညာ)တစ်ခန်း၊ ဒုတိယထပ်(ညာ)တစ်ခန်း စုစုပေါင်းအခန်း(၃)ခန်းအား မောင်နှမများအကြား ချုပ်ဆိုခဲ့သော (၉–၄–၂၀၂၂)ရက်စွဲပါ အမွေခွဲဝေခြင်း သဘောတူစာချုပ်အရ မြေညီထပ်(ညာ)အခန်းနှင့် ပထမထပ်(ညာ)အခန်း အကျယ်အဝန်း ပေ(၂၃x၅၃)စီရှိ တိုက်ခန်း(၂)ခန်းတို့ကို **ဦးမောင်မောင်ဦး[၁၂/မဂတ(နိုင်)၀၁၄၈၄၃]၊ ဦးမြင့်ဦး[၁၂/မဂတ(နိုင်)၀၆၃၉၄၉]၊ ဒေါ်မာမာလွင်[၁၂/မဂတ(နိုင်)၀၁၄၈၄၅]**တို့ (၃)ဦးတို့မှ ပူးတွဲပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိပြီး၊ ဒုတိယထပ်(ညာ)၊ (၃–လွှာ)၊ အကျယ်အဝန်း ပေ(၂၃x၅၃)ရှိ တိုက်ခန်း(၁)ခန်းနှင့် အခန်းအတွင်းရှိ ပစ္စည်းများတို့ကို **ဒေါ်ခင်မျိုးလွင်[၁၂/မဂတ(နိုင်)၀၁၄၈၄၆]**အား ပေးအပ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်သူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** | |
|---|---|---|
| **ဦးမောင်မောင်ဦး** | **ဒေါ်မာမာသိန်း(LL.B)** | **ဒေါ်နှင်းသီတာဖြိုး(LL.B)** |
| **[၁၂/မဂတ(နိုင်)၀၁၄၈၄၃]** | **(စဉ်–၈၇၉၂)** | **(စဉ်–၁၃၇၂၀)** |
| **ဦးမြင့်ဦး** | **တရားလွှတ်တော်ရှေ့နေများ** | |
| **[၁၂/မဂတ(နိုင်)၀၆၃၉၄၉]** | **အမှတ်(၃၆)၊ မြေညီ၊ (၈၉)လမ်း၊ ကန်/နောက်ရပ်ကွက်၊** | |
| **ဒေါ်မာမာလွင်** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** | |
| **[၁၂/မဂတ(နိုင်)၀၁၄၈၄၅]** | **Ph:09–5088605,09–5064959,09–779094335** | |

## (၃၀–၃–၂၀၂၂)ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒေါ်ပန်းအိစိုးနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများ ဖြစ်သော ဒေါ်စိမ့်စံပယ်တိုးနှင့် ဦးသင်းမြတ်ဆန်းတို့၏ "အများသိစေရန်ကြေညာခြင်း"အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Time City Residence၊ Residence (5)၊ အခန်းအမှတ်(2102)နေ ဒေါ်သီတာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်–

ဒေါ်သီတာအောင်နှင့် ဦးမျိုးနိုင်သက်တို့သည်မောင်နှမအရင်းတော်စပ်ပြီး (၂၃–၃–၂၀၂၂)ရက်တွင် ဦးမျိုးနိုင်သက်သည် ၎င်းအမည်ပေါက်ပိုင်ဆိုင်သည့် KIA–Carnival–5R–9420 မော်တော်ယာဉ်အား အစ်မဖြစ်သူ ဒေါ်သီတာအောင်ထံ ခေတ္တအပ်နှံထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဒေါ်သီတာအောင်သည် ၎င်းထံအပ်နှံထားသော KIA–Carnival–5R–9420 မော်တော်ယာဉ်အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမျိုးနိုင်သက်ထံ (၈–၄–၂၀၂၂)ရက်တွင် စာချုပ်ချုပ်ဆိုပြန်လည်အပ်နှံပြီးဖြစ်ပါသောကြောင့် KIA–Carnival–5R–9420 မော်တော်ယာဉ်နှင့်ပတ်သက်၍ ဒေါ်သီတာအောင်တွင် မည်သည့်တာဝန်မှမရှိသလို၊ မည်သူနှင့်မျှ တွေ့ဆုံဖြေရှင်းမည်မဟုတ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်သီတာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဇင်မာမင်း** | **ဒေါ်အေးနန္ဒာ** |
| **LL.B,D.BL,D.IL** | **LL.B,D.BL,D.ML,DIL** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၁၆၅၁)** | **(စဉ်–၈၂၃၈)** |

**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း–၀၉–၄၂၀၀၃၁၃၅၂၊ ၀၉–၅၀၂၇၃၂၂**

## ဒေါ်ပန်းအိစိုးနိုင်[၁၂/မဂတ(နိုင်)၀၉၇၅၄၁](ခ)Mee Nge Facebook Account ပိုင်ရှင်နှင့်ပတ်သက်ဆက်နွှယ်သူများ သိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ Time City Residence၊ Residence(5)၊ အခန်းအမှတ်(2102)နေ ဒေါ်သီတာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်–

ဒေါ်သီတာအောင်နှင့် ဒေါ်ပန်းအိစိုးနိုင်(ခ)Mee Nge Facebook Account ပိုင်ရှင်တို့သည် သမီးယောက်မတော်စပ်ပြီး၊ ဒေါ်ပန်းအိစိုးနိုင်သည် အိမ်ထောင်ရေးအဆင်မပြေမှုအပေါ် အကြောင်းပြု၍ ဒေါ်သီတာအောင်နှင့် မိသားစုဓာတ်ပုံများကို ခွင့်ပြုချက်မရှိဘဲ (၃၁–၃–၂၀၂၂)ရက်တွင် Mee Nge Facebook Account တွင် သုံးစွဲကာ Public ဖြင့် Post တင်ပြီး ဒေါ်သီတာအောင်မိသားစု ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်ပြုလုပ်ခဲ့ပြီး၊ အဆိုပါ Post ကို Zar Chi Min Htun, Daw Wint War, Arbwar Lay, Oo Phyu Sin, Phyu Sin စသည့် Account ပိုင်ရှင်များမှ Share ပြုလုပ်ခြင်း၊ Comment ရေးခြင်းတို့ဖြင့် ထပ်ဆင့်၍ ဒေါ်သီတာအောင်နှင့်မိသားစုဝင်တို့ ဂုဏ်သိက္ခာကျဆင်းစေရန်ပြုမူခဲ့၍ ဒေါ်သီတာအောင်နှင့်မိသားစုဝင်များမှာ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့်၊ ဒေါ်သီတာအောင်နှင့် မိသားစုဝင်တို့သည် ဒေါ်ပန်းအိစိုးနိုင်(ခ)Mee Nge Facebook Account တွင် (၃၁–၃–၂၀၂၂)ရက်က တင်ခဲ့သော Post အပါအဝင် Share လုပ်သူများ၏ Post များ၊ Comment များအား သက်သေအဖြစ်သိမ်းဆည်းထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်တောင်းပန်ခြင်းကို နိုင်ငံပိုင်သတင်းစာမှလည်းကောင်း၊ Facebook လူမှုကွန်ရက်တွင် Public ဖြင့် Post တင်၍ အနည်းဆုံး(၇)ရက်ထားရှိခြင်းဖြင့်လည်းကောင်း၊ ပြုလုပ်ပါရန်နှင့် အကယ်၍ နောက်နောင်ဒေါ်သီတာအောင်နှင့် မိသားစုဝင်များ ဂုဏ်သိက္ခာကျဆင်းစေရန် တစ်နည်းနည်းဖြင့်ပြုမူလာပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သီတာအောင်၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်ဇင်မာမင်း** | **ဒေါ်အေးနန္ဒာ** |
| **LL.B,D.BL,D.IL** | **LL.B,D.BL,D.ML,DIL** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်–၁၁၆၅၁)** | **(စဉ်–၈၂၃၈)** |

**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း–၀၉–၄၂၀၀၃၁၃၅၂၊ ၀၉–၅၀၂၇၃၂၂**

## ဆရာမဒေါ်ခင်တီ
## (အ.ထ.က –၂၊ လှိုင်) (ဒေါ်သာထက်ကျောင်း)
## အသက်(၉၆)နှစ်

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်နေ (ဦးဉာဏ်ကြွယ်–ဒေါ်အုန်းသင်)တို့၏ သမီးကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်နေ (စက်သူဌေးဦးကြီးအို–ဒေါ်မမကြီး)တို့၏ သမီးချွေးမ၊ ဦးမောင်မောင်သိန်း၏ဇနီး၊ (ဦးရွှေစိုး) – ဒေါ်မြင့်မြင့်သိန်း၊ ဦးဖိုးနီ–ဒေါ်တင်တင်ဝေ၊ (ဦးသန်းဌေး–ဒေါ်မြင့်မြင့်ဝေ)၊ (ဦးမောင်မောင်ဌေး)–ဒေါ်မြင့်မြင့်မေ၊ (ဦးဉာဏ်လှ)–ဒေါ်ခင်သန်းတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ၁၇ ယောက်၊ မြစ် ၁၃ ယောက်တို့၏ ဘွားဘွားကြီးသည် ၁၆–၄–၂၀၂၂ ရက် ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇–၄–၂၀၂၂ ရက် ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦး L ဘွေကော (U L Bawi Kaw)
**[ပါမောက္ခ ဌာနမှူး သမိုင်းဌာန(ငြိမ်း) တောင်ကြီးတက္ကသိုလ်]**
## အသက်(၆၈)နှစ်

အောင်ပန်းမြို့၊ ရွာငံစုရပ်ကွက်၊ ပင်းတယလမ်း၊ အမှတ်(၄၃)နေ (ဦးလန်ထဲလ်– ဒေါ်ခါသန်း)တို့၏သား၊ (Daw Ti Buet)၊ (Daw Cang Mai)၊ (Daw Zil Muem)၊ (Mg Thi Pal)၊ Daw Thim Oo (USA)၊ Daw Rai Ding (USA) တို့၏မောင်၊ U La Naung (မတူပီမြို့)၊ U Cang Voi (Australia)၊ Daw Nam Nue (Australia)၊ (Daw Elyi Thwe)တို့၏အစ်ကိုကြီး၊ ဒေါ်မြတ်သက်မော်၏ ခင်ပွန်း၊ မိုင်နယ်လီကော၊ မိုင်ရှယ်နီကော၊ ဆလိုင်း L ခွန်စိုင်း၊ မိုင်ဟယ်မီကောတို့၏ ဖခင်ကြီးသည် ၁၇–၄–၂၀၂၂ (တနင်္ဂနွေနေ့) နံနက် ၆:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၉–၄–၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ဝတ်ပြုဆုတောင်းပြီး မွန်းလွဲ ၁ နာရီတွင် အောင်ပန်းမြို့ ဦး L ဘွေကော–ဒေါ်မြတ်သက်မော်တို့၏ နေအိမ်မှ ညောင်ပင်ထောင်ရပ်ကွက်၊ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေး ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁၈–၄၊ မြေကွက်အမှတ်–E ၁၂၄၅၊ အကျယ်အဝန်း (၄၀ပေ x ၆၀ပေ)ရှိ တရားဝင်မခွဲမစိတ်ရသေးသော ပါမစ်မြေကွက်၏ ခေါင်းရင်းဘက်ခြမ်း အကျယ်အဝန်း (၂၀ပေ x ၆၀ပေ) ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈– ရပ်ကွက်၊ သုခရတနာလမ်း၊ အမှတ်(၃၂)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်စိုးစိုးညွန့် [၃/ဘအန(နိုင်)၀၂၆၇၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇော်ဝင်းဦး (LL.B., LL.M.)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၂၇)**
**အမှတ်(C–2A)၊ အခန်းအမှတ်(110)၊**
**Botahtaung Time Square အိမ်ရာ**
**ကုန်သည်လမ်း၊ ၃–ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၉၆၅၁၇၈၀၁၈၊ ၀၉–၂၅၀၀၆၀၃၁၃**

## အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ဦးသောင်းစိန်[၁၂/ဗဟန(နိုင်)၀၂၉၈၀၂]နှင့် ဒေါ်သန်း[၁၂/ဗဟန(နိုင်)၁၂၈၁၇၂]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်းကြေညာအပ်ပါသည်–

ဒေါ်အေးအေးမြတ်[၁၂/လမတ(နိုင်)၀၀၁၄၈၅]မှာ ဦးသောင်းစိန်နှင့် ဒေါ်သန်း တို့၏ သမီးတော်စပ်ပြီး ဒေါ်အေးအေးမြတ်သည် ဦးဝင်းသန်းနှင့် အိမ်ထောင်ကျပြီးနောက် လွန်ခဲ့သောအနှစ်(၂၀)ခန့်ကတည်းက ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့်အတူ နေထိုင်ခြင်းမရှိဘဲ ယခုအချိန်ထိ ၎င်းတို့မှာ သီးခြားခွဲ၍ နေထိုင်ကြပါသည်။ ဒေါ်အေးအေးမြတ်နှင့် ဦးဝင်းသန်းတို့၏ ငွေရေးကြေးရေးကိစ္စများ၊ လူမှုရေးကိစ္စများသည် ကျွန်ုပ်တို့၏မိတ်ဆွေများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသောကြောင့် သက်ဆိုင်သူ ကာယကံရှင်များနှင့်သာ ရှင်းလင်းကြရန်နှင့် အကယ်၍ သက်ဆိုင်ခြင်းမရှိသူ ကျွန်ုပ်တို့၏မိတ်ဆွေများအား ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုခြင်း၊ ဖိအားပေးခြင်း အစရှိသည်တို့ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးလှဝေ(စဉ်–၇၁၂၄)** | **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်–၈၇၉၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## အများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝါဝါမြတ်[၁၂/ဗဟန(နိုင်)၀၂၈၁၈၈]၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါမြတ်သည် ဒေါ်အေးအေးမြတ် [၁၂/လမတ(နိုင်)၀၀၁၄၈၅]နှင့်ညီမအရင်းတော်စပ်သည်မှလွဲ၍ အစုစပ်လုပ်ငန်းများအပါအဝင် အကျိုးတူစီးပွားရေးလုပ်ငန်းများ တစ်စုံတစ်ရာ လုပ်ကိုင်ခဲ့ခြင်းများမရှိပါ။ ဒေါ်အေးအေးမြတ်၏ ပြုမူဆောင်ရွက်ချက်ကိစ္စများနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ဝါဝါမြတ်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ဒေါ်ဝါဝါမြတ်အားဂုဏ်သိက္ခာကျဆင်းစေရန် စွပ်စွဲပြောဆိုမှုများပေါ်ပေါက်လာပါက ကျွန်ုပ်တို့၏မိတ်ဆွေဒေါ်ဝါဝါမြတ်အနေဖြင့် တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးလှဝေ(စဉ်–၇၁၂၄)** | **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်–၈၇၉၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၅၁၄၄၄၀၁၊ ၀၉–၇၇၅၁၄၄၄၀၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပြည်ထောင်စုစိတ်ဓာတ်ဖြစ်တဲ့ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားတဲ့ သဘောထားခံယူချက်ကို မွေးမြူကြပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ရည်မှန်းချက်ထားကာ အမြန်ဆုံးတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားဖို့လိုကြောင်း ပြောကြားလိုတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၇) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ယနေ့** ဖတ်စရာ

### ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ မေလ ၁၂ ရက် ဖွင့်လှစ်မည်

စာမျက်နှာ » ၉

### လျှပ်စစ်အန္တရာယ် ကင်းဝေးစေချင်

စာမျက်နှာ » ၁၆

### ရသစုံလင်ပြုံးပျော်ရွှင်



စာမျက်နှာ » ၂၀၊၂၁

## မန္တလေးဗဟိုအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ၇၄ ဦးအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

မန္တလေး မေ ၁၇

ယနေ့ကျရောက်သည့် မြန်မာနှစ်သစ်မင်္ဂလာအခါသမယ၌ အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် အကျဉ်းကျခံနေရသော အကျဉ်းသား၊ အကျဉ်းသူ ၁၅၇၇ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ သတင်းထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးမြို့ရှိ မန္တလေးဗဟိုအကျဉ်းထောင်မှလည်း အကျဉ်းသား၊ အကျဉ်းသူ ၇၄ ဦးကို လွတ်ငြိမ်းသက်သာခွင့်ပြုလိုက်ကြောင်း သိရသည်။ စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ○



## ပီအက်စ်ဂျီအသင်းနဲ့ အင်တာမီလန်အသင်းတို့က စိတ်ဝင်စားနေတဲ့ တိုက်စစ်မှူးလူကာကူကို အသင်းမှထွက်ခွာခွင့်ပြုရန် ချယ်လ်ဆီးပြင်ဆင်

ချယ်လ်ဆီးအသင်း တိုက်စစ်မှူးလူကာကူကို အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းနဲ့ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းတို့က ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် ချယ်လ်ဆီးအသင်းဟာ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူထားတဲ့ လူကာကူကို ယခုနွေရာသီ အပြောင်းအရွှေ့ကာလအတွင်းမှာ အသင်းကနေ ထွက်ခွာခွင့်ပြုဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၅ သို့ ❃



## မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်း ခြေစမ်းပွဲကစားမည်

ရန်ကုန် မေ ၁၇

မြန်မာ့လက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းသည် မေ ၂၇ ရက်တွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း မလေးရှားဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာသည်။

ယင်းနှစ်သင်းသည် ဇွန်လတွင်ကျင်းပမည့် ၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအကြို ပြင်ဆင်မှုအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မလေးရှားနိုင်ငံ၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ မလေးရှားလက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲကစားမည်ဖြစ်ပြီး မြန်မာအသင်းနှင့် ခြေစမ်းပြီးနောက် ဇွန် ၁ ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲပြီးကတည်းက အသင်းဖွဲ့စည်းထားခြင်းမရှိဘဲ စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❐